# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၂၃)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )

[ကြာသပတေးနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၅၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၆၈.၈၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ပြည်ပခရီးစဉ်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ကျန်းမာရေး။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းလွင်၊ ကချင်(၉)၊ ကျန်းမာရေး။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကျန်းမာရေး။ ဦးမြအုန်း၊ ကချင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခမ်ဆွမ်းမုန်၊ ချင်း(၅)၊ ကျန်းမာရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ပြည်ပခရီးစဉ်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ၎င်းအတိုင်း။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်(၈)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးငွေရယ်၊ ကယား(၇)၊ ကျန်းမာရေး။ ဦးဆန်းရယ်၊ ကယား(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။

ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကျန်းမာရေး။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းနောင်၊ ရန်ကုန်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွှန့်၊ မကွေး(၄)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးပိုးရယ်အောင်သိန်း၊ ကယား(၆)၊ ၎င်းအတိုင်း။ ဦးစံပြည့်၊ ကချင်(၇)၊ ၎င်းအတိုင်း။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ၎င်းအတိုင်း။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၆၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် တိုးချဲ့ဖွဲ့စည်းသည့် အဖွဲ့ဝင်၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် ဦးမောင်မောင်ထူး

(ဗိုလ်မှူးကြီး၊ အငြိမ်းစား)အား အဖွဲ့ဝင်အဖြစ် တိုးချဲ့ဖွဲ့စည်းထားခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြထားပါတယ်။

အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေး နှင့် ဥပဒေရေးရာကော်မရှင်တွင် တိုးချဲ့ဖွဲ့စည်းထားသည့် အဖွဲ့ဝင်၏ အမည်စာရင်းကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်တွင် တိုးချဲ့ဖွဲ့စည်းထားသည့် အဖွဲ့ဝင်၏အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြောက်ဦးမြို့ မြို့ပတ်လမ်း၏ ကြက်ဈေးလမ်းဆုံမှ မြို့၏တောင်ဖက်အဆုံး အားကစားကွင်းအနီး လက်ဆည်ကန်မြို့ပတ်လမ်းအထိ ရှည်လျားစွာရှိနေသောလမ်းကို မြို့၏အဓိကလမ်းမကြီးတစ်ခုအဖြစ် သတ်မှတ်ကာ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဆင့် တိုးမြှင့်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် က မြောက်ဦးမြို့ မြို့ပတ်လမ်း၏ ကြက်ဈေးလမ်းဆုံမှ မြို့၏တောင်ဖက်အဆုံး အားကစားကွင်းအနီး လက်ဆည်ကန်မြို့ပတ်လမ်းအထိ ရှည်လျားစွာ ရှိနေသောလမ်းကို မြို့၏အဓိကလမ်းမကြီးတစ်ခု အဖြစ် သတ်မှတ်ကာ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဆင့် တိုးမြှင့်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်ဦးစွာပထမ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်

ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းထားတဲ့မေးခွန်းကတော့ မြောက်ဦးမြို့ မြို့ပတ်လမ်းရဲ့ ကြက်ဈေးလမ်းဆုံမှ မြို့၏တောင်ဖက်အဆုံး အားကစားကွင်းအနီး လက်ဆည်ကန်မြို့ပတ်လမ်းအထိ ရှည်လျားစွာ ရှိနေသော လမ်းကို မြို့၏အူကြောင်း လမ်းမကြီးတစ်ခုအဖြစ် သတ်မှတ်ပြီးတော့ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ် လမ်းအဖြစ် တိုးမြှင့်လုပ်ဆောင်ပေးပါရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။

ဒီမေးခွန်းမေးမြန်းရတဲ့ ဦးတည်ချက်ကတော့ ကျွန်တော်တို့ မြို့ပြဖွံ့ဖြိုးရေးအတွက် ဦးတည် ပြီးတော့ မေးထားတာ ဖြစ်ပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်တို့ မြောက်ဦးမြို့ဟာ ရခိုင်ပြည်နယ်ရဲ့ ဒုတိယအကြီးဆုံး မြို့တစ်မြို့ဆိုလည်း ဖြစ်ပါတယ်။ ယခုအခါမှာ ခရိုင်မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ မြို့ပြရဲ့လမ်းတွေဟာ စံနှုန်းနည်းနေတဲ့ ခရိုင်မြို့ပဲ ဖြစ်ပါတယ်။ မြောက်ဦးမြို့မှာ မြို့မဈေးကို ဗဟိုပြုပြီးတော့ တောင်နဲ့မြောက် သွယ်တန်းနေတဲ့ တောင်ရပ်လမ်းသစ် ဆိုတဲ့လမ်းမ ရှိပါတယ်။ အဲဒီ လမ်းဟာ လက်ရှိမှာ ဗဟိုအူကြောင်းလမ်းမ ဆိုပေမယ့်လည်း လမ်းကသိပ်အရှည် မဟုတ်ပါဘူး။ လမ်းလည်း ကျဉ်းပါတယ်။ အခုလက်ရှိ အခြေအနေမှာ ဒီလမ်းမကြီးမှာ ကားတွေ၊ သုံးဘီး၊ ဆိုင်ကယ်၊ ထရော်လာဂျီ၊ မြင်းလှည်း၊ ဆိုက်ကား၊ စက်ဘီး ဆိုသလို အသွားအလာလည်း များနေပါတယ်။

နံနက်ပိုင်းမှာဆိုလို့ရှိရင် ဈေးသွားဈေးလာ၊ လူသွားလူလာများပြီးတော့ ယာဉ်အသွားအလာ လည်း များတဲ့အတွက် လမ်းပိတ်ဆို့သွားတတ်တဲ့ အခြေအနေမျိုး ရှိတတ်ပါတယ်။ မတော်တဆ ယာဉ်တိုက်မှုများ ရှိလာနိုင်ပါတယ်။ ဒါကြောင့် အူကြောင်းလမ်းမကြီး နောက်တစ်ခု လိုအပ်လာတယ် ဆိုတာ ထင်ရှားနေပါတယ်။ မြို့ရဲ့တောင်နဲ့မြောက် အဆုံးအထိ သွားလာနိုင်ပြီးတော့ အူကြောင်းလမ်းမ အဖြစ် နောက်ထပ်အသုံးပြုနိုင်တဲ့ လမ်းကတော့ လျှပ်စစ်လမ်းဆုံမှ အားကစားကွင်းအထိ သွားလာ နိုင်တဲ့လမ်း ဖြစ်ပါတယ်။ ဒီလမ်းဟာဆိုလို့ရှိရင် အကွေ့အကောက်လည်း မရှိပါဘူး။ တစ်ဖြောင့်တည်း ဖြစ်ပါတယ်။ မြို့ရဲ့ အလယ်ဗဟိုလည်း ကျရောက်ပါတယ်။ လမ်းရဲ့အရှည်ဟာလည်း တစ်မိုင်ကျော်ခန့် ရှိပါတယ်။ လျှပ်စစ်လမ်းဆုံက ကွန်ကရစ်လမ်းဆုံအထိ ကတ္တရာလမ်းထပ်ပိုးလွှာ ခင်းပေးဖို့ လိုပါမယ်။ ကွန်ကရစ်လမ်းဆုံမှ အားကစားကွင်းအထိ (၆)ဖာလုံခန့်ရှိမယ့် မြေသားလမ်းကိုတော့ ကတ္တရာလမ်း ဒါမှမဟုတ်ရင်လည်း ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်လုပ်ဆောင်ပေးဖို့ လိုပါမယ်။ ဒီလမ်းရဲ့ လမ်းခုလပ်မှာ ရှိနေတဲ့ ချောင်းကူးတံတားကိုလည်း အမာခံဆောက်လုပ်နေတာ ပြီးစီးသလောက် ရှိနေပြီ ဖြစ်ပါတယ်။

ဒီလိုရှိပြီးသားလမ်းကို အဆင့်တိုးမြှင့်ပြီး ဗဟိုအူကြောင်းလမ်းသစ်တစ်ခု ဖော်ဆောင်ပေး လိုက်မယ်ဆိုရင် ပင်မဗဟိုလမ်းမရဲ့ ယာဉ်အသွားအလာရှုပ်ထွေးမှုကို လျော့နည်းသွားစေမှာ ဖြစ်ပါတယ်။ လမ်းလွှဲသဘောမျိုး ဖြစ်ပါမယ်။ မြို့ရဲ့လှပသာယာစည်ကားမှုကိုလည်း အထောက်အပံ့ ဖြစ်စေပါမယ်။ မြောက်ဦးမြို့ဟာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားတည်ရှိရာ မြို့ဖြစ်တဲ့အတွက်ကြောင့် ပြည်တွင်းပြည်ပ ခရီးသွားများလာရောက်ကြတဲ့အခါမှာ ဤဗဟိုအူကြောင်းလမ်းမသစ်ဟာ အသွားအလာ အတွက် များစွာအဆင်ပြေစေမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ခရိုင်မြို့တစ်မြို့ဆိုတဲ့ မြို့ရဲ့ကျက်သရေ အင်္ဂါရပ် များကိုလည်း ဖြည့်စွက်ပေးရာ ရောက်ပါမယ်။ အလျင်အမြန် အကောင်အထည်ဖော်ပေးဖို့ပဲ လိုပါတယ်။

ဒါကြောင့် မြောက်ဦးမြို့ မြို့ပတ်လမ်းရဲ့ ကြက်ဈေးလမ်းဆုံမှ အားကစားကွင်းသို့ သွားရာ လမ်းကို မြို့ရဲ့ဗဟိုအူကြောင်းလမ်းသစ်အဖြစ် သတ်မှတ်ပြီးတော့ ကတ္တရာလမ်း ဒါမှမဟုတ် ကွန်ကရစ်

လမ်းအဖြစ် တိုးမြှင့်လုပ်ဆောင်ပေးဖို့ အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မြို့ပြလူထုရဲ့ကိုယ်စား ကျွန်တော်က မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပုဏ္ဏားကျွန်းမြို့အတွက် လုံလောက်သော သောက်သုံးရေဖြန့်ဝေရေး အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် က ပုဏ္ဏားကျွန်းမြို့အတွက် လုံလောက်သော သောက်သုံးရေဖြန့်ဝေရေး အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ဟာ တစ်ဖက်မှာ တောင်တန်းတောင်စွယ်တွေရှိပြီးတော့ နောက်တစ်ဘက်မှာ မြစ်တို့၊ ချောင်းတို့ ဝိုင်းပတ်လျက်ရှိပါတယ်။

မိုးတွင်းဆိုရင် မိုးရေချိန်လက်မ (၂၀၀)ကျော်ရတဲ့အတွက် အပြင်ကိုသွားပြီးတော့ ရေခပ်စရာ မလိုပါဘူး။ ကိုယ့်အိမ် ခေါင်မိုးပေါ်ကနေပြီးတော့ ရေကိုရပါတယ်။ ဒါပေမဲ့ နွေနဲ့ဆောင်းမှာကျတော့ သိုလှောင်တဲ့ စနစ်ကောင်းကောင်းမရှိတဲ့အတွက် ကန်ကိုသွားပြီးတော့ ခပ်ရပါတယ်။ အရင်တုန်းကဆိုရင် လွန်ခဲ့တဲ့ နှစ်(၃၀)(၄၀)က ဆိုရင် အိမ်ခြေဦးရေက တစ်ထောင်ကျော်ပဲရှိပါတယ်။ အခုက ရန်ကုန်-စစ်တွေ ကားလမ်းပေါ်မှာရှိတဲ့ မြို့ဖြစ်တဲ့အတွက် တစ်ဖြည်းဖြည်းစည်ကားလာပြီးတော့ လူဦးရေလည်း တိုးလာပါတယ်။ အိမ်ခြေနှစ်ထောင်ကျော်လောက် ရှိနေပါတယ်။ ဆိုတော့ မြို့ထဲမှာရှိတဲ့ ရေကန်အသေးတွေနဲ့ မလုံလောက်ပါဘူး။ အဲဒီတည်ဆောက်တုန်းကဆိုရင် စည်ပင်သာယာအဖွဲ့လည်း မရှိသေးပါဘူး။ အခုကတော့ စည်ပင်သာယာအဖွဲ့လည်း ရှိပါတယ်။ အဲဒီကန်တွေ မလုံလောက်တဲ့အခါ မြို့အပြင်မှာရှိတဲ့ တောင်ကျလျှိုမြောင်တစ်ခုကို ပိတ်ပြီးတော့ ဂူဝကန်တော်ကြီးကို ဆည်ဖို့ထားပါတယ်။ အဲဒီကနေပြီးတော့ စည်ပင်က ရေပေးပါတယ်။ ဒါပေမဲ့ မြို့အိမ်ခြေရဲ့ (၅၀၀)လောက်ကိုပဲ ပေးနိုင်တဲ့အတွက် စုစုပေါင်း(၂၅) ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ ကျန်တဲ့ (၇၅)ရာခိုင်နှုန်းကို ရေပိုက်တွေ သွယ်ပြီးတော့ ရေပေါက်တွေ ဖောက်ပေးဖို့ လိုအပ်ပါတယ်။

ဒီနှစ်ဆိုရင် ရာသီဥတုပူပြင်းတဲ့အတွက် မြို့ထဲမှာရှိနေတဲ့ကန်တွေက အကုန်လုံးခမ်းခြောက်သွားပါတယ်။ အဲဒီ ဂူဝကန်တော်ကြီးတစ်ခုမှာပဲ နည်းနည်းလောက် ရေရှိပါတယ်။ ဆိုတော့ အဲဒါကလည်း (၃)နှစ်တစ်ခါ၊ (၄)နှစ်တစ်ခါ မကြာ မကြာ ဖြစ်ပါတယ်။ အဲဒါကြောင့် အဲဒီကန်တော်ကြီးကိုလည်း တူးဖို့ လိုအပ်ပါတယ်။ အဲဒီကန်တော်ကြီးကလည်း ၁၉၈၂ ခုနှစ်ကတည်းက လုပ်ဆောင်ထားတဲ့အတွက် အခုချိန်မှာဆိုရင် နုန်းတွေနဲ့ ဆည်ဖို့ပြီးတော့ တော်တော်ငယ်သွားပြီဖြစ်ပါတယ်။ အဲဒါကြောင့် မြို့လူထုက ဒီကန်တော်ကြီးကို ပြုပြင်ပြီးတော့ တစ်မြို့လုံးကို ရေပေးဖို့ ဆန္ဒရှိပါတယ်။

မြို့လူထုက အစည်းအဝေးမှာ အချက်(၃)ချက်ကို တင်ပြပါတယ်။ ဒီဂူဝကန်တော်ကြီးကို တူးဖော်ခြင်း၊ ချဲ့ထွင်ခြင်း။ ဂူဝကန်တော်ကြီးဟာ တောင်ကြားမှာရှိတဲ့ မြေပြန့်ကို တောင်မြေတွေနဲ့ ဖို့ထားတဲ့အတွက် အောက်ခြေကို လုံးဝမတူးရသေးပါဘူး။ အောက်ကိုတူးဖို့ဆိုရင် (၁၀)ပေလောက် အနက်တူးပြီးတော့ ရေပမာဏများများကြီး သိုလှောင်ထားနိုင်တဲ့အကြောင်းတွေ ရှိပါတယ်။

နောက်တစ်ချက်က ရေပိုက်များကို ပြောင်းလဲတပ်ဆင်ခြင်း။ လက်ရှိဂူဝကန်တော်ကြီးကနေ ပြီးတော့ ပုဏ္ဏားကျွန်းမြို့ထဲကို ရေသယ်တဲ့ပင်မပိုက်လိုင်းက (၆)လက်မပိုက်တွေ ဖြစ်ပါတယ်။ အဲဒါ ကလည်း (၄)ဖာလုံလောက်သွားပြီးတော့ မြို့ထဲကို ရောက်ပါတယ်။ မြို့ထဲရောက်တော့ မြို့ထဲမှာ ရှိနေတဲ့ ပိုက်တွေက (၄)လက်မ၊ (၃)လက်မ၊ (၂)လက်မ ပိုက်အသေးတွေဖြစ်တဲ့အတွက် ဒီရေက နေရာတိုင်းကို မရောက်နိုင်ပါဘူး။ အဲဒါကြောင့် အဲဒီ ပိုက်တွေကိုလည်း အကြီးနဲ့အစားထိုးဖို့၊ လဲပေးဖို့လိုအပ်ပါတယ်။ (၃)အချက်က ရေတင်စက်နှင့် ရေတွန်းစက်များ တပ်ဆင်ခြင်း။ ဂူဝကန်တော်ကြီးရဲ့အမြင့်ဟာ ပုဏ္ဏား ကျွန်းမြို့ရဲ့ (၁၅)ပေလောက်ပဲ မြင့်ပါတယ်။ ဆိုတော့ အခု ရေလွှတ်တဲ့စနစ်ကလည်း အဓိကစက်နဲ့ မောင်းတာမဟုတ်ဘဲနဲ့ Gravity Flow နဲ့ သူ့ဟာသူ တွက်ချက်တဲ့စနစ်ပါ။ မြို့ထဲမှာလည်း မြေအနိမ့် အမြင့်က မတူပါဘူး။ ဆိုတော့ နောက် လေတွေ၊ ဘာတွေ ခိုတာနဲ့ဆိုရင် ပိုက်တွေအနှံ့ကို အဲဒီရေတွေက မရောက်နိုင်ပါဘူး။ အဲဒါကြောင့်လည်း ကန်ထဲကရေကို အပေါ်တင်တဲ့ရေ တင်စက်တစ်လုံးနဲ့ မြို့ထဲကို ရေလွှဲတဲ့ နေရာမှာ ရေတင်စက်တစ်လုံး လိုအပ်နေပါတယ်။

အဲဒါကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမယ့် မေးခွန်းက ပုဏ္ဏားကျွန်းမြို့နယ်အတွက် လုံလောက်သော သောက်ရေ၊ သုံးရေ ဖြန့်ဖြူးပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ကို သိလိုတာဆိုတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့မှာရှိတဲ့ မြို့ပတ်လမ်း ကြက်ဈေးလမ်းဆုံမှ ကုန်သည်တန်းတံတား မြောက်ဘက်ထိပ်ထိလမ်းသည် ဦးဥတ္တမလမ်း ဖြစ်ပါတယ်။ အဆိုပါလမ်းမှာ ပေ(၆၅၀၀) ရှည်ပြီးတော့ လမ်းသတ်မှတ်အူကြောင်းရှိပြီးတော့ ဖြစ်တဲ့အတွက်ကြောင့် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှာ ရခိုင်

ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကွန်ကရစ်ခင်းခြင်း (၆၀၀၀ ပေ x ၂၄ ပေ x ၈ လက်မ) ခွင့်ပြုငွေ ကျပ်သန်း(၄၀၀)ဆောင်ရွက်ရန် လျာထားထည့်သွင်းရေးဆွဲထားပါတယ်။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့မှာရှိတဲ့ မြို့ပတ်လမ်း ကြက်ဈေးလမ်းဆုံမှနေပြီးတော့ ကုန်သည်တန်းတံတား တောင်ဘက်ထိပ်မှ အားကစားကွင်းအရှေ့အထိ လမ်းအရှည်ဟာ အကျယ်အားဖြင့် (၁၅၀၀ ပေ x ၁၀ ပေ)ခန့်သာ ရှိပြီးတော့ လက်ရှိမှာ သတ်မှတ်အတိုင်းအတာ ပြည့်မီတဲ့လမ်းကြောင်း မရှိသေးဘူး ဖြစ်ပါတယ်။ လမ်းမကြီးဖြစ်အောင် ဆောင်ရွက်မည် ဆိုပါက လမ်းတစ်ဖက်တစ်ချက်မှာရှိတဲ့ လူနေအိမ်ခြေ(၃၀)၊ ခြံပိုင်ရှင်များနှင့် သဘောတူညီမှုရရှိရန် ဒေသအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ အထောက်အကူပြုကော်မတီများ၊ ရပ်ကွက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းပြီးတော့ သဘောတူဆုံးဖြတ်ချက်ရရှိပြီးမှသာ သတ်မှတ်လမ်းဖြစ်အောင် ချဲ့ထွင်ဆောင်ရွက်ပေးနိုင်ရေးအတွက်ကို ဘဏ္ဍာရေးနှစ်အလိုက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ၊ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေတို့တွင် ထည့်သွင်းလျာထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် မေးမြန်းခဲ့တဲ့မေးခွန်းနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့မှာ မြို့ပေါ်ရပ်ကွက်(၄) ရပ်ကွက်ရှိပြီး အိမ်ခြေ(၂၁၄၇)အိမ်၊ လူဦးရေ(၁၀၆၄၇) ဦးရှိပါတယ်။ လူတစ်ဦးဟာ တစ်နေ့ရေဂါလန်(၂၀)နှုန်းနဲ့ ရေပေးဝေရန် တွက်ချက်လို့ရှိရင် ရက်ပေါင်း(၂၄၀)အတွက် ရေဂါလန်သန်း (၅၁.၁၀)သန်း ပေးဝေရမှာ ဖြစ်ပါတယ်။ လက်ရှိပုဏ္ဏားကျွန်းမြို့ကို ရေပေးဝေလျက်ရှိတဲ့ ဂူဝ ရေလှောင်ကန်မှာ မြို့နဲ့ (၁)မိုင် (၁)ဖာလုံခန့်အကွာမှာ တည်ရှိပြီးတော့ ရေဂါလန်(၉၅)သန်း သိုလှောင်နိုင်ပါတယ်။ ဂူဝရေလှောင်ကန်မှ မြို့တွင်းကို ရေတွန်းစက် 50 Horse Power Engine နဲ့ ရေတွန်းပြီးတော့ ရေဖြန့်ပေးလျက် ရှိပါတယ်။ မြို့ပေါ်ရပ်ကွက် (၄)ရပ်ကွက် ရှိတဲ့အတွက်ကြောင့် စံပြရပ်ကွက်နဲ့ ကျန်(၃)ရပ်ကွက်ဖြစ်တဲ့ ရွာဟောင်း ရပ်ကွက်၊ မြို့သစ်ရပ်ကွက်၊ အလယ်စုရပ်ကွက်များသို့ တစ်ရက်ခြားစနစ်နဲ့ ရေဖြန့်ဝေပေးလျက်ရှိပါတယ်။ မြို့ပေါ်ရပ်ကွက်များကို ဂူဝဆည်မှ (၈)လက်မ PVC (၇၅၀)ပေ၊ (၆)လက်မ PVC (၈၀၈၀)ပေ၊ (၄)လက်မ (၂၆၀၀)ပေနဲ့ (၂)လက်မ PVC (၇၀၀၀)ပေ သွယ်တန်းပြီးတော့ အများသုံး အုတ်ရေကန်(၁၀)ကန် အိမ်သွယ်ရေတိုင်(၅၁၇)တိုင်တို့ တစ်နေ့လျှင် ရေဂါလန်(၁.၅)သန်းခန့် ဖြန့်ဝေပေးလျက်ရှိတဲ့အတွက် ကြောင့် မြို့ပေါ်ရပ်ကွက်များကို ရေဖြန့်ဝေပေးမှု ရာခိုင်နှုန်းဟာ စည်ပင်သာယာရေးအဖွဲ့အနေနဲ့ (၇၀)ရာခိုင်နှုန်း လွှမ်းခြုံမှု ရှိပါတယ်။

မြို့ပေါ်ရပ်ကွက်များကို ရာနှုန်းပြည့် ရေလွှမ်းခြုံမှုရှိစေရန် အဖွဲ့ရဲ့ဝင်ငွေအပေါ် မူတည်ပြီးတော့ ဘဏ္ဍာရေးနှစ်အလိုက် မြို့ရေပေးရေးလုပ်ငန်းကို လျာထားဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှာ 60 Horse Power Engine တစ်လုံး ဝယ်ယူခြင်း ခန့်မှန်းကုန်ကျငွေ (၃.၀)သန်းနဲ့ မြို့ပတ်လမ်းမှာ (၄)လက်မ PVC ပိုက်တိုးချဲ့သွယ်တန်းခြင်း ခန့်မှန်းကုန်ကျငွေ (၁.၈)သန်း လုပ်ငန်းဆောင်ရွက်ရန် လျာထားရေးဆွဲထားပါတယ်။ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်အတွက် လိုအပ်တဲ့ ရေကောင်းရေသန့်များ ရရှိရန် စစ်တွေ-ပုဏ္ဏားကျွန်း ကားလမ်းအနီးမှာရှိတဲ့ တောင်တန်းနှစ်ခု ကြားမှာရှိတဲ့ အထက်နဲ့အောက်နှစ်နေရာ တမံပိတ်ဆို့ပြီးတော့ တောင်းရင်းရေလှောင်တမံ တည်ဆောက်ရန် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၁၆၀၀)နဲ့ လက်ဝဲစာတိုက်ကျေးရွာအနီး စမ္ပဒီချောင်းအတိုင်း အထက်ဘက် (၆)မိုင်ခန့်အကွာ ခမီးကြိမ်ချောင်းကျေးရွာအနီးမှာ ရေဆင်းဧရိယာ(၆)စတုရန်းမိုင်၊ တမံ

အလျား(၈၀၀)ပေခန့်နဲ့ တမံအမြင့် (၇၀)ပေခန့်ရှိတဲ့ ခမီးကြိမ်ချောင်းရေလှောင်တမံ တည်ဆောက်နိုင်ရန် ခန့်မှန်းကုန်ကျငွေကျပ်သန်း (၁၈၄၀)ကို တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို တင်ပြထားရှိပါကြောင်းနဲ့ အဆိုပါ ရေလှောင်တမံများမှ ရေများ ရရှိပါက မြို့ပေါ်ရပ်ကွက်များနဲ့ ကျေးရွာလူထုများရဲ့ သောက်သုံးရေများကိုလည်း လုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဟားခါး-မတူပီလမ်းမပေါ် ကျေးရွာ (၂၀)ရွာရှိ ပြည်သူများ MRTV ရုပ်သံအစီအစဉ် ကြည့်ရှုနားထောင်ခွင့် ရရှိရေးအတွက် လိုအပ်သည့် စက်ကိရိယာများနှင့် အဆောက်အအုံများအား နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်က ဟားခါး-မတူပီလမ်းမပေါ် ကျေးရွာ(၂၀)ရွာရှိ ပြည်သူများ MRTV ရုပ်သံအစီအစဉ် ကြည့်ရှုနားထောင်ခွင့် ရရှိရေးအတွက် လိုအပ်သည့် စက်ကိရိယာများနှင့် အဆောက်အအုံများအား နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်း ဟားခါး-မတူပီလမ်းမပေါ် ကျေးရွာ(၂၀)ရွာရှိ ပြည်သူများ MRTV ရုပ်သံအစီအစဉ် ကြည့်ရှုနားထောင်ခွင့် ရရှိရေးအတွက် လိုအပ်တဲ့ စက်ကိရိယာနဲ့ အဆောက်အအုံများအား နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ကို ကျွန်တော် မေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဟားခါးမြို့နယ် ဟားခါး-မတူပီလမ်းမပေါ်မှာရှိနေတဲ့ ပူးတွဲထားတဲ့ ကျေးရွာ(၂၀)ရွာ၊ အိမ်ခြေ(၁၈၆၀)ခန့်သည် ဟားခါးမြို့မှ အနီးဆုံးမိုင်(၂၂)မိုင်ကနေ အဝေးဆုံးမိုင်(၆၀)ခန့်မှာရှိနေတဲ့ ကျေးရွာများ ဖြစ်ကြပါတယ်။ နိုင်ငံတော်မှ ထုတ်လွှင့်ပေးသော MRTV ရုပ်သံအစီအစဉ်များကို လုံးဝကြည့်ရှုနားထောင်နိုင်ခြင်း မရှိကြောင်းကို လွှတ်တော်အတွေ့အကြုံ ရှင်းလင်းတဲ့အခါမှာ သက်ဆိုင်ရာ ကျေးရွာပြည်သူလူထုများက တင်ပြလာတာကို ကြားသိရပါတယ်။

အဆိုပါ ကျေးရွာများမှ ပြည်သူလူထုများ MRTV ရုပ်သံအစီအစဉ်များအား ကြည့်ရှုနားထောင်ခွင့်ရရှိရေးအတွက် ချင်းပြည်နယ်အစိုးရအနေနဲ့သော်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့သော်လည်းကောင်း စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်း သိရှိရခြင်း မရှိပါ။ လက်ရှိအစိုးရလက်ထက်၌ မြို့နဲ့ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍဟာချက် နည်းနိုင်သမျှ နည်းပါးအောင်အားသွန်ခွန်စိုက် ဆောင်ရွက်နေတဲ့အချိန် ဖြစ်တဲ့အားလျော်စွာ နိုင်ငံတော်မှ ဆောင်ရွက်ပေးရန်အတွက် ဒေသခံ ကျေးရွာများရှိ ပြည်သူလူထုများမှ လိုလားလျက်ရှိကြပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ကျွန်တော် မေးသွားမှာ ဖြစ်ပါတယ်။ (က) ပူးတွဲပါ တင်ပြထားတဲ့ ကျေးရွာ(၂၀)ရွာ ပြည်သူများ MRTV ရုပ်သံအစီအစဉ်များကို ကြည့်ရှုနားထောင်ခွင့် ရရှိရေးအတွက် လိုအပ်သည့် စက်ကိရိယာများနှင့် အဆောက်အအုံများအား နိုင်ငံတော်မှ ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ၊ (ခ) ဆောင်ရွက်ပေးရန် အစီအစဉ် ရှိပါက ဆောင်ရွက်ပေးမည့် အချိန်ကာလ၊ (ဂ) ဆောင်ရွက်ပေးရန် အစီအစဉ် မရှိပါကလည်း မည်သည့်အကြောင်းကြောင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်သူလူထုများကိုယ်စား သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဦးပိုက်ထွေး (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ရဲ့ မေးခွန်းကို ဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ဟားခါး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံက မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား အစီအစဉ်များကို ၁၉၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှ စတင်ပြီး လွှင့်အား(၁၀၀)၊ လှိုင်းနှုန်း(၈)နဲ့ ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ အဆိုပါ ထုတ်လွှင့်မှုကို ဟားခါးမြို့ပေါ် (၆)ရပ်ကွက်နဲ့ ကျေးရွာ(၃၀)ရှိ လူဦးရေ(၃၀၆၀၁)ဦးမှ ဖမ်းယူရရှိပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ရုပ်မြင် သံကြားအစီအစဉ်များ ကြည့်ရှုနားထောင်နိုင်ခြင်း မရှိတဲ့ ကျေးရွာများမှာ မြေပြင်ကွင်းဆင်းတိုင်းတာ လေ့လာမှုများအရ တောတောင်အတားအဆီးများရှိခြင်း၊ အနိမ့်ပိုင်းချိုင့်ဝှမ်းများတွင် တည်ရှိခြင်းနဲ့ စက်ရုံ တည်နေရာဒေသနှင့် အလှမ်းကွာဝေးခြင်းတို့ကြောင့် လွှင့်အား ကောင်းမွန်စွာ မရောက်ရှိနိုင်သဖြင့် ဖမ်းယူမရရှိခြင်း ဖြစ်ပါတယ်။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား ထုတ်လွှင့်တဲ့စနစ်ဟာ မြေပြင်အခြေစိုက် Terrestrial ဖြစ်တာကြောင့် အဆိုပါရွာများမှ ဖမ်းယူရရှိရေး ဆောင်ရွက်မည်ဆိုပါက ငွေကြေး အကုန်အကျများပြီး ထိရောက်မှု နည်းပါးပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်အတွင်းမှာ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံပေါင်း(၁၁)ရုံနဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ၎င်းစက်ရုံတွေကတော့ ကနေဒီ၊ ဟားခါး၊ ဖလမ်း၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ပလက်ဝ၊ ထန်တလန်၊ ရိခေါဒါရ်၊ ရေဇွာ၊ ကျီးခါး စက်ရုံတို့ဖြစ်ပြီး ၎င်းစက်ရုံများမှ ချင်းပြည်နယ်ရှိ တီးတိန်၊ ဟားခါး၊ ဖလမ်း၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ထန်တလန်နဲ့ ပလက်ဝမြို့နယ်များရှိ လူဦးရေ (၄၈၄၀၆၃)ဦးကျော်ကနေပြီးတော့

ဖမ်းယူရရှိလျက်ရှိပါတယ်။ ဟားခါးမြို့နယ်မှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များကို ယခုထက် အရုပ်/အသံ ပိုမိုကြည်လင်ကောင်းမွန်ပြီး ရုပ်သံလိုင်းများ ပိုမိုများပြားစွာ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ တင်ပြပါ ဘဏ္ဍာရေးနှစ်မှာ DVB-T 2 (300 W) Digital ရုပ်သံလွှင့်စက် တပ်ဆင်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ယင်း စက်ရဲ့လွှင့်အား ပျံ့နှံ့မှုဟာ(၁၀)မိုင်ကျော် ပတ်လည်ဖြစ်ပြီး စက်တပ်ဆင်ပြီးပါက ဟားခါးမြို့ပေါ် (၆)ရပ်ကွက်နဲ့ ကျေးရွာ(၃၀)ရွာရှိ လူဦးရေ(၃၀၆၁၀)အပြင် အချို့နေရာများမှာ လွှင့်အားပျံ့နှံ့မှု အရိပ်ကျဧရိယာ လွတ်ကင်းမှုတို့အပေါ် မူတည်ပြီး ပိုမိုဖမ်းယူကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ သို့သော် (300 W) လွှင့်အားရှိ DVB-T 2 Digital ရုပ်သံလွှင့်စက်ကို ဟားခါးမြို့မှာ တပ်ဆင်ပြီးသော်လည်း တောတောင်အတားအဆီးများ၊ အရိပ်ကျဧရိယာများ အတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ ကျေးရွာများမှာ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်မှု မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

သို့ရာတွင် ၎င်းကျေးရွာများအားလုံး ရေဒီယိုထုတ်လွှင့်မှုကို အသံပိုမိုကြည်လင်စွာ ဖမ်းယူနိုင်ရန်အတွက် 50 KW လှိုင်းတို လွှင့်စက်အသစ်တစ်လုံးကို ယခု ဘဏ္ဍာရေးနှစ်မှာ ဝယ်ယူတပ်ဆင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ ၎င်းအပြင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ချင်းပြည်နယ်၊ ဟားခါးမြို့မှာ FM (300 W) ရေဒီယိုလွှင့်စက် တိုးချဲ့တပ်ဆင်ပေးသွားမှာဖြစ်ပြီး အဆိုပါဒေသရှိ ပြည်သူများအနေနဲ့ သတင်းအချက်အလက်နဲ့ ဖျော်ဖြေရေး အစီအစဉ်များကို ယခုထက် ပိုမိုကောင်းမွန်စွာ ဖမ်းယူနားဆင်နိုင်တော့မှာ ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဘုရင့်နောင်မင်းတရားကြီး အောင်မြေနှင့် အရိုးအိုးစေတီတော်ကို နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်းက ဘုရင့်နောင်မင်းတရားကြီး အောင်မြေနှင့် အရိုးအိုးစေတီတော်ကို နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်ရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ ကိုယ်စားလှယ်များ ကော်မရှင်အဖွဲ့ဝင်များ အားလုံး စိတ္တသုခ၊ ကာယသုခ၊ သုခအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘုရင့်နောင်မင်းတရားကြီး အောင်မြေနှင့် အရိုးအိုးစေတီတော်ကို နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်ရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ Slide များနဲ့ ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဘုရင့်နောင်မင်းတရားကြီး ဆိုတာကတော့ ဒုတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့တဲ့ ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင် မင်းတရားကြီးကို ဆိုလိုတာ ဖြစ်ပါတယ်။ လူရယ်လို့ လူ့ဘောင်မှာဖြစ်လာခဲ့ရင် မမေ့အပ်တဲ့ အရုပ်သုံးပါး ရှိပါတယ်။ မိမိရဲ့ မွေးရပ်ဇာတိမြေ၊ မိမိပညာသင်ကြားရာအရပ်နဲ့ မိမိစီးပွား

ဖြစ်ထွန်းအောင်မြင်ရာ အရပ်တို့ ဖြစ်ပါတယ်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူများအတွက်ကတော့ ဖွားရာရပ်မြေ ရန်အောင်ချိန်ခါ ဘိသေကာဖြင့် ခံရာအရပ် မမေ့အပ်ဆိုတဲ့ ဆိုစကား ရှိပါတယ်။ ဒီ ဘိသိက်ခံရာဌာနဖြစ်တဲ့ ကမ္ဘောဇသာဒီနန်းတော်ကြီး ကိုတော့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်မှာ ဆောက်လုပ်ခဲ့တဲ့အတွက် မြေနန်းပြသာဒ်တော်နဲ့ ဆက်တော်ဆောင်များဟာ အများပြည်သူ လေ့လာစရာ အထိမ်းအမှတ်များအဖြစ် တည်ရှိနေပြီ ဖြစ်ပါတယ်။ အောင်မြေနေရာကတော့ ပဲခူးမြို့ ညောင်ဝိုင်းရပ် မဟာဟံသဇိနမုနိ သွန်းတော်မူဘုရားကြီး နေရာဖြစ်ပါတယ်။ သက္ကရာဇ် ၉၉၅ ခုနှစ်မှာ သာလွန်မင်းတရားကြီးသည် ဘုရင့်နောင်မင်းတရားကြီး နေပြည်တော် ဟံသာဝတီ အနောက်မြောက်ယွန်း အောင်မြေအရပ်၌ အလွန်သာယာ ကြီးကျယ်စွာသော မင်္ဂလာနန်းတော်ကို ဆောက်စေ၍ ဘိသိက်ခံတော်မူသည် ဟူသော မှန်နန်းရာဇဝင် အဆို ရှိပါတယ်။ လက်ယာအနော်ရထာနဲ့ ပုရောဟိတ်ပုဏ္ဏားတို့ဟာ သိန္ဓိတံခါးနဲ့ ပဲခူးချောင်းကြားမှာ ဘုရင့်နောင်မင်းတရားကြီး အောင်မြေနဲ့ အောင်မြင်အလယ်မှာ ကုသိုလ်တော် ဆက်တော်ရာတစ်ဆူရှိကြောင်း အောင်မြေကို နင်းရန်သင့်ကြောင်း လျှောက်ကြတယ် ဆိုတဲ့ သက္ကရာဇ် ၁၁၈၁ ခုနှစ် ရေး လက်ဝဲအနော်ရထာ မှတ်တမ်းများအရ ယခုအခါ သွန်းတော်မူဘုရားကြီး တည်ရာအရပ်ဟာ အောင်မြေဖြစ်ကြောင်း အထောက်အထားများ ရှိပါတယ်။

ကျွန်တော်တို့ ဥက္ကဋ္ဌကြီး ပြည်ထောင်စုလွှတ်တော် နာယကကြီး ဘဝမှာလည်း လာရောက်ဖူးမြော်သွားတဲ့ မှတ်တမ်းများလည်း ရှိပါတယ်။ ဒီဘုရင့်နောင်မင်းတရားကြီးနဲ့ပတ်သက်လို့ ကျွန်တော်တို့ အိမ်နီးချင်းထိုင်းနိုင်ငံ NTC မှာဆိုရင် သူတို့အခေါ် ဘုရင့်နောင်ရဲ့ တေးသီချင်းတွေကလည်း အပုဒ်ရေ (၃၀)လောက် ရှိတယ်လို့ သိရှိရပါတယ်။ အခု ဖော်ပြခဲ့တဲ့ ဘိသိက်ခံတဲ့ သာလွန်မင်းတရားကြီး ဆိုတာကလည်း ဒုတိယအင်းဝမှာ နန်းစံပြီးတော့ ဘုရင့်နောင်ဘုရားကြီးရဲ့ မြေးတော်စပ်သူတစ်ဦး ဖြစ်ပါတယ်။ ဘုရင့်နောင်မင်းတရားကြီးသားတော် ညောင်ရမ်းမြို့စား မောင်သစ္စာ ရဲ့ သားတော်တစ်ဦး ဖြစ်ပါတယ်။ သူ့ရဲ့ မိခင်ဟာ ကျေးတောသူတစ်ဦးဖြစ်ပြီးတော့ ဒီသားတော် ပဋိသန္ဓေရှိတဲ့အချိန်မှာ မင်းတရားကြီးက မိမိရဲ့ သားမဟုတ်ကြောင်းကို ငြင်းဆိုခဲ့ပါတယ်။ ဒီအခါမှာဘုရင်ကို တရားစွဲ ခဲ့ပါတယ်။ ကျွန်တော်တို့ ရှေးတုန်းကတော့ ရေတရားစီရင်ခန်း၊ မီးတရားစီရင်ခန်း ဆိုပြီး တရားစီရင်ရေးကဏ္ဍတွေ ရှိခဲ့ပါတယ်။ သို့သော်လည်း တရားဆိုင်ရတဲ့သူက ရှင်ဘုရင် ဖြစ်ပါတယ်။ သာမန်လူ ဆိုရင်တော့ နှာခေါင်းဖော်ရုံလေး ရေမှာ နှစ်ရပေမယ့် ဒီ ဘုရင်အတွက်ကတော့ သစ္စာအဓိဋ္ဌာန်ပြုပြီးတော့ ရေဖလားထဲမှာ ခြေမမြှုပ်ရုံလေးပဲ နှစ်ခဲ့ရပါတယ်။ အဲဒီအခါမှာ ဘုရင့်နောင်မင်း တရားကြီးရဲ့ခြေမဟာ မခံမရပ်နိုင်လောက်အောင် ကိုက်လာပါတယ်။ ဒါကြောင့် သူ့ရဲ့သားဖြစ်ကြောင်း ဝန်ခံခဲ့ရပြီးတော့ ဒီသားတော်ကို ငယ်မည် မောင်သစ္စာ အမည်ပေးပြီးတော့ ညောင်ရမ်းမြို့စား ပေးခဲ့ပါတယ်။ အဲဒီညောင်ရမ်းဆက်တွေက အင်းဝမှာ ညောင်ရမ်းမင်းဆက်ကို တည်ထောင်လာခဲ့ကြတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြီးခဲ့တဲ့ (၆၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားနေ့မှာ ဥက္ကဋ္ဌကြီးက နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း မွေးဖွားရာဇာတိကို သွားရောက်ခဲ့ပါတယ်။ အဲဒီနေ့မှာ ဥက္ကဋ္ဌကြီးက ပြောကြားတဲ့အခါမှာ နတ်မောက်မြို့မှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်း ရဲ့ အိမ်က ဘဝရဲ့အစ နိဒါန်းဖြစ်သလို ရန်ကုန်မြို့ အာဇာနည်ဗိမာန်ဟာ ဘဝရဲ့နိဂုံး ဖြစ်တယ်ဆိုတဲ့ စကားကို မှတ်သားမိပါတယ်။ ဒီစကားကို ကြားသိခဲ့ရကတည်းက ဘုရင့်နောင်မင်းတရားကြီးရဲ့ အရိုးအိုးစေတီအကြောင်းကို တင်ပြချင်စိတ်များ ဖြစ်ပေါ်လာပါတယ်။ အခု ပြထားတဲ့ပုံကတော့ ကျွန်တော် တင်ပြတဲ့ အရိုးအိုးစေတီနေရာ ဖြစ်ပါတယ်။ သို့သော်လည်း ဖတ်ဖူးတဲ့စာအုပ်တွေက ရုတ်တရက် ရှာဖွေ၍မရ

ဖြစ်လာပါတယ်။ ဒီအခက်အခဲတွေကိုလည်း အမျိုးသားလွှတ်တော်ရုံး သုတေသန၊ ပြည်သူ့ဆက်ဆံရေးနဲ့ နိုင်ငံတကာဆက်ဆံရေးဌာနကြီး လွှတ်တော်ကိုယ်စားလှယ်များအတွက် သတင်းအချက်အလက်နဲ့ ရုံးလုပ်ငန်းအဖွဲ့ရဲ့ အကူအညီနဲ့ ယခု မေးခွန်းများကို မေးမြန်းနိုင်ခြင်းဖြစ်ကြောင်း ကျေးဇူးတင်စွာနဲ့ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အရှေ့ရှေ့နံ့သာလို့ ယခု ခေါ်နေတဲ့ ဘုရားဟာ ဒါ အရိုးအိုးစေတီ ဖြစ်ပါတယ်။ ဒုတိယမြန်မာနိုင်ငံတော်နှင့် ဒုတိယဟံသာဝတီနေပြည်တော်ကြီးကို ဖန်တီးခဲ့တဲ့ ဘုရင့်နောင် မင်းတရားကြီးရဲ့ အရိုးအိုးစေတီ ဖြစ်ပါတယ်။ တောင်ငူဘုရင် မင်းရဲသီဟသူ ၏ သားတော် ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးသည် ၈၇၇ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ဖွားမြင်သည်။ ၈၉၂ ခုနှစ်တွင် ကျော်ထင်နော်ရထာ ဘွဲ့ခံသည်။ ၉၁၁ ခုနှစ် ကေတုမတီမှာ နန်းရသည်။ ၉၁၃ ခုနှစ် ဟံသာဝတီတွင် နန်းရသည်။ ၉၂၉ ခုနှစ် တန်ခူးလပြည့်ကျော် ၄ ရက် (တနင်္လာနေ့)တွင် သီရိတြိဘဝနာဒိတျာပဝရ ပဏ္ဍိတသုဓမ္မရာဇာမဟာ ဓိပတိ ဘွဲ့ခံသည်။ သက္ကရာဇ် ၉၄၃ ခု တန်ဆောင်မုန်းလပြည့် (အင်္ဂါနေ့) ချက်တပြုတ် နတ်ပြည်စံသည် ဟူသော သမိုင်းတော်ကျောက်စာကို ပထမရွှေနံ့သာ ဆရာတော်ဘုရားကြီး ဦးမြိုက် ဆိုသူက တပ်ဆင်ခဲ့ဖူးပါတယ်။ လက်ဝဲအနော်ရထာ မှတ်တမ်းမှာလည်း တောင်ငူတံခါး အရှေ့ပြင် ရှေးတုန်းကတော့ ဒီကျောင်းကို နန္ဒာဝန်ချောင်းလို့ ခေါ်ပါတယ်။ နန္ဒာဝံကျောင်း အတွင်း၌ရှိသော ဘေးတော်ကြီး အရိုးအိုးစေတီကိုလည်း ပန်းဆီးမီးများဖြင့် ပူဇော်သည်။ အရိုးအိုးစေတီ ပုံသည် အုတ်ခုံအထက် ဘုံသုံးဆင့်တွင် လေးထောင့်တိုက် တည်ထားလျက် စေတီငယ် တည်ထားသည်ကို မင်းတရားကြီး မြင်တော်မူတဲ့အခါမှာ ပင်းယငါးစီးရှင်ရဲ့ အရိုးအိုးပုံနဲ့ ပုံတူကြောင်း မှတ်တော်မူသည်ကို တွေ့ရတယ်လို့ ဖော်ပြထားပါတယ်။

ကျွန်တော်တို့ နိုင်ငံခြားသားများ ရေးတဲ့စာတွေမှာ ဘုရင့်နောင်ဟာ တိုက်ခိုက်ရင်းနဲ့ နတ်ပြည်စံတယ်။ သူရဲ့အရိုးအိုးဂူပြာဟာ ကျွန်တော်တို့ ထိုင်း-မြန်မာနယ်စပ် ရွှေတြိဂံနယ်စပ်မှာရှိတယ်လို့ ဖော်ပြတဲ့ စာတွေလည်း ရှိပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ မှန်နန်းရာဇဝင်တော်ကြီးကအတိုင်းပဲ အယုဒ္ဓယကို စစ်ချီဖို့ ပြင်ဆင်ချိန်မှာပဲ ချက်တပြုတ် နတ်ပြည်စံတယ် ဆိုတဲ့ မှန်နန်းရာဇဝင် အဆိုကိုပဲ အတည်ယူရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကိစ္စရပ်ဟာ ကျွန်တော်တို့ လူမျိုးတစ်မျိုးရဲ့ ထုံးတမ်းစဉ်လာ၊ အစိုးရ တစ်ရပ်ရဲ့ အစီအမံတွေကိုပါ ထည့်သွင်းစဉ်းစားရမယ်လို့ ယူဆပါတယ်။ ပုံမှာ တင်ပြထားခဲ့တဲ့ စောစောက အလောင်းမင်းတရားကြီးရဲ့ အုတ်ဂူ ဖြစ်ပါတယ်။ အလောင်းမင်းတရားကြီးဟာ အယုဒ္ဓယ ကနေ စစ်ပြန် လာတဲ့အခါမှာ မတမကျေးကင်းရွာမှာ နတ်ပြည်စံတယ်လို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာခင်ရွှေ ရဲ့ မိခင်ရွာ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ပေါင်မြို့နယ် မင်းရွာမှာ လို့လည်း သိရပါတယ်။ သို့သော်လည်း အလောင်းတော်ကို အဲဒီခေတ်က ပျားရည်နဲ့ စိမ်ပါတယ်။ ခေါင်းတော်ကို ပျားဖယောင်းတွေနဲ့ မွမ်းမံစီမံပြီးတော့ ရတနာသိမ်အရောက် ကျွန်တော်တို့ ဆောင်ယူပြီးတော့ မြောက်တံခါးကနေ သွင်းပြီးတော့ ရွှေနန်းတော် အရှေ့မြောက် ထောင့်မှာ သဂြိုလ်ထားတဲ့ပုံက စောစောက ရှေ့ကပုံ ဖြစ်ပါတယ်။ ဒီအစဉ်အလာ တွေကိုပဲ သတိပြုရမှာ ဖြစ်တဲ့အတွက် ပဲခူးမြို့မှာပဲ နတ်ပြည်စံတယ်။ သူ့ရဲ့ အရိုးဂူကလည်း ပဲခူးမြို့မှာ ရှိတယ်ဆိုတဲ့ အယူအဆကို တင်ပြခြင်း ဖြစ်ပါတယ်။

စောစောက ကျွန်တော် တင်ပြခဲ့တဲ့ ဒါကတော့ စစ်ကိုင်းမင်း ဘကြီးတော်ရဲ့ အုတ်နန်းပြသာဒ် ဖြစ်ပါတယ်။ ဒါကတော့ သာယာဝတီမင်းရဲ့ သမိုင်းတော်ဟောင်းနေရာ ဖြစ်ပါတယ်။ ဒါကတော့

သာယာဝတီမင်းရဲ့ မိဖုရားခေါင်ကြီးရဲ့ သင်္ချိုင်းပြသာဒ်ပါ။ ဒါကတော့ အထိမ်းအမှတ် သင်္ချိုင်းဂူပါ။ ဒါကတော့ မင်းတုန်းမင်း တရားကြီးရဲ့ အုတ်နန်းပြဿာဒ်ပါ။ အခု မန္တလေးမှာ ရှိပါတယ်။ ပျက်စီးယိုယွင်းနေလို့လည်း ယဉ်ကျေးမှုဝန်ကြီးဌာနက သိန်း(၁၄၀)နဲ့မကြာခင် ပြင်ဆင်မယ်လို့လည်း သိရပါတယ်။ ဒါကတော့ မင်းတုန်းမင်း ရဲ့ မိဖုရားခေါင်ကြီး စကြာဒေဝီရဲ့ အုတ်နန်းပြသာဒ် ဖြစ်ပါတယ်။ ဒီမိဖုရားခေါင်ကြီး နတ်ရွာစံကတည်းကစပြီးတော့ အလောင်းများကို ကျွန်တော်တို့ ရှေးခေတ်ကတော့ မီးသဂြိုလ်ပါတယ်။ ဒါပေမဲ့ ဒီ မိဖုရားကြီးကနေစပြီး နောက်ဂူတွေက ကျွန်တော်တို့ အလောင်းတော်ကို မီးသဂြိုလ်ဟန် လုပ်ပြီးတော့ ထင်းတုံးတွေ ထည့်ထားတယ်။ ဖိုကျည်ထိုးတဲ့ပုံစံ လုပ်ပြီးတော့ နောက်ပိုင်းမှာတော့ အလောင်းအတိုင်းပဲ သဂြိုလ်တာ ဖြစ်ပါတယ်။ ဒါကတော့ မင်းတုန်းမင်းတရားကြီးရဲ့ ဆင်ဖြူမရှင် မိဖုရားကြီး ဖြစ်ပါတယ်။ ရန်ကုန်မြို့ ဝင်စလမ်းမှာ နတ်ရွာစံပြီး မန္တလေးမှာ သဂြိုလ်တာ ဖြစ်ပါတယ်။ ဒါကတော့ မင်းတုန်းမင်းရဲ့မိဖုရား သီပေါမင်းရဲ့မယ်တော် အလောင်းရှင် မိဖုရားကြီးရဲ့ ကျွန်တော်တို့ သင်္ချိုင်းတော်ပြသာဒ် အထိမ်းအမှတ်ဂူပါ။ တကယ်တမ်းတော့ အရိုးပြာကို ဧရာဝတီမြစ်မှာပဲ အခမ်းအနားနဲ့ ရေချတာ ဖြစ်ပါတယ်။ ဒါကတော့ သီပေါမင်းရဲ့ မိဖုရားခေါင်ကြီး ဖြစ်ပါတယ်။ ရန်ကုန်မြို့ ကန်တော်မင်္ဂလာပန်းခြံမှာ သဂြိုလ်ထားတဲ့ပုံ ဖြစ်ပါတယ်။ ဒီမှာလည်း စောစောက ပြောသလို အလောင်းတော်အတိုင်း သဂြိုလ်တာ ဖြစ်ပါတယ်။

စောစောက တင်ပြခဲ့တဲ့ အရိုးအိုးစေတီတွေဟာ မူလက ကဗျည်းစာတိုင်တွေ ရှိပေမယ့်လည်း ခုခါမှာ ဒီဟာတွေ ပျောက်ကွယ်သွားတဲ့အတွက် ကျွန်တော်တို့ မြို့ခံလူတော်တော်များများကတောင်မှ မသိတော့တဲ့ အခြေအနေ ဖြစ်ပါတယ်။ ကျွန်တော်တို့တောင်မှ မေးခွန်းမေးမယ်၊ ဒုတိယဝန်ကြီး လာမယ်ဆိုလို့ ကျွန်တော်တို့ရောက်သွားလို့ (၃)ခေါက်တိတိ ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါတွေဟာ နှစ်တွေကြာလာတာနဲ့အမျှ ပျောက်ပျက်သွားနိုင်တဲ့ အခြေအနေမှာ ရှိပါတယ်။ အောင်မြေနဲ့ သင်္ချိုင်းတော်၊ အရိုးအိုးစေတီတော်ကို ထိန်းသိမ်းစောင့်ရှောက်ပေးမယ်ဆိုရင် ယဉ်ကျေးမှုအစဉ်အလာကြီးမားတဲ့ သမိုင်းဝင်နေရာတွေကြောင့် Tourist Attraction ကို များစွာအထောက်အကူပြုနိုင်မှာလည်း ဖြစ်ပါတယ်။

ဒါကြောင့် ဘုရင့်နောင်မင်းတရားကြီးရဲ့ အထိမ်းအမှတ်နေရာများဟာ သမိုင်းတန်ဖိုးကြီးမားတဲ့ နေရာတွေ ဖြစ်တဲ့အတွက် နိုင်ငံတော်အနေနဲ့ ထိန်းသိမ်းစောင့်ရှောက် ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၃။**

**ဦးသန်းဆွေ (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းဆွေ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစောမော်ထွန်းရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဌာန ရောက်လာတဲ့အခါမှာ ကျွန်တော်တို့က ရန်ကုန်က သမိုင်းကော်မရှင်မှာ ဒီမေးခွန်းနဲ့ပတ်သက်ပြီး ဘုရင့်နောင်မင်းတရားကြီးရဲ့ သဈြိုင်းတော် အထိမ်းအမှတ်နေရာ ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ သမိုင်းအဖွဲ့ဝင်များကို ဖြေကြားခိုင်းပါတယ်။ အဲဒီအထဲမှာ သမိုင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း နဲ့ သမိုင်းအဖွဲ့ အဖွဲ့ဝင် ဦးကျော်ငြိမ်း တို့ ဖြေကြားခဲ့ပါတယ်။ သူတို့ရဲ့အဖြေ ကြည့်ရင်တော့ ဘုရင့်နောင်မင်းတရားကြီးရဲ့ သဈြိုင်းတော်နဲ့ ပတ်သက်ပြီး အထောက်အထားဆိုလို့ ဦးသက်တင် ရဲ့ ဒီ ဟံသာဝတီမှတ်တမ်းတော်ကြီးမှာပဲ ရေးထားတာတွေ့ရပါတယ်လို့ သူတို့ တစ်ညီတည်း ရေးသားဖော်ပြပြီး ဝန်ကြီးထံ တင်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့တော့ ၂၁ ရက်၊ ဇွန်လက ပဲခူးကို ကိုယ်တိုင်သွားပြီးတော့ ကွင်းဆင်းပြီး လေ့လာပါတယ်။ လေ့လာတော့ ပထမမှာ အောင်မြေရှိတဲ့ မဟာဟံသဇိနမုနိ သွန်းတော်မူဘုရားကြီး ဆိုတာကို အရင်သွားပါတယ်။ ခုနကတော့ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ Slide မှာ မဟာဟံသလိနမုနိလို့ ပါတယ်။ ကျွန်တော် အဲဒီမှာ ပိုက်ဆံလှူတဲ့ ဖြတ်ပိုင်းမှာတော့ မဟာဟံသဇိနမုနိလို့ပါပါတယ်။

အဲဒီကိုသွားပြီးတော့ ကျွန်တော်တို့ ကြည့်တဲ့အခါမှာ Slide မှာမြင်ရတဲ့ အောင်မြေလို့ ဆိုတဲ့နေရာမှာ စေတီတည်ထားတာလေး တွေ့ရပါတယ်။ အဲဒီတော့ ဒါလည်း အစဉ်အဆက် ပြောလာတဲ့ စကားအရ အောင်မြေလို့ သိလာရတဲ့အတိုင်းပါပဲ။ ဒီနေရာမှာ စကားစပ်မိလို့ ကျွန်တော်တို့က ဒီအောင်မြေဆိုတာတွေကို သိပ်ပြီးတော့ အလေးအနက်ထားကြတယ် ဆိုရင်တော့ ဗဟုသုတလေး နည်းနည်း ပြောချင်ပါတယ်။ အောင်မြေနင်းတယ် ဆိုတာဟာ ကျွန်တော်ဖတ်ခဲ့တဲ့ စာအုပ်တွေနဲ့ ဆရာသမားတွေ ပြောကြားချက်အရ အောင်မြေကို ဘုရင်ကိုယ်တိုင် မနင်းပါဘူး။ စစ်ထွက်မယ့် စစ်သူကြီးက နင်းရပါတယ်။ အဲဒီလိုစစ်သူကြီး နင်းနေတာကို ဘုရင်က ဘေးကနေ ကြည့်နေတယ်လို့ ဆိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အလောင်းမင်းတရားကြီး နင်းတဲ့ အောင်မြေမှာကတော့ ဒါ သူကိုယ်တိုင် စစ်ထွက်မှာမို့ နင်းတယ်လို့ သိရပါတယ်။ ကျန်တဲ့ အောင်မြေတွေဟာ စစ်သူကြီးတွေ နင်းတဲ့ အောင်မြေတွေ ဖြစ်ပါတယ်။ ဒီ အောင်မြေနင်းခြင်း ထုံးစံမှာ ဘုရင်ကိုယ်တိုင် နင်းလေ့မရှိဘူးလို့ သိရပါတယ်။

အဲဒီတော့ ဒီမှာ ဟံသဇိနမုနိဘုရားမှာ အောင်မြေနေရာဟာလည်း ခုနက တွေ့တဲ့အတိုင်းပဲ ကျကျနနလေးကို စေတီတည်ပြီးတော့ သူတို့ ထိမ်းသိမ်းထားပါတယ်၊ ဂေါပက က။ ဒီနေရာကြီးက ပစ်စလက်ခတ် မဟုတ်ပါဘူး။ နောက်တစ်ခါ ကျွန်တော်တို့ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြပြီး Slide နဲ့ ထိုးပြတဲ့ အရိုးအိုးစေတီ။ ဘုရင့်နောင်မင်းတရားကြီးရဲ့ အလောင်းတော်မြှုပ်နှံရာစေတီ၊ အဲဒီ စေတီ ကျွန်တော်ကိုယ်တိုင် သွားကြည့်ပါတယ်။ အနေအထားက တောင်ကုန်းလေးပေါ်မှာဖြစ်ပြီးတော့ ပတ်ဝန်းကျင်ကလည်း အင်မတန်မှ ကင်းရှင်းပြီးတော့ မြို့ပြင် တစ်ဖက်မှာလည်း နောက်ထပ် တောင်ကုန်းရှိတယ် ဆိုတော့ အနေအထားအရကတော့ ဒီလိုနေရာမှာ မြှုပ်နှံမယ်ဆိုတာ ဖြစ်နိုင်ခြေ ရှိပါတယ်။ အဲဒီတော့ ခုနကပြောသလို မှတ်တမ်းမှတ်ရာက ကျွန်တော်တို့ မှန်နန်းမှာလည်း ဘယ်တုန်းက ဘယ်လို သင်္ဂြိုလ်လိုက်တယ် ဆိုတာ ပါတာကလွဲလို့ အဲဒီအားကိုးအားထားပြုစရာက သမိုင်းစာအုပ် ရေးသားတဲ့ ဦးသက်တင် ရဲ့ ဟံသာဝတီမှတ်တမ်းကြီးမှာပဲ အတိအကျရေးထားတာ တွေ့ရပါတယ်။ အဲဒီတော့

ကျွန်တော် လွန်ခဲ့သော နှစ်(၂၀)ကျော်က ပဲခူးကြခတ်ဝိုင်းဆရာတော်ကြီး ကျောင်းမှာ ဆွမ်းသွားကျွေးပါတယ်။ ဆွမ်းကျွေးတဲ့အခါမှာ သူက မင်းက သမိုင်းသမားမို့လို့ မေးရဦးမယ်။ ဘုရင့်နောင်မင်းတရားကြီး ဘယ်မှာ မြှုပ်ထားလည်း သိလား။ မသိပါဘူးဘုရားလို့ လျှောက်တဲ့အခါမှာ ငါတို့ ပဲခူးက ခုနက အဲဒီနေရာမှာပေ့ါနော်၊ မြှုပ်ထားတယ်လို့ ပြောပါတယ်။ ဆရာတော်ကြီးက မိန့်တော်မူပါတယ်။

ဒါပေမဲ့ အဲဒီတုန်းက ကျွန်တော် သွားမကြည့်ဖြစ်ပါဘူး။ အခုမှ သွားကြည့်ဖြစ်ပါတယ်။ အဲဒီတော့ ဒီလို အထောက်အထားတွေတော့ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဝန်ကြီးကလည်း အဲဒီ ၂၁ ရက်နေ့မှာပဲ ကျွန်တော်က မနက်ပိုင်း နေပြည်တော်ကနေ ပဲခူးသွားကြည့်တယ်။ ပြီးရင်ရန်ကုန် ထွက်သွားတယ်။ သူက ရန်ကုန်ကနေပြီးတော့ လာကြည့်တယ်။ ကြည့်တော့ သိရတာ ကိုယ်စားလှယ်တော်ကြီး ကိုယ်တိုင်လိုက်ပြတယ်လို့လည်း ကျွန်တော် သိရပါတယ်။ အဲဒီတော့ အဲဒီမှာ အခု ကျွန်တော်တို့ အဲဒီလိုသိရပြီးတဲ့နောက် ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဘုရင့်နောင်အောင်မြေနေရာနဲ့ အရိုးအိုးစေတီနေရာဟာ တည်နေရာ အရ နီးစပ်မှုရှိသော်လည်း အချိန်ယူ လေ့လာဆန်းစစ် သုတေသနပြုရန် လိုအပ်ပါတယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ပါတယ်။ ထို့အပြင် ဘုရင့်နောင်အောင်မြေနှင့် အရိုးအိုးစေတီ ဖြစ်နိုင်ခြေရှိမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်အဝှမ်း လွှမ်းခြုံ၍ လေ့လာသုတေသနပြုပြီး အခိုင်အမာ သမိုင်းပြုစုရန် ဦးစွာလိုအပ်ပါတယ်။

အဆိုပါ Monuments များသည် သမိုင်းစာအုပ်ရေးသားသူ ကထိကဦးသက်တင်၏ စာအုပ်တွင်သာ ဖော်ပြထားချက်ရှိကြောင်းနဲ့ အခြားစာအုပ်များမှာ မတွေ့ရသေးကြောင်း ကျွန်တော် တင်ပြလိုပါတယ်။ ဒါကြောင့် ဘုရင့်နောင်မင်းတရားကြီး၏ အောင်မြေနေရာနဲ့ အရိုးအိုးစေတီတော် တည်ရှိနေရာကို ပတ်သက်သည့် သမိုင်းအထောက်အထားဆိုင်ရာ အချက်အလက်များ ခိုင်မာပြည့်စုံ လုံလောက်မှု မရှိသေးဘူးလို့ ကျွန်တော်တို့ ယူဆပါတယ်။ အဲဒီတော့ ခုနက ဘုရင့်နောင်မင်းတရားကြီး အရိုးအိုးစေတီဟာ မူလက ကျွန်တော်လေ့လာကြည့်တော့ အရိုးအိုးစေတီ ဖြစ်မှာမဟုတ်ပါဘူး။ သူက တောင်ကုန်းပေါ်မှာ ဒီသာမန်ပဲ ပြသာဒ်သဘောနဲ့ မြှုပ်ထားပုံရပါတယ်။ ပစ္စယံ(၃)ဆင့်နဲ့။ ဘာကြောင့်လဲဆိုတော့ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ နောက်ပိုင်းဘုရင်တွေရဲ့ ပြသာဒ်တော်တွေပါ။ စေတီမဟုတ်ပါဘူး။ အဲဒီတော့ စေတီက စေတီတည်ထိုက်တဲ့ဘုရင် ဆိုတာကလည်း ဟိုတုန်းက ဒါ အားလုံးကြားဖူးတဲ့အတိုင်းပါပဲ။ စကြာဝတေးမာန်နတ်မင်းတို့သာလျှင် စေတီတည်ထိုက်တယ်ဆိုတော့ ဘုရင့်နောင်မင်းတရားကြီးကိုလည်း အမှန်တော့ အစက စေတီတည်မှာ မဟုတ်ပါဘူး။ နောက်တော့ နှောင်းလူတွေကသာ အပေါ်မှာ စေတီတင်လိုက်လို့ အခုလိုမျိုး စေတီဖြစ်သွားတယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။

ဒါကြောင့် ဘုရင့်နောင်မင်းတရားကြီး အောင်မြေနဲ့ အရိုးအိုးစေတီကိုလည်း နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်ရန် လက်ရှိ အစီအစဥ် မရှိသေးပါဘူး။ သို့သော်ငြားလည်း ပစ်စလက်ခတ် အနေအထား မရှိပါဘူး။ သက်ဆိုင်ရာ ဂေါပကနဲ့ ဘုန်းကြီးကျောင်းက ခုနက Slide ထဲမှာ မြင်သလို သပ်သပ်ရပ်ရပ် ကြည်ညိုဖွယ်ရာပဲ ထားရှိလို့ ဒါလည်း တွေ့ရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဝန်ကြီးကလည်း အဲဒီနေ့က သွားတဲ့အခါမှာ ကိုယ်စားလှယ်တော်ကြီးနဲ့ တွေ့ခဲ့ပြီးတော့ ဒီခရီးသွားလုပ်ငန်း ဆွဲဆောင်မှု (Tourist Attraction) နေရာတစ်ခုအနေနဲ့တော့ သတ်မှတ်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတို့နဲ့ ဆွေးနွေးပြီးတော့ သတ်မှတ်ပေးပါ့မယ်။ Tourist များကို ရှင်းလင်းပြသနိုင်ရန် သုတေသနပြုဆဲ (Under Research Monuments) အဖြစ်နဲ့ မှတ်တမ်းဆိုင်းဘုတ်

ပြုလုပ်ပေးပါ့မယ်လို့ ဖြေကြားကြောင်း သိရပါတယ်။ ဖြေကြားကြောင်းသိရတာကို ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လွိုင်ကော်မြို့နယ်၊ နိုးကိုး၊ ဒေါ်ပေါ်ကလဲ၊ ကုန်းသာနှင့် နွားလဝိုး ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးပီမောင်စိုး က လွိုင်ကော်မြို့နယ်၊ နိုးကိုး၊ ဒေါ်ပေါ်ကလဲ၊ ကုန်းသာနှင့် နွားလဝိုး ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးပီမောင်စိုး၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ဒုတိယဝန်ကြီးများ၊ ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးပီမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွိုင်ကော်မြို့နယ်၊ နိုးကိုး၊ ဒေါ်ပေါ်ကလဲ၊ ကုန်းသာနဲ့ နွားလဝိုး ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ မီးလင်းရေးအတွက် ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပါရန်နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ လောပိတဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးမှ မဟာဓာတ်အားလိုင်း(၂)လိုင်းနဲ့ ဓာတ်အားကို ပို့လွှတ်လျက်ရှိပါတယ်။ တောင်ပိုင်းဓာတ်အား လိုင်းမှာ လွိုင်ကော်မြို့ကို ဖြတ်ကျော်လျက် တောင်ငူသို့လည်းကောင်း၊ တောင်ငူမှတစ်ဆင့် ရန်ကုန် ပင်မ ဓာတ်အားခွဲရုံသို့လည်းကောင်း၊ မြောင်ပိုင်းဓာတ်အားလိုင်းမှာ လွိုင်ကော်မြို့၊ ကလောမြို့ကို ဖြတ်ကျော် လျက် သာစည်ဓာတ်အားခွဲရုံသို့လည်းကောင်း၊ မဟာဓာတ်အားလိုင်း(၂)လိုင်းဖြင့် ဓာတ်အားကိုပို့လွှတ်ပြီး ထိုဓာတ်အားလိုင်းမှတစ်ဆင့် မြန်မာနိုင်ငံ တစ်နံတစ်လျားသို့ ဓာတ်အားကို ပို့လွှတ်လျက်ရှိပါတယ်။ ကယားပြည်နယ်မှာ လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးဖို့ လောပိတ ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံမှ လွိုင်ကော်မြို့အထိ ၁၁-ကေဗွီ ဓာတ်အားလိုင်းတစ်လိုင်းကို သွယ်တန်းပြီး ၁၉၆၇ ခုနှစ်မှစ၍ လျှပ်စစ် ဓာတ်အားကို စတင်ပို့လွှတ်ခဲ့ပါတယ်။ ယခုအခါမှာ လွိုင်ကော်မြို့အပြင် ဒီမောဆို၊ ဖရူဆို၊ ဘောလခဲနှင့် ဖားဆောင်းမြို့များအထိ ဓာတ်အားကို ပို့လွှတ်နိုင်ပြီ ဖြစ်ပါတယ်။ လောပိတ၊ ဘီလူးချောင်း ရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံမှ လွိုင်ကော်မြို့ကို ဓာတ်အား ဖြန့်ဖြူးပေးရာမှာ နှစ်ပေါင်း(၄၀) ကျော်လာပြီ ဖြစ်ပါတယ်။ သို့သော်လည်း လွိုင်ကော်မြို့ ပတ်ဝန်းကျင်ရှိ ကျေးရွာအနည်းငယ်မျှသာ ဓာတ်အားရရှိ ပါတယ်။ ယနေ့ နိုင်ငံတော်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်ကို ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်နေချိန်မှာ လျှပ်စစ်စွမ်းအင် လုံလောက်စွာ ရရှိရေးမှာ အရေးကြီးတဲ့ ကဏ္ဍတစ်ရပ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော် တင်ပြပါကျေးရွာများဟာ လွိုင်ကော်မြို့နဲ့ (၁၀)မိုင် ပတ်ဝန်းကျင်အတွင်းမှာရှိတဲ့ ကျေးရွာများဖြစ်ပါတယ်။ ဒီကျေးရွာအုပ်စုအတွင်းမှာ အထက်တန်းကျောင်း(ခွဲ)

က (၂)ကျောင်း၊ အလယ်တန်းကျောင်းက (၂)ကျောင်း၊ မူလတန်းကျောင်း(၂၀)၊ ကျေးလက်ကျန်းမာရေး ဌာနက(၄)ခု၊ ကျေးရွာပေါင်းက(၂၈)ရွာ၊ အိမ်ခြေပေါင်းက (၃၉၉၃)လုံးရှိပြီးတော့ လူဦးရေက(၁၉၈၅၅)ဦး မှီတင်းနေထိုင်ကြပါတယ်။ လျှပ်စစ်စွမ်းအင်ဟာ မဖွံ့ဖြိုးမတိုးတက်သေးတဲ့နိုင်ငံမှာ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်တွင်းဖူလုံမှုအတွက် များစွာအထောက်အကူပြုတဲ့ ကုန်ထုတ်စွမ်းအား တစ်ခု ဖြစ်ပါတယ်။ ကျေးလက်ဒေသမှာ လျှပ်စစ်ဓာတ်အားကို လုံလောက်စွာဖြန့်ဖြူးခြင်းဖြင့် ကျေးရွာမှ ကျောင်းသူ/ကျောင်းသားများ အချိန်နဲ့တပြေးညီ ကျောင်းစာကို လေ့လာဖတ်ရှုနိုင်ပြီး ပညာရည်တိုးတက် လာမည်။ ကျေးလက်နေ မိဘပြည်သူများအနေနဲ့လည်း အားလပ်ချိန်မှာ မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင် သံကြားစက်ကို ကြည့်ရှုနိုင်ပြီး နိုင်ငံတော်အစိုးရရဲ့ တိုင်းပြုပြည်ပြုဆောင်ရွက်မှုသတင်းများ၊ ခေတ်နှင့် အညီ ပြောင်းလဲလာတဲ့ အခြေအနေများကို တွေ့မြင်သိရှိလာပြီး ပညာရေးအတွေးအခေါ်၊ အမျှော်အမြင်၊ ဗဟုသုတတိုးပွားလာမည်။ ဒါ့အပြင် ကျေးလက်ဒေသမှာ ဆန်စက်၊ ဆီစက်တို့နဲ့ အိမ်တွင်းစက်မှု/လက်မှု လုပ်ငန်း အလုပ်ရုံ၊ စက်ရုံငယ်များ ပေါ်ပေါက်လာနိုင်သဖြင့် အလုပ်အကိုင်နှင့် စီးပွားရေး အခွင့်အလမ်း များ ရရှိစေမည်ဖြစ်လို့ လူနေမှုအဆင့်အတန်း တိုးမြင့်လာစေပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှာ အထောက်အကူ ဖြစ်စေမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးမှာ အဖက်ဖက်မှာနိမ့်ကျလျက်ရှိတဲ့ ကျေးလက်နေ တိုင်းရင်းသားလုပ်သားပြည်သူများ စားဝတ်နေရေး၊ လူမှုရေးအဆင့်အတန်း ဖွံ့ဖြိုးတိုးတက် လာစေရန် အထောက်အကူပြုတဲ့ လျှပ်စစ်ဓာတ်အားရရှိရေးနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ (၁)လွိုင်ကော်-အောင်ပန်း ကားလမ်း အတိုင်း လွိုင်ကော်မှ ရှမ်း၊ ကယားနယ်စပ်ရှိ ဝါရီကောခူရွာအထိ ဓာတ်အားလိုင်း (၁၁)မိုင်သွယ်တန်းပြီး နွားလဝိုး၊ ကယန်းကြလာ၊ လက်တွဲ၊ ပဒါးညေး၊ ကယန်းသာယာ၊ ထိရို၊ ကုန်းသာ၊ ဝါထောင်၊ သရက်ပင်၊ ဆောင်ကန်းရွာများအားလည်းကောင်း၊ (၂) နောင်ယား(က)ရပ်မှ နာနတ်တော၊ လင်ဖုံလေးသို့ ရွာချင်း ဆက်လမ်းအတိုင်း ဓာတ်အား(၄)မိုင် သွယ်တန်းပြီး ဒေါ်သဲ၊ ထီးပလော်ခူ၊ ရေကန်၊ လင်ဖုံလေး ရွာများ အားလည်းကောင်း၊ (၃) ဝါရီကောခူမှ နိုးကိုးစံပြရွာအထိ ဆည်ဘောင်လမ်းအတိုင်း လျှပ်စစ်ဓာတ်အား လိုင်း(၄)မိုင်သွယ်တန်းပြီး ဆော်ခိဒေါ်၊ ဒေါလိုရှေ့၊ နိုးကိုးရွာမ၊ နိုးကိုးစံပြရွာများအား လည်းကောင်း၊ (၄) နောင်ယန်း(က) နာနတ်တောမှ ဘုရားနီအထိ ဆည်ဘောင်လမ်းအတိုင်း ဓာတ်အား (၅)မိုင်သွယ်တန်းပြီး ရေယို၊ ဒေါဆော်လိ၊ ဒေါပေါ်ကလဲ ရွာကြီး၊ ဒေါပေါ်ကလဲ ရွာငယ်၊ ကယားညေခူ၊ ဘုရားနီရွာများအား လည်းကောင်း မီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ပြည်သူများရဲ့ ကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၅။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပီမောင်စိုး ၏ မေးခွန်းကို ရှင်းလင်းတင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။

နွားလဝိုးရွာမမှာ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနဲ့ ၄၀၀ ဗို့လိုင်း (၇၀၀၀) ပေ တည်ဆောက်ပြီးဖြစ်၍ ၂၀၁၄ ခုနှစ်၊ မေလမှာ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးထားပြီ ဖြစ်ပါကြောင်းနဲ့ နွားလဝိုးစံပြ၊ လယ်တွဲ၊ ပဒါးညေး၊ ကယန်းသာယာ တောင်နဲ့မြောက်၊ ကယန်းကြခူရွာများ ဓာတ်အား ရရှိရေးအတွက် ၂၀၁၃-၂၀၁၄ ခုနှစ်ဘဏ္ဍာရေးနှစ်ကတည်းက ပြည်ထောင်စု ဘတ်ဂျက် ရန်ပုံငွေမှကျခံပြီး ၁၁ ကေဗွီလိုင်း (၅.၇၅)မိုင်တည်ဆောက်ပေးပြီး ၁၁/၀.၄ ကေဗွီ ခွဲရုံ(၅)ခုကို တည်ဆောက်ပေးလျက်ရှိပါတယ်။ ကျေးရွာများအတွင်းမှာ (၄၀၀)ဗို့ ဓာတ်အားလိုင်း တစ်ရွာလျှင် (၀.၅)မိုင်ခန့် ကိုလည်း ပြည်နယ်အစိုးရကြီးကြပ်မှုနဲ့ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီး ကုန်းသာ၊ ထီရိ၊ ဆောင်ကန်း၊ ဝါဆောင်၊ သရက်ပင် ကျေးရွာများအတွက် ၂၀၁၄-၂၀၁၅ ယခုဘဏ္ဍာနှစ်မှာ ၁၁ ကေဗွီလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်သွားရန် စီစဥ် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ နွားလဝိုးကျေးရွာအုပ်စုရှိ လင်ဖုန်းလေး၊ ထေးပလော်ခူ ကျေးရွာများသို့ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး တော့မှ ဆက်လက်၍ ဒေါဆဲ၊ ရေကန်ကျေးရွာများသို့လည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးပါက နိုးကိုးကျေးရွာ အုပ်စုမှာရှိတဲ့ ဆောခီးဒေါ၊ ဒေါလိုရှေ့၊ နိုးကိုးရွာမ၊ ဒေါဆော်လဲ၊ နိုးကိုးစံပြ၊ ကယားညေးခူ ကျေးရွာများကို လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမှာ ဖြစ်တဲ့အပြင် ဒေါ်ပေါ်ကလဲ ကျေးရွာအုပ်စု အတွင်းရှိ ရေယို(ရွာသစ်)၊ ဒေါ်ပေါ်ကလဲ(ငယ်)၊ ဒေါ်ပေါ်ကလဲ(ကြီး)၊ ဘုရားနီ ကျေးရွာများကိုလည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာ စိစစ်ပြီး ရန်ပုံငွေတင်ပြတောင်းခံ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုပါကျေးရွာများ ဓာတ်အား အပြည့်အဝပေးနိုင်ဖို့အတွက် လွိုင်ကော်မြို့ (၄)မိုင်စံပြမှာ ရှိတဲ့ ၁၃၂/၃၃ ကေဗွီ ၅၀ အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံမှ ဆီဆိုင်-အောင်ပန်း လမ်းဆုံ အထိ ၃၃ ကေဗွီလိုင်း(၈)မိုင် တည်ဆောက်ခြင်း၊ ဆီဆိုင်-အောင်ပန်းလမ်းခွဲ နွားလဝိုးကျေးရွာအုပ်စုမှာ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ယခုနှစ်မှာ Turn Key စနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်နေပြီဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ ၁၁ ကေဗွီလိုင်း၊ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများနဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေများမှာ လျာထားတောင်းခံဖို့ ညှိနှိုင်းထားပြီးဖြစ်ပါ၍ ကိုယ်စားလှယ် တော်ကြီး မေးမြန်းထားတဲ့မေးခွန်းပါ ဓာတ်အားလိုင်းတည်ဆောက်ဖို့ ကျန်ရှိနေတဲ့ကျေးရွာများအတွက်ကို ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာလည်း ထည့်သွင်း လျာထား တောင်းခံဆောင်ရွက်ပေးမှာဖြစ်ကြောင်းကို ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၀)နာရီတွင်ခေတ္တရပ်နားပြီး (၁၁း၁၅)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) ၏ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းထားတဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည် အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိန်းလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၁။**

**ဒုတိယဗိုလ်မှူးကြီးသိန်းလွင် (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကော်မရှင်အဖွဲ့ဝင်များနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၈၂၇၄ ဒုတိယဗိုလ်မှူးကြီး သိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းတဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ

ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်ပတ်သတ်၍ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့မှာ နိုင်ငံတော် သမ္မတကြီးမှ ပြည်သူလူထုကို မိန့်ခွန်းပြောကြားရာတွင် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းများအနေနဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ကော်မတီလုပ်ငန်းနှင့် တိုင်းရင်းသား အဖွဲ့အစည်းများဆိုင်ရာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့တို့ ဆွေးနွေးခဲ့တဲ့ (၆)လ အတွင်း လွန်ခဲ့တဲ့ ဧပြီလက ပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲမှာ အားလုံးသဘောတူညီတဲ့ တစ်ခုတည်းသော သဘောတူညီတဲ့ မူကြမ်းတစ်စောင် ရရှိခဲ့ပါတယ်။ မေလမှာ ထပ်မံပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲမှာ နှစ်ဖက်စလုံးက မူကြမ်းရဲ့ (၇၀)ရာခိုင်နှုန်းကျော်ကို သဘောတူနိုင်ခဲ့ပြီး ဒုတိယမူကြမ်းကို ဆွေးနွေး နိုင်ခဲ့ပါတယ်။ နိုင်ငံတကာစံနဲ့ ကြည့်မယ်ဆိုရင် အခြားနိုင်ငံများမှာ နှစ်နဲ့ချီပြီး ဆွေးနွေးရတဲ့ ကိစ္စရပ်တွေကို ကျွန်တော်တို့ အလျင်အမြန်သဘောတူညီမှုတွေရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ အဖွဲ့ပေါင်းများစွာနဲ့ တွေ့ဆုံဆွေးနွေးရသည့်တိုင်အောင် အဓိကကျတဲ့ သဘောတူညီချက်များ ရရှိအောင် အားလုံးအနေနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးမှာ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်နေကြသူများ အားလုံးကို အသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါတယ် ဟု ဆိုပြီး ငြိမ်းချမ်းရေးဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အသိအမှတ်ပြု ပြောကြားခဲ့ပါတယ်။

၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင်လည်း နိုင်ငံတော်သမ္မတကြီးမှ ပြည်ထောင်စုဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများအား လမ်းညွှန်မှာကြားခြင်း အခမ်းအနားတွင်လည်း မြန်မာနိုင်ငံရေးသမိုင်းကြောင်းတွင် ပဋိပက္ခများနှင့် အကျပ်အတည်းများကို အချိန်ကြာမြင့်စွာ ဖြတ်သန်းလာရသည့်အတွက် အခြား နိုင်ငံများထက် ဖွံ့ဖြိုးမှု နောက်ကျခဲ့ရသည်ကို မိမိတို့အားလုံး သင်ခန်းစာရခဲ့ကြရပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေး နိုင်ငံအေးချမ်းသော ပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို နိုင်ငံရေးယဥ်ကျေးမှု တစ်ရပ်အဖြစ် နိုင်ငံရေးအင်အားစုများအကြား၌ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းများကို ရှောင်ရှားပြီး ကြုံတွေ့ရသော စိန်ခေါ်မှုများကို ညှိနှိုင်းအဖြေရှာ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံရေး ဆွေးနွေးပွဲများအတွက် လိုအပ်သော လမ်းပြမြေပုံနှင့် ဆွေးနွေးပွဲဆိုင်ရာ မူဘောင်များ ဆွေးနွေးသတ်မှတ်ပြီး ငြိမ်းချမ်းရေးဖြစ်စဥ်ကို အခြေခံလျက် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး ပြည်တွင်းပဋိပက္ခများ ချုပ်ငြိမ်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားကြရန်ဟု တိုက်တွန်းလမ်းညွှန် ပြောကြားခဲ့ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရဟာ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို စတင်တာဝန်ထမ်းဆောင်ရတဲ့အ ချိန်ကစပြီး တိုင်းပြည်မှာ ဒီမိုကရေစီ ရှင်သန်ရေးအတွက် အဓိကလိုအပ်ချက်(၂)ရပ်ဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး တို့ကို အဓိကရည်မှန်းချက်(၂)ရပ်အဖြစ် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ပထမအချက်ဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုရှိရေး ဆိုတဲ့နေရာမှာ နိုင်ငံရေတည်ငြိမ်အေးချမ်းမှုနှင့် ပြည်တွင်းမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးရဲ့ ထာဝရ ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှုတို့ဟာ အလွန်အရေးကြီးတဲ့ ကိစ္စရပ်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့ဟာ နိုင်ငံရေးနဲ့ ပတ်သက်လို့ ပြုပြင်ပြောင်းလဲရေးတွေ ဖြေလျှော့ရေးတွေ ဆောင်ရွက်လာသလို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့

ရက်စွဲနဲ့ ကြေညာချက်အမှတ်၊ ၁/၂၀၁၁ ကို ထုတ်ပြန်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ တိုင်းပြည် စဉ်ဆက်မပြတ် တိုးတက်ဖို့ ရည်ရွယ်ပြီး သာမန်ငြိမ်းချမ်းရေး မဟုတ်ဘဲ ထာဝရငြိမ်းချမ်းရေးအတွက် ဦးတည်ပြီး အလေးအနက်ထားဆောင်ရွက်နေတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရပြီးချိန်မှစပြီး ဝါဒစွဲ၊ လူမျိုးစွဲ၊ ဂိုဏ်းဂဏစွဲတွေကြောင့် လက်နက်ကိုင် ဆူပူမှုတွေ ပေါ်ပေါက်ခဲ့ပါတယ်။ ကိုလိုနီခေတ်လက်အောက်မှ လွတ်မြောက်ပြီး လွတ်လပ်ရေး ရရှိသော်လည်း ပြည်တွင်းပဋိပက္ခ လက်နက်ကိုင်တိုက်ခိုက်မှုတွေကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုဟာ ပျက်ပြားခဲ့ပါတယ်။

အလားတူပဲ ကိုလိုနီလက်အောက်ရောက်ခဲ့ရတဲ့ ထိုင်းနိုင်ငံမပါ အရှေ့တောင်အာရှနိုင်ငံ၊ အာဆီယံနိုင်ငံများဟာ လွတ်လပ်ရေးရပြီး တိုင်းပြည်ကို ဆောလျင်စွာ တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နိုင်ခဲ့သောကြောင့် အဲဒီနိုင်ငံများရဲ့ ဖွံ့ဖြိုးမှုဟာ အလျင်အမြန်တိုးတက်လာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ကျွန်တော်တို့ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဒဏ်ခံရပြီး နိုင်ငံတော်ကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်လာရမယ့်အချိန်မှာ နိုင်ငံရေးအင်အားစုအချင်းချင်း စိတ်ဝမ်း ကွဲပြားမှုများ၊ တိုင်းရင်းသားလူမျိုးအချင်းချင်းသံသယတွေကြောင့် အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုံခြုံရေးအခြေအနေအရ မစွမ်းဆောင်နိုင်ဘဲ ရှိခဲ့ပါတယ်။ အုပ်ချုပ်ခဲ့သော အစိုးရအဆက်ဆက်သည်လည်း တိုင်းပြည်ငြိမ်းချမ်းရေးကို ရရှိအောင် နည်းမျိုးစုံဖြင့် အစွမ်းကုန်ကြိုးစားခဲ့ရတာကို တွေ့ရှိခဲ့ရပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်တွင် ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးအတွက် အဖွဲ့ဝင်(၂၁)ဦးပါဝင်သော လက်ဝဲစည်းရုံးရေးကောင်စီကို ၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့တာကို လေ့လာသိရှိခဲ့ရပါတယ်။ ၁၉၆၂ ခုနှစ်နောက်ပိုင်းတော်လှန်ရေးကောင်စီခေတ်တွင် တောတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းများကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရန်ရည်ရွယ်၍ ၁၉၆၃ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့မှာ ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါတယ်။ တော်လှန်ရေးကောင်စီနဲ့ လာရောက် ဆွေးနွေးကြတဲ့ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းတွေကတော့ ရခိုင်ကွန်မြူနစ်ပါတီ၊ KNU ပါတီ၊ မွန်ကွန်မြူနစ်ပါတီနှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီတို့၏ ကိုယ်စားလှယ်အဖွဲ့၊ အလံနီကွန်မြူနစ်ပါတီ၊ ကရင်တော်လှန်ရေးကောင်စီ၊ ရှမ်းအမျိုးသားတပ်ပေါင်းစုနှင့် ရှမ်းလွတ်မြောက်ရေးတပ်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကချင်လွတ်လပ်ရေးကောင်စီ၊ အမျိုးသားဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု ထားရှိတဲ့ အဖွဲ့ပေါင်း (၈)ဖွဲ့ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းဆွေးနွေးခဲ့သော်လည်း နိုင်ငံရေးအယူအဆများကွဲပြားနေခြင်း၊ နယ်ချဲ့တို့ ဖန်တီးခဲ့သည့် သွေးခွဲမှုပြဿနာများကြောင့် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုအားနည်းပြီး ထိပ်တိုက်တွေ့ဆုံမှုလမ်းကြောင်းကိုသာ ဦးတည်နေခြင်းတို့ကြောင့် ထင်သလောက်အောင်မြင်မှု မရရှိခဲ့ပါ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပါလီမန်ဒီမိုကရေစီအစိုးရကာလ အိမ်စောင့်အစိုးရကာလ၊ တော်လှန်ရေးကောင်စီကာလ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရကာလများမှာ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ခဲ့သော်လည်း ပြည်တွင်းလက်နက်ကိုင် တိုက်ခိုက်မှုများကို လုံးဝချုပ်ငြိမ်းသည်အထိ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ ၁၉၈၈ ခုနှစ်

နောက်ပိုင်း တပ်မတော်အစိုးရကာလမှာ တစ်ဖတ်သတ် စစ်ဆင်မှုများ ရပ်ဆိုင်းထားခြင်း၊ ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းညှိနှိုင်းဆွေးနွေးခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း တို့အပြင် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့သော နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တပ်မတော်အနေဖြင့်နိုင်ငံတော် တာဝန်အား မလွှဲမရှောင် သာဘဲ ရယူခဲ့သည့်အချိန်ကာလအတွင်း အဆိုပါ ခက်ခဲနက်နဲသိမ်မွေ့ပြီး အရေးပါသော လုပ်ငန်း တာဝန်ကြီး ညှိနှိုင်းဆွေးနွေးခြင်း (Negotiation) ဖြင့် လက်နက်ကိုင်တိုင်းရင်းသား (၁၇)ဖွဲ့၊ အဖွဲ့ငယ်(၁၃) ဖွဲ့တို့ဖြင့် အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း လက်တွဲ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ထို့အပြင် နယ်စပ်ဒေသတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အားသွန် ခွန်စိုက် ဆောင်ရွက်ပေးနိုင်မှုကြောင့် တည်ငြိမ်အေးချမ်းမှု၏ အသီးအပွင့်များကို ခံစားရရှိခဲ့ပါတယ်။ လက်နက်ကိုင် အဖွဲ့ပေါင်း(၄၀)အဖွဲ့မှ (၁၅)ဖွဲ့ဟာ လက်နက်ကို လုံးဝစွန့်လွှတ်ခဲ့ပါတယ်။ ဒီမိုကရေစီ ကျင့်သုံးသည့် နိုင်ငံတိုင်းနှင့်မတူ မလိုလားအပ်သည့် ပဋိပက္ခများမ ဖြစ်စေရန် တပ်မတော်တစ်ရပ် တည်းသာ ဖွဲ့စည်းထားရှိပါတယ်။ ယနေ့ မြန်မာ့တပ်မတော်သည် တိုင်းရင်းသားအားလုံး ပါဝင် ထမ်းဆောင် နေသည့် ပြည်ထောင်စုတပ်မတော်ဖြစ်သည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ လက်ရှိ ပြည်ထောင်စု အစိုးရ အနေနှင့် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်ရက်စွဲဖြင့် ကြေညာချက်၊ ၁/၂၀၁၁ ထုတ်ပြန်ဖိတ်ခေါ်၍ လည်းကောင်း၊ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဖွဲ့စည်း၍လည်းကောင်း ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်၊ ပြည်ထောင်စုလွှတ်တော် အဆင့် ဆိုပြီး အဆင့်(၃)ဆင့် ချမှတ်၍ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မယ့် နိုင်ငံတော်၏ငြိမ်းချမ်းရေး လမ်းပြမြေပုံအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ဒုတိယသမ္မတ(၂)ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ကာကွယ်ရေးဦးစီးချုပ်တို့ ပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီနေ့ ရက်စွဲဖြင့် ဒုတိယ သမ္မတ ဒေါက်တာစိုင်းမောက်ခမ်း က ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဒုတိယဥက္ကဋ္ဌ အဖြစ် ပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီအား ထပ်မံဖွဲ့စည်းခဲ့ ပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီ သည် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်း၍ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရန် ဆောင်ရွက် လျက်ရှိပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ အပစ်အခတ် ရပ်စဲထားသည့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့(၁၄)ဖွဲ့၊ ဆွေးနွေးဆဲအဖွဲ့(၂)ဖွဲ့ စုစုပေါင်း(၁၆)ဖွဲ့နှင့် တစ်ပြည်လုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လတ်မှတ်ထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်း ရေးရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက် နေသကဲ့သို့ တပ်မတော်အနေဖြင့်လည်း စိတ်တူကိုယ်တူ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူတကွ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်

ကာကွယ်ရေးဦးစီးချုပ်က (၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမှာ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှုနှင့် တိုင်းရင်းသားပြည်သူများ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် စီးပွားရေးပတ်ဝန်းကျင် အခြေခံကောင်းများ ဖန်တီးရန် လိုအပ်သကဲ့သို့ စီးပွားရေး ပတ်ဝန်းကျင် အခြေခံကောင်းများကိုလည်း တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသည့် မည်သည့်ဒီမိုကရေစီ စနစ်ကျင့်သုံးသည့် နိုင်ငံဖြစ်စေကာမူ အကြမ်းဖက်မှုနှင့် လက်နက်ကိုင် ပဋိပက္ခများကို လုံးဝလက်မခံ သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးသည် လက်ရှိ ဒီမိုကရေစီ စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသော မိမိနိုင်ငံအတွက် အလွန်အရေးကြီးသည့် လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရန်ဆိုလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များအတိုင်း အဆင့်ဆင့် လိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အရေးအကြီးဆုံးအချက်မှာ အပစ်အခတ် တိုက်ခိုက်မှု ရပ်စဲရေးပင်ဖြစ်ကြောင်း၊ အပစ်အခတ်တိုက်ခိုက်မှု ရပ်စဲရေးကို ဦးစွာ မဆောင်ရွက်ဘဲ နိုင်ငံရေးဆွေးနွေးပွဲများ ဆောင်ရွက်နေလျှင် သဘောထားမတိုက်ဆိုင်မှုများကြောင့် မလိုအပ်ဘဲ အချိန်ကြန့်ကြာနိုင်သလို နဂိုရှိပြီးသား ညှိနှိုင်းသဘောတူညီမှုများပါ ပျက်ဆီးသွားနိုင်ပြီး လက်နက်ကိုင်ပဋိပက္ခများကိုသာ ပြန်လည်ဦးတည်နိုင်မည် ဆိုသည်ကို သတိထားရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် တစ်နိုင်ငံလုံး အပစ်အခတ် တိုက်ခိုက်မှုရပ်စဲရေးနှင့် လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ဥပဒေနှင့်အညီ ဖြစ်စေရေးသည် အရေးကြီးသည့် အတွက် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ကြောင်း ဟု မိန့်ကြားခဲ့ခြင်းများကို ကြည့်လျှင် တပ်မတော်အနေဖြင့် ပြည်သူလူထုကို အရေးထားသကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ် ရေး ကိုလည်း အထူးအလေးထားကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူကြားက ပေါက်ဖွား လာသည့် တပ်မတော်သားများအနေဖြင့် ပြည်သူလူထုကို အမိအဖသဖွယ် သဘောထားပြီး နိုင်ငံတော် ထာဝရငြိမ်းချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးတို့တွင် တိုင်းရင်းသား အဖွဲ့အစည်းများအားလုံး ပြည်သူတစ်ရပ်လုံးနဲ့အတူ တက်ကြွစွာပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်မှ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်စာအသုံးအနှုန်းများ သုံးခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ငြိမ်းချမ်းရေး မူဝါဒ (၆) ရပ်ကတော့ (၁) ထာဝရငြိမ်းချမ်းရေးရယူရန်အတွက် အမှန်တကယ်ဆန္ဒရှိရန် (genvine wants desire to make a lasting peace)၊ (၂) သဘောတူစာချုပ်များအတိုင်း ကတိတည်ရန် (Commitment to peace agreement)၊ (၃) ငြိမ်းချမ်းရေးသဘောတူညီချက်များကို အမြတ်မထုတ်ရန် (Absustaining from taking unfair advantage for the peace agreement)၊ (၄) ဒေသခံ ပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် (Not affect and the local people)၊ (၅) နိုင်ငံတော်က ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကိုလိုက်နာရန် (Obedience to existing law) (၆) တို့တာဝန်အရေး(၃)ပါးနှင့် ဒီမိုကရေစီ လျှောက်လှမ်းနိုင်မှုတွင် လိုက်ပါလုပ်ဆောင်ရန် (Cooperation to democratic reform build process on the 2008 constitution, our three main national causes and the ascent of democracy) အထက်တွင် ကျွန်တော်တင်ပြခဲ့သော ငြိမ်းချမ်းရေး မူဝါဒများနှင့်အညီ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊

နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျွန်တော်တို့ မျှော်မှန်းထားသော ထာဝရငြိမ်းချမ်းရေး ရေရှည် တည်တံ့ခိုင်မြဲမည်ဟု ယုံကြည်မိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ကာလရှည်ကြာ အမျိုးသားစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်ခဲ့တဲ့အတွက် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုဟာ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက များစွာနောက်ကျကျန်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရမှာ ဖြစ်ပါတယ်။ လက်နက်ကိုင် ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ စစ်ရေးနည်းလမ်း အရ ဖြေရှင်းခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ ထာဝရ ငြိမ်းချမ်းရေး ရရှိရန် နိုင်ငံရေးနည်းလမ်းဖြင့် ညှိနှိုင်း ဆွေးနွေးအဖြေရှာရမည် ဖြစ်ပါတယ်။ လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် ငြိမ်းချမ်းရေးဖိတ်ခေါ်ကာ သဘောထားကြီးစွာဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရ၏ ထာဝရ ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များအတိုင်း တပ်မတော်အနေဖြင့် လိုက်ပါအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ရည်မှန်းထားသည့် ထာဝရ ငြိမ်းချမ်းရေး ရရှိရန်နှင့် ဥပဒေတစ်ခုတည်းအောက်တွင် ကျွန်တော်တို့အားလုံး တန်းတူညီမျှ နေထိုင် သွားကြခြင်းအားဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားကြပါလို့ တိုက်တွန်းရင်း ကျွန်တော့်ရဲ့ အကြံပြုဆွေးနွေးချက်အား နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းသန့် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၃၅။**

**ဗိုလ်မှူးမျိုးမင်းသန့် (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၃၅၆၅ ဗိုလ်မှူးမျိုးမင်းသန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းတဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် ပတ်သတ်၍ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်ဝေါဟာရများကို ထည့်သွင်းအသုံးပြုခွင့်ပြုပါရန် ကြိုတင်ခွင့်တောင်းအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေ စိုးမိုးမှုရှိရန် လိုအပ်ပါတယ်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုမရှိပါက တရားဥပဒေစိုးမိုးမှု မရှိနိုင်သကဲ့သို့

ဖွံ့ဖြိုးတိုးတက်မှုလည်း မရှိနိုင်ပါ။ တရားဥပဒေစိုးမိုးမှုမရှိပါက နိုင်ငံသားအားလုံး၏ အသက်အိုးအိမ် စည်းစိမ်ကို အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်မှာ မဟုတ်ပါဘူး။ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန် မဖြစ်မနေလိုအပ်ပါတယ်။ နိုင်ငံတည်ငြိမ်အေးချမ်းမှသာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝများ တိုးတက်လာမှာ ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုအပေါ် တည်မှီလျက်ရှိပါတယ်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံနှင့်အညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအား လိုအပ်ပါတယ်။ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှုရရှိမှသာ နိုင်ငံနဲ့အဝှမ်း ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်သည်ဟု သတ်မှတ်နိုင်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှုများအား လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ လူမျိုးစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် ပေါ်ပေါက်လာတဲ့ ပြည်တွင်းလက်နက်ကိုင် တိုက်ခိုက်မှုများကြောင့် ပါလီမန်ဒီမိုကရေစီ အစိုးရကာလများအား ရန်ကုန်အစိုးရ ဟု ခေါ်ခံရသည်အထိ ပြည်တွင်းစစ်မီးတောက်လာခဲ့ပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက် တက်လာတဲ့ ပါလီမန်ဒီမိုကရေစီ အစိုးရ၊ အိမ်စောင့်အစိုးရ၊ တော်လှန်ရေးကောင်စီအစိုးရနဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ၊ တပ်မတော်အစိုးရကာလများမှာ ထာဝရငြိမ်းချမ်းရေးရရှိရေးကို နည်းမျိုးစုံဖြင့် ကြိုးစားခဲ့ပါတယ်။ တပ်မတော်အစိုးရကာလတွင်သာ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်နိုင်သော်လည်း ထာဝရငြိမ်းချမ်းရေးရရှိအောင် အပြည့်အဝ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါဘူး။ လက်နက်ကိုင် တိုက်ခိုက်မှုများကြောင့် ပြည်သူတို့ရဲ့ အသက်အိုးအိမ် များစွာဆုံးရှုံးခဲ့ရသည့်အပြင် ပြည်နယ်၊ ပြည်မ၊ နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ခြင်း မရှိသလို စီးပွားရေးတွင်လည်း တိုးတက်မှု ရှိသင့်သလောက်မရှိခဲ့ပါဘူး။ အရှေ့တောင် အာရှနိုင်ငံများတွင် ထိုင်းနိုင်ငံမှလွဲ၍ မြန်မာနိုင်ငံအပါအဝင် ကျန်နိုင်ငံအားလုံးဟာ ကိုလိုနီဘဝ ကျရောက်ခဲ့တဲ့နိုင်ငံများ ဖြစ်ပါတယ်။ လွတ်လပ်ရေးရရှိမှုတွင်လည်း မြန်မာနိုင်ငံနဲ့ မရှေးမနှောင်း လွတ်လပ်ရေး ရရှိခဲ့တဲ့ နိုင်ငံများပဲ ဖြစ်ပါတယ်။ ဒီနိုင်ငံအားလုံးမှာ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် လွတ်လပ်ရေးရပြီး မကြာမီတွင် ပြည်တွင်းလက်နက်ကိုင် တိုက်ခိုက်မှုများ ပေါ်ပေါက်လာပါတယ်။

သို့ရာတွင် ယနေ့ကာလ၌ မြန်မာနိုင်ငံမှလွဲ၍ ကျန်နိုင်ငံအားလုံးဟာ ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှုများကို အဆုံးသတ်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံထက် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ရရှိနေပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ လူဦးရေသန်း (၁၀၀၀) ကျော်ရှိတဲ့ အင်အားကြီး နှစ်နိုင်ငံကြားမှာ ပထဝီအနေအထားအရ မဟာဗျူဟာကျကျ တည်ရှိနေရာ နိုင်ငံရဲ့အချုပ်အခြာအာဏာ မဆုံးရှုံးရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုရှိရေးတို့မှာ အလွန်အရေးကြီးလှပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရအသစ်ဟာ ယခုအခါပေါ်ပေါက်နေပြီဖြစ်ပါတယ်။ ပေါ်ပေါက်လာတဲ့ အစိုးရအနေဖြင့် ပြည်သူတို့၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနိုင်ငံ

တည်ဆောက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက် ရှိသကဲ့သို့ နိုင်ငံတော်တည်ငြိမ်ရေး တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ ထာဝရ ငြိမ်းချမ်းရေး ရရှိအောင်လည်း ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရ အနေဖြင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟို ကော်မတီနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် အဆင့်(၃)ဆင့်ပါတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ အဆင့်(၁)အနေနဲ့ ပြည်နယ်အတွင်းတွင် အပစ်အခတ်ရပ်စဲရေး သဘော တူညီရေးအဆင့်၊ အဆင့်(၂)အနေဖြင့် ပြည်ထောင်စုအဆင့်တွင် နိုင်ငံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ များ ဆွေးနွေးသည့် အဆင့်နှင့် အဆင့်(၃)အနေဖြင့် အဓိကအင်အားစုများ ပါဝင်သော နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီးတစ်ရပ် ပြုလုပ်၍ အမျိုးသားရေး သဘောတူညီချက် National Accord တစ်ခုရယူရန် ဖြစ်ပါတယ်။

မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Centre) ကို ဖွဲ့စည်းတည်ထောင်ပြီးတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်း ကော်မတီက ချမှတ်သော လုပ်ငန်းလမ်းညွှန်ချက်၊ မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ အပစ်အခတ်ရပ်စဲထားတဲ့ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့(၁၄)ဖွဲ့၊ ဆွေးနွေးဆဲ အဖွဲ့(၂)ဖွဲ့၊ စုစုပေါင်း(၁၆)ဖွဲ့နဲ့ တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် အပစ်အခတ် ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ အပစ်အခတ် ရပ်စဲရေးမှသည် နိုင်ငံရေး ဆွေးနွေးပွဲဆီသို့ ဦးတည်ရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (Peace Process) အမှန်မှာ အပစ်အခတ်ရပ်စဲပြီးမှသာ နိုင်ငံရေးလမ်းပြမြေပုံများကို ချမှတ်ခြင်း ဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေး ရရှိ ရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့အပေါ်ကို အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ (၃)နှစ်ကျော် သက်တမ်းသာရှိသေးတဲ့ မြန်မာ့ဒီမိုကရေစီမှာ ရင့်ကျက်မှု မရှိသေးဘဲ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးအတွက် အစိုးရနှင့် တပ်မတော်သည် စိတ်ရှည် သည်းခံ၍ ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များမှာ တပ်မတော်၊ နိုင်ငံတော်အစိုးရ၊ လွှတ်တော်နဲ့ အတူ တပ်မတော်ဟာ သဘောထားတစ်ခုတည်းရှိပြီး ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် တိုင်းရင်းသား အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အခက်အခဲများနှင့် တွေ့ကြုံနေရသော်လည်း မိမိကတိပြုထားသည့် အတိုင်း ပြည်သူများ ဆန္ဒပြင်းပြသည့် ငြိမ်းချမ်းရေး ရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားထားပြီး ဖြစ်ပါတယ်။ တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက် နိုင်ရန် ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ မူဝါဒချမှတ်ထားပါတယ်။ ထာဝရငြိမ်းချမ်းရေး ရယူရန်အတွက် အမှန်တကယ်ဆန္ဒရှိရန်၊ သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်၊ ငြိမ်းချမ်းရေး သဘောတူညီမှုများ အပေါ် အမြတ်မထုတ်ရန်၊ ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်၊ နိုင်ငံတော်က ထုတ်ပြန်

ထားတဲ့ တည်ဆဲဥပဒေများကို လိုက်နာရန်၊ တို့တာဝန်အရေး(၃)ပါးနဲ့အညီ ဒီမိုကရေစီ၏ အနှစ်သာရကို လက်ခံပြီး ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဒီမိုကရေစီစနစ် လျှောက်လှမ်းနေမှုတွင် လိုက်ပါ လုပ်ဆောင်ရန်တို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အခြေခံမူများဟာ နိုင်ငံတော်ရဲ့ အခြေခံမူဝါဒများဖြစ်ပြီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူအတိုင်း လိုက်နာရန် လိုအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ မှာ ပြည်ထောင်စု လွှတ်တော်သည် ဇယား(၁)တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စုတစ်စိတ်တစ်ဒေသ အတွက်သော်လည်းကောင်း၊ အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၁၈၈ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား(၂)တွင်ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း၊ အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့် ရှိသည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၁၉၆ တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ဦးစီးအဖွဲ့များအား မိမိတို့တိုင်း သို့မဟုတ် ဒေသအတွက် ဇယား(၃)တွင် ဖော်ပြထားသော ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းသည်ဟု ပြဋ္ဌာန်း ထားပါတယ်။ ဇယားများပါ ဥပဒေပြုခွင့်များကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် အပြည့်အဝ ကျင့်သုံး နိုင်ခြင်း မရှိသည်ကို တွေ့ရှိရပါတယ်။ ပြည်ထောင်စုစနစ် ပိုမိုပီပြင်စေရန်အတွက် Power Sharing, Resource Sharing များကို ပြင်ဆင်ခြင်းနှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးကိစ္စရပ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ စွမ်းဆောင်ရည် မြင့်မားရေးတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး သဘောတူညီချက်စာချုပ်များဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၁)၊ နိုင်ငံတော် အခြေခံမူများနှင့် ကွဲလွဲမသွားရန်လည်း လိုအပ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့မှာတော့ ပြည်ထောင်စုစနစ်ကို ဖော်ဆောင်ထားကြောင်း အတိအလင်း ကြေညာထားပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တန်းတူအခွင့်အရေးများကိုလည်း ပေးထားပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အမျိုးသားနိုင်ငံရေးကို အခြေခံပြီး ရေးဆွဲထားခြင်း ဖြစ်သည့် အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေအတိုင်း ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ လိုလားတောင်းတတဲ့ ပြည်ထောင်စုစနစ်ကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တပ်မတော်ရဲ့ သဘောထားရပ်တည်ချက်ကတော့ လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေး ကို အမှန်တကယ် ရယူလိုသည့် ဆန္ဒရှိရမည်ဖြစ်ပြီး၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီစနစ်ကို ဆက်ခံရမှာ ဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များဟာလည်း ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လိုက်လျောညီထွေ ရှိရမှာ ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)မှာ တပ်မတော်သည် အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော် ဖြစ်သည်ဟု

ပြဋ္ဌာန်းထားပါတယ်။ ဒီမိုကရေစီစနစ် ကျင့်သုံးသည့် နိုင်ငံတိုင်းမှာ တပ်မတော်တစ်ရပ်ထဲသာရှိပြီး အဲဒီ တပ်မတော်ဟာ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လေ့ရှိပါတယ်။ ယနေ့ တပ်မတော်တွင်လည်း နိုင်ငံအဝှမ်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသားပေါင်းစုံ ပါဝင်ဖွဲ့စည်းတာဝန် ထမ်းဆောင်လျက်ရှိတဲ့အတွက် ပြည်ထောင်စုတပ်မတော်ပင်ဖြစ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၈ တွင် နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနရှု၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ၊ ချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှု မရှိစေရဟု ပြဋ္ဌာန်းထားခဲ့ပြီး ဖြစ်သဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမ အားလုံးကို တန်းတူအခွင့်အရေးပေးပြီး ဖြစ်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံ၊ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရန်အတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီ ချက်များမှာ အပြည်ပြည်ဆိုင်ရာ ဝင်ရောက်စွတ်ဖက်မှု (International Intervention) ပါသည့် အခြေအနေမျိုး မဖြစ်ရန်မှာ အထူးအလေးထား ထည့်သွင်းစဉ်းစားရမယ့်အချက် ဖြစ်ပါတယ်။ အပစ် အခတ်ရပ်စဲရေး သဘောတူညီချက်များဟာ ရေတို/ရေရှည်၊ ရေတိုအဆင်ပြေရေးအတွက်ကိုသာ မကြည့်ဘဲ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရေရှည်ထာဝရ တည်တံ့ခိုင်မြဲသော ထာဝရ ငြိမ်းချမ်းရေး ရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှ စတင်ပေါ်ပေါက်လာခဲ့တဲ့ ပြည်တွင်းစစ်ရဲ့ ခါးသီးမှု အနိဋ္ဌာရုံများကို သင်ခန်းစာရယူပြီးတော့ တို့တာဝန် အရေး(၃)ပါးကို ထာဝစဉ်ဦးထိပ်ထားလျက် ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံး အပါအဝင် နိုင်ငံသားအားလုံးက နိုင်ငံရေးနည်းလမ်းဖြင့် အလေးအနက်ထား ပါဝင် ဆောင်ရွက်သွားကြပါလို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၅။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေး ကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်ရင် မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်မှု ရှိတဲ့အချိန် တိုင်းပြည်အင်အားရှိပြီး၊ အိမ်နီးချင်းနိုင်ငံများမှ လေးစားရပြီး တန်ခိုးအာဏာ အထွဋ်အထိပ် ရောက်ရှိခဲ့ပါတယ်။ နိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး အားနည်းတဲ့အချိန်အခါမှာ အိမ်နီးချင်းနိုင်ငံများမှ ကျူးကျော်ရန်စခြင်း ခံခဲ့ရပါတယ်။ တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်မှုနဲ့ နယ်ချဲ့အင်္ဂလိပ်နဲ့ ဖက်ဆစ်ဂျပန်ကို တိုက်ထုတ်နိုင်ခဲ့လို့လည်း အင်္ဂလိပ်အစိုးရထံမှ လွတ်လပ်ရေး ရရှိခဲ့ ပါတယ်။ လွတ်လပ်ရေးလည်းရရော ဗမာပြည်ကွန်မြူနစ်ပါတီ စပြီးတောခိုသွားပါတယ်။ အဲဒီနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ပေါ်ထွက်လာခဲ့ပါတယ်။ နှစ်ပေါင်း(၆၀)ကျော် ပြည်တွင်း စစ်မီးကြောင့် ဘယ်အစိုးရပဲ တက်လာ တက်လာ၊ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် မစွမ်းဆောင် နိုင်ခဲ့တဲ့အတွက် အာရှမပြောနဲ့ အာဆီယံနိုင်ငံမှာတောင် အနိမ့်ဆုံးဘဝကို ဆိုက်ရောက်ခဲ့ရ ပါတယ်။ ဒါတွေကို သင်ခန်းစာရယူကြရမှာ ဖြစ်ပါတယ်။ ဘယ်ပါတီအစိုးရပဲ တက်တက်၊ ပြည်တွင်းစစ် မရပ်စဲ နိုင်ရင် တိုင်းရင်းသားလူမျိုးအားလုံး ကျေကျေနပ်နပ်လက်ခံနိုင်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမျိုး မလုပ် နိုင်ရင် တိုင်းပြည်ရဲ့ ဖွံ့ဖြိုးမှုလုပ်ငန်း အကောင်အထည်ဖော်ရာမှာ နှေးကွေးကြန့်ကြာနေဦးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ယခုလို ပါတီစုံ ဒီမိုကရေစီခေတ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အပစ်အခတ်ရပ်စဲရေး (Cease Fire)၊ ငြိမ်းချမ်းရေး ဖြစ်စဉ် (Peace Process)၊ နိုင်ငံရေး တွေ့ဆုံ ဆွေးနွေးပွဲနဲ့ ပတ်သက်သော စည်းမျဉ်းစည်းကမ်းများ သက်ဆိုင်သော (Framework, Politicial Dialogue)၊ လုပ်ငန်းစဉ် (Single Test) စသည်တို့ကို စနစ်တကျနဲ့ ခိုင်မာတည့်တံ့သော ငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းညှိနှိုင်း ဆွေးနွေးနေကြပါတယ်။ ခေတ်အဆက်ဆက်က ငြိမ်းချမ်းရေးကို အစိုးရနဲ့ လက်နက်ကိုင်အဖွဲ့များ ညှိနှိုင်းဆွေးနွေးသော်လည်း အောင်မြင်မှုမရရှိဘဲ ပျက်ပြယ်သည်သာ များခဲ့ ပါတယ်။ သို့သော် ယခု ညှိနှိုင်းဆွေးနွေးပွဲသည် ပြည်တွင်းပဋိပက္ခနှင့် ပတ်သက်ပြီး အပစ်အခတ် ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးကို သမိုင်းမှာ အကောင်းဆုံး အနေအထားအဆင့်တစ်ခု ရအောင် တည်ဆောက်လာနိုင်ကြောင်း တွေ့ရှိနေရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ ကောင်းမွန်သောရလဒ် ရရှိလာရန်ကို တစ်တိုင်းတစ်ပြည်လုံး တိုင်းရင်းသားပြည်သူများ မျှော်လင့် တောင့်တနေကြပါတယ်။ နိုင်ငံတော်ရဲ့အနာဂတ်အကျိုးအတွက် တွေ့ဆုံညှိနှိုင်းနေကြသော ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ မြန်မာ့တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ ညီညွတ်သော တိုင်းရင်းသားများ ဖယ်ဒရယ်ကောင်စီ (UNFC)၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)၊ မြန်မာ့ ငြိမ်းချမ်းရေး စင်တာ (MPC, PCD)၊ ငြိမ်းဖောင်ဒေးရှင်းနဲ့ အခြားပါဝင်သူများကို ပြည်သူများနဲ့အတူ လွှတ်တော်မှ ကျေးဇူးတင် ရှိကြောင်း မှတ်တမ်းတင်ကြရမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး အပြီးတိုင် ငြိမ်းချမ်းရေး ရရှိနိုင်ရန်အတွက် ပါဝင်ဆွေးနွေးကြသူအားလုံး နိုင်ငံတော်ရဲ့ ရှေ့ရေးအတွက် ပြည်သူများရဲ့မျက်နှာကို ကြည့်ပြီး၊ နှစ်ဦးနှစ်ဖက်မှ သည်းခံခြင်း၊ ခွင့်လွှတ်

ခြင်း၊ သဘောထားကြီးခြင်း၊ အပြန်အလှန် အပေးအယူပြုခြင်း၊ မေတ္တာပြခြင်းဖြင့် အောင်မြင်သည်အထိ ညှိနှိုင်းဆွေးနွေးသွားနိုင်ရန် ပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေကြပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိပြီး၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိဖို့ဆိုရင် ပြည်သူများ ပြောနေကြတဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးတို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အဃာတထားပြီး၊ အပဟန့်အတားဖြစ်စေတဲ့ နိုင်ငံရေး အင်အားစုများ အချင်းချင်းအကြား ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းကို ရှောင်ရှားပြီး ကြုံတွေ့ရတဲ့ စိန်ခေါ်မှုများကို ဆွေးနွေးညှိနှိုင်း အဖြေရှာကြိုးပမ်းလုပ်ဆောင်သွားကြရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးအတွက် မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ ဌာနေ တိုင်းရင်းသားလူမျိုး (၁၃၅)မျိုး အားလုံးဟာ အမိမြန်မာနိုင်ငံအတွင်းမှာ မိမိပြည်နယ်၊ တိုင်းဒေသကြီးအလိုက် လူမျိုးတိုင်း တန်းတူညီမျှရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ဖယ်ဒရယ်ပြည်ထောင်စုစနစ်နဲ့ အနာဂတ်ကို ပုံဖော်သွားကြရမှာ ဖြစ်ပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးတွေရဲ့ လုပ်ပိုင်ခွင့်အာဏာခွဲဝေမှုနဲ့ သယံဇာတခွဲဝေမှုတွေကို အဆင်ပြေအောင် ညှိနှိုင်းနိုင်ကြပြီး ဖယ်ဒရယ်ပြည်ထောင်စုစနစ်နဲ့ သွားနိုင်ကြမယ်ဆိုရင် ပြည်တွင်းစစ်မီးငြိမ်းအေးသွားမှာ ဧကန်အမှန်ဖြစ်တယ်လို့ ယုံကြည်သုံးသပ်မိပါတယ်ခင်ဗျား။

ဆက်လက်ပြီး တပ်မတော် အခန်းကဏ္ဍမှာလည်း ပြည်ထောင်စုတပ်မတော်ပဲ ခေါ်ခေါ်၊ မြန်မာ့တပ်မတော်ပဲ ပြောပြော၊ ဆိုလိုရင်းသည် တိုင်းရင်းသားလူမျိုးများနဲ့ ဖွဲ့စည်းထားတဲ့ တပ်မတော် ဆိုတာပဲ ဖြစ်ပါတယ်။ ယင်းအဓိပ္ပာယ် ပေါ်လွင်ရာမှာ တပ်မတော်အတွင်းမှာ တိုင်းရင်းသားလူမျိုးများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လူမျိုးမရွေး၊ ဘာသာမရွေး၊ အရည်အချင်းရှိသူများကို တပ်မတော်မှာ တပ်မမှူး၊ တိုင်းမှူး၊ ဗိုလ်မှူးကြီးများအဆင့်၊ ဗိုလ်ချုပ်ကြီးများအဆင့် ယုံယုံကြည်ကြည်နဲ့ တာဝန်ပေးအပ်ဖို့ လိုအပ်လှပါတယ်။ ပြည်ထောင်စုတပ်မတော်ဆိုပြီး တပ်မတော်မှာ အကြပ်တပ်သား၊ အရာရှိငယ်လောက်နဲ့ မပြီးပြည့်စုံပါ။ အရည်အချင်းရှိတဲ့ တိုင်းရင်းသားတပ်မတော်သားများကို လူမျိုး၊ ဘာသာ မခွဲခြားဘဲ ဥပဒေနဲ့အညီ ယုံယုံကြည်ကြည်နဲ့ ရာထူးကြီးများ ပေးအပ်ဖို့ လိုအပ်လှပါတယ်။ နှစ်(၆၀) စစ်မီးကြောင့် တစ်ဖက်နဲ့တစ်ဖက် သံသယရှိခဲ့ကြမှာ ဖြစ်သော်လည်း၊ ယခုအချိန်မှာတော့ စိတ်ဓာတ်နဲ့ စိတ်ထားကို အမြန်ဆုံး ပြုပြင်ပြောင်းလဲသွားကြရမှာလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်ရဲ့ အနာဂတ်မှာ တိုင်းရင်းသားများကို အရည်အချင်းအလိုက် ဥပဒေနဲ့အညီ စစ်ဘက်၊ နယ်ဘက်တွေမှာ တာဝန်ကြီးကြီးများ တန်းတူညီမျှစွာ ထမ်းဆောင်နိုင်ရန် တာဝန်ရှိသူ အကြီးအကဲများမှ စီစဥ်ဆောင်ရွက်ပေးရမှာလည်း ဖြစ်ပါတယ်။ သို့မှသာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်နိုင်မှာ ဖြစ်ပါတယ်လို့ ကျွန်တော်အလေးအနက် ယုံကြည်ပါတယ်။ ယခု ငြိမ်းချမ်းရေး ဆွေးနွေးနေတဲ့ အဖွဲ့အစည်းတွေထဲမှာ တပ်မတော်ဘက်မှ ဗဟိုအဆင့် တိုင်းရင်းသားအရာရှိ အကြီးအကဲများ ပါရှိခဲ့မယ်ဆိုရင် ယုံကြည်မှုပိုမိုရရှိနိုင်စေပြီး၊ ဆွေးနွေးပွဲဟာလည်း လျင်မြန်စွာအောင်မြင်နိုင်မယ်လို့ ကျွန်တော် သုံးသပ်မိပါတယ်။ ယခင်ကာလများက တိုင်းရင်းသားလူမျိုးအချင်းချင်း တန်းတူညီမျှတဲ့ အခွင့်အရေး မရရှိခြင်းဟာ ရေရှည်မှာ နှစ်ဦးနှစ်ဖက်အတွက် ဆိုးကျိုးများသာ ဖြစ်စေတယ်ဆိုတာတွေကို သင်ခန်းစာ ရယူပြီး အနာဂတ် မြန်မာနိုင်ငံတော်အတွက် တာဝန်ရှိ နိုင်ငံ့အကြီးအကဲများမှ တိုင်းရင်းသားပြည်သူများကို ဖွဲ့စည်းပုံအခြေခံ

ဥပဒေပါအတိုင်း အခွင့်အရေးများ တန်းတူရရှိအောင် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေး သွားရမှာလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြ ဆွေးနွေးလိုတာကတော့ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမယ်ဆိုရင် မြန်မာ့သမိုင်းကို ပြန်လှည့်မကြည့်လို့ မရပါဘူး။ ပင်လုံစာချုပ်ကို ပြန်ပြောင်းကြည့်မယ်ဆိုရင် ဘုံအကျိုးစီးပွားဖြစ်သော တန်းတူရေး၊ မျှတရေး၊ အာဏာခွဲဝေရေး တို့ကို အခြေခံ၍ အာဏာစုပေါင်းပြီး တည်ထောင်ခဲ့တဲ့ တိုင်းရင်းသားလူမျိုးများ အားလုံးပိုင်တဲ့ နိုင်ငံဖြစ်တည်လာခြင်းအပေါ် အခြေခံ၍သာလျှင် ငြိမ်းချမ်းရေး အတွက် ညှိနှိုင်းအဖြေရှာ ဆွေးနွေးသွားရမှာဖြစ်ပါကြောင်း အလေးအနက် အကြံပြုဆွေးနွေးရင်း ကချင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်နေမှုများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၅၅ နာရီတွင် ခေတ္တရပ်နားပြီး ၁၂း၅၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။

**အချိန်၊ ၁၂း၅၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၂း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်းခွင့် (၂၂)ဦး ရှိပါတယ်။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသ ဖွံ့ဖြိုးရေး၊ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကော်မတီအစည်းအဝေး။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ကော်မတီအစည်းအဝေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကော်မတီအစည်းအဝေး။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ကော်မတီအစည်းအဝေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကော်မတီ အစည်းအဝေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း (၈)၊ ကော်မတီအစည်းအဝေး။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကော်မတီအစည်းအဝေး။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချို့ဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊

ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ၎င်းအတိုင်း။ ဦးစိုးမြင့်၊ ပဲခူး(၆)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ၎င်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ၎င်းအတိုင်း။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကော်မတီအစည်းအဝေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကော်မတီအစည်းအဝေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ နေ့လယ်ပိုင်း ခွင့်ပန်ကြားမှုများအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၀။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပြီးတော့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဂါရဝပြုဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးနဲ့အတူ ပြည်တွင်းပဋိပက္ခကလည်း အတူပေါက်ဖွားလာခဲ့ကြောင်း ခေတ်အဆက်ဆက် အစိုးရအဖွဲ့အသီးသီးကလည်း ပြည်တွင်းငြိမ်းချမ်းရေးရဖို့ ကြိုးစားခဲ့ကြောင်း၊ ဒါပေမဲ့ ငြိမ်းချမ်းရေးမတည်ဆောက်နိုင်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေအားလုံး အနိမ့်ကျဆုံးဖြစ်ခဲ့ရကြောင်း၊ လွန်ခဲ့တဲ့ နှစ်ပေါင်း(၆၆)နှစ်လုံးတွင် ပြည်တွင်းငြိမ်းချမ်းရေးကို အစွမ်းကုန်ဆောင်ရွက်ခဲ့ကြပေမယ့် အောင်မြင်ပြီးမြောက်တဲ့အထိ မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခု ဒီမိုကရေစီအစိုးရလက်ထက်တွင်မှ အဆင့်တစ်ခုအထိ ရောက်အောင် တည်ဆောက်နိုင်ကြောင်း အဆိုရှင်က ပြောကြားခဲ့ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ဖ.ဆ.ပ.လ၏ ပါလီမန်ဒီမိုကရေစီ အုပ်ချုပ်ရေးကာလ၊ ၁၉၅၉ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ အိမ်စောင့်အစိုးရ အုပ်ချုပ်ရေးကာလနဲ့ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ ပ.ထ.စ အစိုးရ အုပ်ချုပ်ရေးကာလတို့မှာ ပြည်တွင်း

ငြိမ်းချမ်းရေးအတွက် စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တော်လှန်ရေးကောင်စီ အစိုးရလက်ထက်မှာ ပြည်တွင်းငြိမ်းချမ်းရေး ရရှိဖို့အတွက် တောတွင်းလက်နက်ကိုင်အဖွဲ့များနဲ့ အကြိမ်ကြိမ်ဆွေးနွေးခဲ့ပါတယ်။ အဲဒီအဖွဲ့တွေကတော့ ကွန်မြူနစ်ပါတီ ဗမာပြည်ကိုယ်စားလှယ်အဖွဲ့၊ ရခိုင်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့၊ ရှမ်းအမျိုးသား တပ်ပေါင်းစုနှင့် ရှမ်းပြည် လွတ်မြောက်ရေးတပ်မ ကိုယ်စားလှယ်အဖွဲ့၊ ကချင်လွတ်လပ်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့၊ ရဲဘော်ဌေး ခေါင်းဆောင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့၊ မန်းဘဇံ ခေါင်းဆောင်တဲ့ KNU ပါတီ၊ မွန်ပြည်သစ်ပါတီနဲ့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့ ပါဝင်တဲ့ (၃)ပါတီ ကိုယ်စားလှယ်အဖွဲ့၊ မ.တ.ည.တ ကိုယ်စားလှယ်အဖွဲ့၊ မုဆိုးဂေါ်ဂတ်ဆာ ဟန်သာသာမွှေး ခေါင်းဆောင်တဲ့ ကရင်တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့တွေပဲ ဖြစ်ပါတယ်။

ဒီကိုယ်စားလှယ်အဖွဲ့တွေနဲ့ ဆောင်ရွက်နိုင်ဖို့ ၁၉၆၃ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့မှာ တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းချက်ကို အောက်ပါအတိုင်း တော်လှန်ရေးကောင်စီ အစိုးရက ထုတ်ပြန်ကြေငြာခဲ့ပါတယ်။ (၁) တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်လို၍ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်သည် မလုံလောက်ဟုဆိုပါက တော်လှန်ရေးကောင်စီသည် ပြဿနာအဝဝကို ကူညီဖြေရှင်းလိုပါသည်။ (၂) တွေ့ဆုံဆွေးနွေးရာ၌ ကြိုတင်စည်းကမ်းသတ်မှတ်ချက်မျိုး မထားဘဲ တိုင်းပြည်၏ ပကတိအခြေအနေကို လက်တွေ့ကျကျ ဆွေးနွေးဖြေရှင်းမည်။ (၃) ဆွေးနွေးရာတွင် အမြတ်မထုတ်ကြဘဲ လုပ်သားပြည်သူတို့အကျိုးကိုသာ အာရုံစိုက်ဆွေးနွေးမည်။ (၄) မည်သည့်အကြောင်းနှင့် ပင်ဖြစ်စေ တောတွင်း၌ရောက်ရှိနေကြသော မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းနှင့်မဆို တွေ့ဆုံဆွေး နွေးမည်။ (၅) လာရောက်ဆွေးနွေးသော တောတွင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ လုံခြုံရေးကို တော်လှန်ရေးကောင်စီက တာဝန်ယူမည်။ (၆) အကယ်၍ ဆွေးနွေးပွဲ မအောင်မြင်သဖြင့် တောတွင်းမှ ကိုယ်စားလှယ်များ တောတွင်းသို့ ပြန်သွားလိုပါလျှင် သွားလိုရာဒေသအထိ လိုက်ပို့ပေးမည်သာမက (၃)ရက်အတွင်း ဖမ်းဆီးခြင်း၊ တိုက်ခိုက်ခြင်း လုံးဝပြုလုပ်မည် မဟုတ်ဆိုတဲ့ အချက်တွေနဲ့ ဖိတ်ခေါ်ခဲ့ ပါတယ်။ ဒါ့အပြင် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အတားအဆီးဖြစ်လျက်ရှိတဲ့ ယခင် အစိုးရအဖွဲ့အဆင့်ဆင့် ထုတ်ပြန်ကြေညာခဲ့တဲ့ တောတွင်း လက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များ အတွက် ဖမ်းဆီးရင် ဆုငွေအမိန့်များကိုလည်း ရုပ်သိမ်းပေးပြီး ဆွေးနွေးခဲ့ကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် နိုင်ငံတော် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကာလ သတ်မှတ်ပေးပြီးတော့ တောတွင်းလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခဲ့ပေမယ့် မအောင်မြင်ခဲ့ကြောင်းလည်း တွေ့ရှိခဲ့ရပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်မှာတော့ အမျိုးသားညီညွတ်ရေးပါတီ 'ဝ' အဖွဲ့၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်ဖွဲ့၊ ရှမ်းပြည်နယ်အရှေ့ပိုင်းစစ်ရေးနဲ့ ဒေသန္တရအုပ်ချုပ်ရေးကော်မတီ (NDAA)၊ (SSPP) ရှမ်းပြည်တိုးတက်ရေးပါတီ၊ ဒီမိုကရေစီသစ်တပ်မတော် (ကချင်)၊ ကချင်အမျိုးသားတိုးတက်ရေးနှင့် လုံခြုံရေးတပ်မတော် (ADA)၊ ပအိုဝ့် အမျိုးသားအဖွဲ့ (PNO)၊ ပလောင်ပြည် လွတ်မြောက်ရေးတပ်မတော် (PSLA)၊ ကယန်းအမျိုးသား လုံခြုံရေးတပ် (Karen National Guard)၊ KIO စတဲ့အဖွဲ့တွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပါတယ်ခင်ဗျား။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်အရ ပေါ်ပေါက်လာတဲ့ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုလွှတ်တော်၊ တရားစီရင်ရေးအဖွဲ့တို့နဲ့ ဟန်ချက်ညီညီ လက်တွဲပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက် ရှိပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဆွေးနွေးရာမှာ ဦးဆောင်ဦးရွက်ပြုရန်နဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီတို့ကို ၂၀၁၂ ခုနှစ်၊ မေလ(၃)ရက်နေ့မှာ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်နဲ့ ပြည်ထောင်စုလွှတ်တော်အဆင့် ဆိုတဲ့ အဆင့်(၃)ဆင့် ပိုင်းခြားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရာမှာ (၁) နှစ်ဦးနှစ်ဘက် ပစ်ခတ်တိုက်ခိုက်မှု ရပ်ဆိုင်းရေး။ (၂) နှစ်ဖက်သဘောတူညီမှု ညှိနှိုင်းရရှိထားသည့် သတ်မှတ်နေရာတွင် နေထိုင်ရေး။ (၃) သတ်မှတ်နေရာမှအပ အခြားဒေသသို့ လက်နက်ဖြင့် သွားလာခြင်း မပြုရေး။ (၄) ဆက်ဆံရေးစခန်းကို နှစ်ဘက်သဘောတူသော သင့်လျော်သည့်နေရာ၌ လက်နက် မပါထားရှိရေး။ (၅) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်အဖွဲ့ တရားဝင်ဖွဲ့စည်းပေးရန်နှင့် ဆွေးနွေးမည့် အချိန်နေရာတို့ကို ညှိနှိုင်းရေးတို့ ပါဝင် ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရာမှာ (၁) ပြည်ထောင်စုအတွင်း အမြဲအတူတကွ ပူးပေါင်းနေထိုင်ရေး။ (၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို သဘောတူရေး။ (၃) စီးပွားရေးလုပ်ငန်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဥပဒေနဲ့အညီ နှစ်ဦးနှစ်ဖက် ပူးတွဲ၍ တရားဝင်ဆောင်ရွက်ရေး။ (၄) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တိုက်ဖျက်ရေးအား ပူးပေါင်းဆောင်ရွက်ရေး။ (၅) ပါတီ ထူထောင်၍ ရွေးကောက်ပွဲဝင်ရေး။ (၆) ဖွဲ့စည်းပုံအခြေခံဥပဒေအား လက်ခံရန်နှင့် ပြင်ဆင်လိုသည့် ကိစ္စများရှိပါက လွှတ်တော်အတွင်း၌ အများသဘောတူ ဆန္ဒနဲ့အညီ ဆောင်ရွက်ရေး။ (၇) ထာဝရငြိမ်းချမ်းရေးအတွက် ဥပဒေဘောင်အတွင်းသို့ အပြီးအပိုင်ဝင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တန်းတူညီတူ နေထိုင်သွားလာ လုပ်ကိုင်စားသောက်ရေး။ (၈) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တစ်ခုတည်းသော လက်နက်ကိုင်အဖွဲ့အစည်းအဖြစ် အသွင်ကူးပြောင်းရေးကို အဖွဲ့ပေါင်း (၁၆)ဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်ရေးစတဲ့ အချက်များ ပါဝင်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့ဆောင်ရွက်ရာမှာ ပြည်နယ်အဆင့် (၁၅)ကြိမ်၊ ပြည်ထောင်စုအဆင့် (၁၉)ကြိမ်၊ ပဏာမအဆင့် (၄)ကြိမ်ခန့် အောင်မြင်အောင် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ထုတ် နိုင်ငံပိုင်သတင်းစာတွေမှာ ပါရှိတဲ့ နိုင်ငံတော်သမ္မတကြီး ပြောကြားတဲ့ ရေဒီယိုမိန့်ခွန်းထဲကအချို့ကို ကျွန်တော် ကောက်နုတ်ဖော်ပြလိုပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုဟာ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် အရေးကြီးတဲ့ ကိစ္စဖြစ်တယ်ဆိုတဲ့အတွက် ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့ ပတ်သက်ပြီး အထူးအာရုံစိုက် လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်

မှုလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် လုပ်ဆောင်နေတဲ့နည်းတူ ကျွန်တော်တို့ကိုယ်တိုင်လည်း ငြိမ်းချမ်းရေး ဖြစ်စဉ်များရဲ့ ဖြစ်ထွန်းတိုးတက်မှုများနဲ့ ပတ်သက်ပြီး တိုင်းရင်းသားခေါင်းဆောင်များနဲ့ အခါအခွင့် သင့်တိုင်း တွေ့ဆုံဆွေးနွေးလျက် ရှိပါတယ်။ ယခုလအတွင်းမှာ ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ကို နေပြည်တော်မှာ တွေ့ဆုံပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရေးထိုး နိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေတဲ့ အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမယ့် နိုင်ငံရေး ဆွေးနွေးပွဲများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်တဲ့ အခြေအနေများနဲ့ ပတ်သက်ပြီးတော့ ရင်းနှီး ပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ကျွန်တော်တို့ တည်ဆောက်နေတဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ် ဟာ အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ပြီး၊ အနာဂတ် သား၊ မြေး၊ မြစ် မျိုးဆက်သစ်တွေအတွက် တည်ငြိမ်တဲ့ အနာဂတ်ကို အမွေခံကောင်းအဖြစ် ထားရှိခဲ့နိုင်ဖို့ အားလုံးက ဝိုင်းဝန်းဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုများအားလုံးက ပြည်ထောင်စုကြီး တစ်ခုတည်းမှာ မှီတင်းနေထိုင် ကြတာဖြစ်တဲ့ အတွက် ငြိမ်းချမ်းရေး အောင်မြင်တာနဲ့အမျှ ပြည်သူအားလုံး၊ နိုင်ငံသားအားလုံး အကျိုးခံစားကြရမှာ ဖြစ်ပါတယ်လို့ ပြောကြားခဲ့ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တင်ပြခဲ့တဲ့ အချက်များဟာ အဆိုရှင် တင်ပြ သလိုပဲ နှစ်ဖက်စလုံး တာဝန်ရှိသူတွေရဲ့ ကြိုးစားအားထုတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်ထောင်စု စိတ်ဓာတ်ရှိမှု၊ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုများကြောင့်ပဲ ဖြစ်ပါတယ်။ ဆက်လက် ပြီးတော့ လည်း ပြည်ထောင်စုလွှတ်တော်အဆင့်အထိ ရောက်ရှိလာအောင် ဆောင်ရွက်လာနိုင်ကြမယ်လို့လည်း ယုံကြည်ထားပါတယ်။ တစ်နိုင်ငံလုံးကလည်း မျှော်လင့်စောင့်စားလျက်ရှိကြပါတယ်။ အားလုံးကလည်း ဂုဏ်ပြုကြောင်း၊ ကျေးဇူးတင်ကြောင်းနှင့် ထာဝရငြိမ်းချမ်းရေးရဖို့လည်း ဆက်လက်စေတနာထား ဆောင်ရွက်ကြမယ်လို့လည်း ယုံကြည်အားကိုးလျက်ရှိကြောင်း ပြောကြားလိုပါတယ်။

ဒါကြောင့်မို့လို့ အဆိုရှင် ဦးခက်ထိန်နန် ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၃း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၄။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင် အဖွဲ့ဝင် များ အားလုံး မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော် ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ပဲ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ အဆိုဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ လွတ်လပ်ရေး ရရှိဖို့ ကြိုးစားနေစဉ်ကာလတုန်းက မျိုးချစ်စိတ်ဓာတ်ပြည့်ဝကြတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ဟာ အသက်သွေးချွေးပေါင်း မြောက်များစွာပေးဆပ်ပြီး စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာ အာဏာ လွတ်လပ်ရေးကြီးကို နယ်ချဲ့တွေထံက ပြန်လည်ရယူခဲ့ကြပါတယ်။ ဒါပေမယ့်လည်း လွတ်လပ်ရေး ရပြီးနောက်ပိုင်း တိုင်းရင်းသားညီအစ်ကိုအချင်းချင်း နိုင်ငံရေးအမြင်မတူတာနဲ့ လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြတာကြောင့် ပြည်တွင်းငြိမ်းချမ်းရေး ကွယ်ပျောက်ခဲ့ရတာ ယခုတိုင်ပဲလို့ ဆိုရမှာ ဖြစ်ပါတယ်။ နှစ်(၆၀)ကျော် ရင်ဆိုင်ဖြတ်သန်းခဲ့ကြရတဲ့ လက်နက်ကိုင်ပဋိပက္ခကြောင့် ညီနောင် တိုင်းရင်းသားများရဲ့ အသက်သွေးချွေးပေါင်း မြောက်မြားစွာ ဆုံးရှုံးခဲ့ကြရပါတယ်။ လွတ်လပ်ရေး ရပြီးခါစ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာထိခိုက်နစ်နာစေခဲ့ပါတယ်။

အဆိုရှင်ရဲ့ အဆိုမှာ တစ်ချိန်က မြန်မာနိုင်ငံတော်ဟာ အရှေ့တောင်အာရှဒေသမှာတောင် မပြောနဲ့ အာရှအတွင်းနိုင်ငံတွေမှာတောင်မှ အဘက်ဘက်က အမြင့်ဆုံးနေရာမှာ ရပ်တည်နိုင်တဲ့ နိုင်ငံ ဖြစ်ခဲ့တယ်ဆိုတာ အမှန်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ ယခုအခါမှာတော့ နှစ်(၆၀)ကျော် လက်နက်ကိုင် ပဋိပက္ခ ကြောင့် အာဆီယံအတွင်းနိုင်ငံတွေထက် ဖွံ့ဖြိုးတိုးတက်မှု များစွာနောက်ကျကျန်ရစ်ခဲ့တယ် ဆိုတာကို လည်း လက်ခံကြရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများဟာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်စိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ ကြပါတယ်။ ဒါပေမဲ့ အတိုင်းအတာတစ်ခုအထိသာ အောင်မြင်မှုရရှိခဲ့ကြပြီး၊ ထာဝရငြိမ်းချမ်းရေး ရရှိဖို့ ဆက်လက်ဆောင်ရွက်ရန် များစွာကျန်ရစ်ခဲ့ကြပါတယ်။ ယခု ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ရွေးကောက်ပွဲမှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့ ကိုယ်စားလှယ်များနဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ အဖွဲ့အစည်းများ အပြန်အလှန် ထိန်းကျောင်းရင်းနဲ့ နိုင်ငံရေး အပြောင်းအလဲ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်အောင် ပို့ဆောင် နိုင်ခဲ့ပြီးတော့ ယခု(၃)နှစ်ကျော်ကာလအတွင်းမှာ နိုင်ငံတော်သမ္မတကြီး ဦးဆောင်ပါဝင်တဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ဒုတိယသမ္မတ ဦးဆောင်ပါဝင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တပ်မတော်အကြီးအကဲ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခေါင်းဆောင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့များ၊ NGO, INGO အဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များပါဝင်တဲ့ ပဏာမအဆင့်၊ ပြည်နယ်အဆင့်အထိ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများကို အကြိမ်ပေါင်းမြောက်များစွာ တွေ့ဆုံဆွေးနွေးပြီး၊ ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ကြလို့ မကြာခင်ကာလမှာ ပြည်ထောင်စုအဆင့် ထာဝရငြိမ်းချမ်းရေး ရရှိဖို့ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်တော့မှာဖြစ်တဲ့အတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်အကြီးအကဲနဲ့ အဖွဲ့အစည်းအသီးသီးမှာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို လက်နက်ကိုင်ပဋိပက္ခဒေသမှ ပြည်သူများကိုယ်စား များစွာ ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မှတ်တမ်းတင် ပြောကြားလိုပါတယ်။ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ပေးကြဖို့လည်း အနူးအညွတ် မေတ္တာရပ်ခံပန်ကြား တိုက်တွန်း အပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားများ လူမှုစီးပွားဘဝ ရှင်သန်ဖွံ့ဖြိုးရေးအတွက် များစွာအနှောင့်အယှက် အဟန့်အတားကြီး တစ်ခုဖြစ်နေတဲ့ လက်နက်ကိုင် ပဋိပက္ခစစ်ပွဲကြီးကို အဆုံးသတ်ရပ်တန့်သင့်ပါပြီ။ စစ်ရယ်လို့ ဖြစ်လာရင် နှစ်ဘက်သော လက်နက်ကိုင်အဖွဲ့အစည်းတို့ဟာ ရင်ဆိုင်တိုက်ခိုက်ကြ၊ ထိခိုက်ဒဏ်ရာရကြ၊ အသက် ဆုံးရှုံးကြရပါတယ်။ နှစ်(၆၀)ကျော်ကြာ လက်နက်ကိုင်ပဋိပက္ခစစ်ပွဲမှာ တိုက်ခိုက်နေကြတဲ့သူတွေဟာ ကျွန်တော်တို့ ပြည်ထောင်စုဖွား ညီနောင်တိုင်းရင်းသားတွေပဲ ဖြစ်ကြပါတယ်။ သူတို့မှာလည်း သား/သမီး တွေ၊ မိဘတွေ၊ ဆွေမျိုးအသိုင်းအဝိုင်းတွေ ရှိကြပြီး ဆန္ဒတွေ၊ ရည်မှန်းချက်တွေ ခံစားချက်တွေ ကိုယ်စီ ရှိတဲ့ နိုင်ငံသားတွေပဲ ဖြစ်ကြပါတယ်။ တိုက်ပွဲဖြစ်ရင် သူတို့ပဲ အရင်ဆုံး ထိခိုက်နစ်နာ ဆုံးရှုံးကြပါတယ်။ ဒါ့အပြင် စစ်ပွဲဖြစ်ပွားရာ ဒေသခံပြည်သူများကလည်း ပြေးစရာမြေမရှိဘဲ စစ်ရှောင် ဒုက္ခသည်စခန်း ကိုတောင် ရောက်ရှိကာ ပေးသမျှယူ၊ ကျွေးသမျှ စားရတဲ့ လူမှုဒုက္ခအပေါင်းနဲ့ ရင်ဆိုင် ကြုံတွေ့ရပြီး၊ စိတ်ဒဏ်ရာ များစွာခံစားကြရပါတယ်။ ဒါဟာ အင်မတန် ဝမ်းနည်းစရာကောင်းတဲ့ကိစ္စရပ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ တပ်မတော်အစိုးရလက်ထက် က တည်ဆောက်ခဲ့တဲ့ ငြိမ်းချမ်းရေးကြီး (၁၇)နှစ်အကြာ ၂၀၁၁ ခုနှစ်၊ ဇွန်လမှာ အဆုံးသတ်သွားခဲ့ပြီး လက်နက်ကိုင်အဖွဲ့အစည်းများ ရင်ဆိုင်တိုက်ခိုက်ကြလို့ နှစ်ဖက်သော လက်နက်ကိုင်အဖွဲ့အစည်းဝင် များ တိုင်းရင်းသားပြည်သူများ များစွာထိခိုက်ဆုံးရှုံးခဲ့ကြပါတယ်။ ဒါ့အပြင် ကမ္ဘာမှာ မည်သည့်နိုင်ငံမျှ မထွက်ရှိတဲ့ မြန်မာ့အဖိုးတန် ကျောက်စိမ်းထွက်ရှိရာ ဖားကန့်ဒေသမှာလည်း လက်နက်ကိုင်ပဋိပက္ခ ကြောင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်နေကြတဲ့ နိုင်ငံတော်နဲ့ အကျိုးတူဖက်စပ်ကုမ္ပဏီများ တိုင်းရင်းသားပြည်သူလူထုများဟာ နှစ်ဖက်သော လက်နက်ကိုင် အဖွဲ့အစည်းများရဲ့ကြားမှာ အခက်အခဲ ဒုက္ခပေါင်းများစွာနဲ့ ရင်ဆိုင်ဖြတ်သန်းကြရပါတယ်။ ဘယ်နေရာမှာ လက်နက်ကြီးတွေ ကျရောက်လာမလဲ၊ ဘယ်အချိန်မှာ တိုက်ပွဲတွေ ထပ်မံဖြစ်လာမလဲ ဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ ဘုရားတပြီး နေနေကြရတာ မြေပြင် အဖြစ်အပျက် အမှန်ပဲ ဖြစ်ပါတယ်။ ယခုအခါ ကျွန်တော်တို့ ကြားသိရတဲ့ သတင်းအရဆိုရင် ကချင် ပြည်နယ်၊ ရှမ်းပြည်နယ် နယ်စပ်ဒေသတွေမှာ တိုက်ပွဲငယ်တွေ မကြာခဏဆိုသလို ထပ်မံဖြစ်ပွားနေတယ် လို့ ကြားသိရတဲ့အတွက် များစွာစိတ်မကောင်း ဖြစ်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ (၇၀)ရာခိုင်နှုန်းသော လူဦးရေဟာ ဆင်းရဲနွမ်းပါးတဲ့ ကျေးလက်ဒေသမှာ နေထိုင်ကြပြီး စိုက်ပျိုးလုပ်ငန်းနဲ့သာ လုပ်ကိုင်စားသောက်နေကြတဲ့ လူတွေ ဖြစ်ကြ ပါတယ်။ အထက်မှာ ကျွန်တော် တင်ပြခဲ့တဲ့ တိုက်ပွဲတွေ ဖြစ်ပွားနေကြတဲ့ ဒေသတွေဟာ နယ်စပ်ဒေသ၊ ကျေးလက်ဒေသတွေ ဖြစ်ကြပါတယ်။ ဒီလိုရာသီချိန်ဟာ တောင်သူလယ်သမားများအတွက် လယ်ယာ လုပ်ငန်းခွင် ဝင်ရမယ့်အချိန် ဖြစ်တဲ့အတွက် တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေမယ်ဆိုရင် ဆင်းရဲနွမ်းပါး တဲ့ ဒေသခံတိုင်းရင်းသားများ မိမိတို့ လယ်ယာလုပ်ငန်းခွင် မဝင်နိုင်တော့ဘဲ စစ်ရှောင် ဒုက္ခသည်စခန်း မှာသာ ခိုလှုံနေကြရမယ်ဆိုရင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်တဲ့ လူမှုစီးပွားဘဝ ချွတ်ခြုံကျပြီး ဆင်းရဲတွင်းကို တွန်းပို့နေသလို ဖြစ်နေတယ်လို့ ခံစားရပါတယ်။

ဒါ့အပြင် နိုင်ငံတော်က ပြန်လည်တည်ဆောက်နေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းကြီး ကိုလည်း များစွာ အနှောင့်အယှက်ဖြစ်စေမှာဖြစ်ပြီး တိုင်းရင်းသားညီအစ်ကို အချင်းချင်း ယုံကြည်မှု တည်ဆောက်ရာမှာ များစွာ ထိခိုက်စေမှာ ဖြစ်တယ်လို့ နားလည်မိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့

ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်မံတိုက်တွန်းပန်ကြားလိုတာကတော့ နှစ်ဖက်သော လက်နက်ကိုင် အဖွဲ့အစည်းများ မိမိတို့ နိုင်ငံတော်နဲ့ နိုင်ငံသားများကို အလေးထား ချစ်မြတ်နိုးသူများ ဖြစ်ကြသည်နှင့်အညီ အခုဖြစ်ပျက်နေတဲ့ လက်နက်ကိုင်ပဋိပက္ခများကို အမြန်ဆုံး ရပ်တံ့ပေးပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပြီး ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ပေးကြပါလို့ အနူးအညွတ် မေတ္တာရပ်ခံ ပန်ကြားတိုက်တွန်းလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဒီလိုကိစ္စရပ်တွေကို ကုစားဖို့ဆိုရင် တွေ့ဆုံဆွေးနွေး ပေါင်းစပ်ညှိနှိုင်းတဲ့ နိုင်ငံရေးနည်းလမ်းမှတစ်ပါး အခြားမရှိလို့ဘဲ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ ယခု နိုင်ငံတော် ရောက်ရှိနေတဲ့ နိုင်ငံရေးအပြောင်းအလဲ လမ်းကြောင်းဟာ ပါတီစုံ ဒီမိုကရေစီစနစ် ဖြစ်တဲ့အတွက် ပါတီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်၊ ပါဝင်ပတ်သက်သူများ၊ နိုင်ငံသားများအားလုံးဟာ ရပ်တည်ချက်၊ ခံယူချက်၊ သဘောထားအမြင်များ အနည်းနဲ့အများ ကွဲပြားနေကြမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းမယ်ဆိုရင် မတူတာတွေကို ဘေးဖယ်ထားပြီး တူတာတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြမယ်လို့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှာကြားချက်မှာ ပါရှိသလို ကျွန်တော်တို့ အားလုံး ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့အားလုံး မျှော်လင့်တောင့်တနေကြတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံအကျဆုံးအရာဖြစ်တဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့ ပါဝင်ပတ်သက်သော နိုင်ငံသားများအားလုံး မိမိတို့ကျရာ အခန်းကဏ္ဍမှာ နိုင်ငံတော်ကို ချစ်မြတ်နိုး တန်ဖိုးထားတဲ့ စိတ်ရင်းစေတနာအမှန်နဲ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းပန်ကြားရင်း ဦးခက်ထိန်နန် ရဲ့ အဆိုကို အလေးအနက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၃း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၃။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ကျွန်တော် ဦးအုန်းတင် က လေးစားစွာ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ (၁) တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး

ခင်ဗျား။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဟာ ငြိမ်းချမ်းရေးအတွက် ဖြစ်ပါတယ်။ တိုင်းပြည် ငြိမ်းချမ်းသာယာနေပါမှ တိုင်းသူပြည်သားတွေဟာ တိုင်းပြည်အတွက် ကုန်ထုတ်လုပ်ငန်းတွေ၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ၊ ပညာသင်ကြားရေး လုပ်ငန်းတွေ၊ အသက်မွေးဝမ်းကြောင်း ပဋိယေသနလုပ်ငန်းတွေ၊ တည်ဆောက် ပြုပြင်ရေးလုပ်ငန်းတွေနဲ့ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ၊ ဘာသာသာသနာဆိုင်ရာလုပ်ငန်းတွေကို စိတ်အေး ချမ်းသာစွာ လုပ်ဆောင်နိုင်ကြမှာ ဖြစ်ပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ မိမိတို့နဲ့ ဆိုင်ရာ ဆိုင်ရာ လုပ်ငန်းတွေကို လွတ်လွတ်လပ်လပ်နဲ့ စိုးရိမ်ကြောင့်ကြမရှိဘဲ စိတ်အေးချမ်းသာစွာ လုပ်ဆောင်နိုင် ကြမှသာ နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုနဲ့တကွ လူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အခြေအနေတွေ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ ငြိမ်းချမ်းမှုမရှိဘဲ တစ်ဖွဲ့နဲ့တစ်ဖွဲ့ နေရာဒေသ တစ်ခုနဲ့တစ်ခု စစ်ဖြစ်နေကြမယ်၊ တိုက်ခိုက်နေကြမယ်ဆိုရင် သေကြေကြေကြ ထွက်ပြေး ပုန်းရှောင် နေကြရနဲ့ လူတစ်ဦးချင်းစီအတွက်ရော တိုင်းပြည်အတွက်ပါ အဖက်ဖက်မှာ ဆုံးရှုံးနစ်နာမှုတွေ ရင်ဆိုင် ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ ပဋိပက္ခတရားဟာ ပျက်စီးစေတတ်တဲ့ စစ်ကို ဦးတည်တတ်တဲ့ အတွက်ကြောင့် တိုင်းပြည်ရဲ့ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းတွေကို အဟန့်အတား ဖြစ်စေပါတယ်။

မြန်မာနိုင်ငံရဲ့သက်ဆိုးရှည် ပဋိပက္ခတိုက်ပွဲများ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ ဗြိတိသျှတို့ရဲ့လက်အောက်က လွတ်လပ်ရေး ရရှိပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ လွတ်လပ်ရေးရတာနဲ့ တစ်ပြိုင်တည်းမှာပါပဲ ဝါဒရေးရာ ပဋိပက္ခတွေ ပေါ်ပေါက်လာပြီး လက်နက်ကိုင် တိုက်ပွဲတွေ ဖြစ်ပွားပြီး ပြည်တွင်းစစ်မီးတွေ တောက်လောင်ခဲ့ပါတယ်။ နောက် ဆက်လက်ပြီး လူမျိုးရေး ပဋိပက္ခတွေ ဖြစ်ပေါ် လာပြီး ပြည်တွင်းစစ်မီးတွေ ဆက်လက်လောင်ခဲ့ပါတယ်။ ဒီပြည်တွင်းစစ်မီးတွေဟာ ငြိမ်းသတ်နိုင်ခြင်း မရှိသေးဘဲ ယနေ့ထက်တိုင်အောင် ဆက်လက်တောက်လောင်လျက်ရှိနေပါတယ်။ ဒီလို ရှည်လျားတဲ့ ပြည်တွင်းစစ်ပွဲကြောင့် မြန်မာနိုင်ငံမှာ ဘယ်လို အကျိုးအမြတ်တွေ ရရှိခဲ့ပါသလဲ။ ဘယ်လိုအကျိုးမြတ်မှ မရခဲ့ပါဘူး။ လူတွေ သေကြေပျက်စီးကြ၊ အတိဒုက္ခရောက်ကြ၊ အိမ်ရာ အဆောက်အဦတွေ မီးလောင် ပျက်စီး လမ်းတံတားတွေ ကျိုးပျက်ရတဲ့ အကျိုးတရားတွေကိုပဲ ရရှိခဲ့ပါတယ်။ ဒီဆိုးကျိုးတွေကြောင့် တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေလည်း ဆုံးရှုံးနစ်နာခဲ့ရပါတယ်။ လွတ်လပ်ရေးရပြီးစက အရှေ့တောင် အာရှဒေသမှာ အဖွံ့ဖြိုးအတိုးတက်ဆုံး ဖြစ်ခဲ့တဲ့ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးလို့ အနှစ်(၄၀) လောက် ကြာတဲ့အခါမှာ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတစ်ခု ဖြစ်လာခဲ့ပါတော့တယ်။ ဒါဟာ ပြည်တွင်း စစ်ကြောင့် ဖွံ့ဖြိုးတိုးတက်မှုတွေကို မလုပ်နိုင်ခြင်း၊ ကုန်ထုတ်လုပ်မှုတွေ ကျဆင်းခြင်းနဲ့ နိုင်ငံရဲ့ဝင်ငွေ အမြောက်အမြားကို ပြည်တွင်းစစ် တားဆီးကာကွယ်ရေးစရိတ်တွေမှာ သုံးစွဲခဲ့ရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

အပစ်အခတ်ရပ်စဲရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးသို့။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံမှာ ပြည်တွင်းငြိမ်းချမ်းရေး မရရှိသေးသမျှ နိုင်ငံရဲ့ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ်တွေကို ဘယ်တော့မှ လုပ်နိုင်မှာ မဟုတ်ပါဘူး။ ပြည်တွင်းငြိမ်းချမ်းရေးကို အရင် ရရှိအောင် တည်ဆောက်လုပ်ကိုင်ကြရမှာ ဖြစ်ပါတယ်။ ဒီလို လုပ်ဆောင်တဲ့နေရာမှာလည်း စနစ်တကျနဲ့ ငြင်ငြင်သာသာ လုပ်ဆောင်ဖို့ လိုပါတယ်။ မြန်မာနိုင်ငံမှာ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် လုပ်ဆောင်ခဲ့ရာမှာ အပစ်အခတ် ရပ်စဲရေးအဆင့်ကို ကနဦး ရရှိအောင် လုပ်ဆောင်နေတာကို တွေ့ရ

ပါတယ်။ ယခုအခါ ကွန်မြူနစ်လက်နက်ကိုင်တပ်ဖွဲ့များ မရှိတော့ဘဲ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များသာ ရှိတော့ကြောင်း တွေ့ရပါတယ်။ ဒီတိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များနဲ့အပစ်အခတ်ရပ်စဲမှု ရရှိရေးအတွက် နိုင်ငံတော်ငြိမ်းဝပ်ပိပြားရေး တည်ဆောက်ရေးအဖွဲ့ (န.ဝ.တ) အစိုးရလက်ထက် ၁၉၈၉-၁၉၉၀ နှစ်လောက်ကပင် စတင်ဆောင်ရွက်ခဲ့ပါတယ်။ ယခု ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တပ်မတော်အစိုးရလက်ထက် ၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ အဖွဲ့ဝင်(၁၁)ဦး ပါဝင်တဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းထားသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း က ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်တဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ စုစုပေါင်း အဖွဲ့ဝင်(၅၂)ဦးနဲ့ အပစ်အခတ်ရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရေးကို လုပ်ဆောင်နေတာ တွေ့မြင်နေရ ပါတယ်။

စစ်သည် နိုင်ငံရေး၏အဆက်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ဟာ နိုင်ငံရေးရဲ့အဆက်လို့ ပြောကြပါတယ်။ ဒီစကားဟာ မှန်တယ်လို့ ကျွန်တော် လက်ခံယုံကြည်ပါတယ်။ ဒီနေ့ ကမ္ဘာမှာဖြစ်ပွားနေတဲ့ ပဋိပက္ခတွေနဲ့ စစ်ပွဲတွေဟာ နိုင်ငံရေးကြောင့် ဖြစ်နေကြတဲ့ ပဋိပက္ခတွေနဲ့ စစ်ပွဲတွေဖြစ်တာကို တွေ့ရပါတယ်။ ဒီနေ့ မြန်မာနိုင်ငံမှာရှိနေတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေမှာလည်း နိုင်ငံရေးရဲ့ ရည်မှန်းချက်တွေ ရှိကြပါတယ်။ လက်ရှိအချိန်မှာ မြန်မာနိုင်ငံမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့(၁၆)ဖွဲ့အနက် (၁၄)ဖွဲ့ဟာ အစိုးရနဲ့ အပစ်အခတ် ရပ်စဲထားပြီးဖြစ်ပါတယ်။ ကျန်နှစ်ဖွဲ့နဲ့ အပစ်အခတ်ရပ်စဲရေးအတွက် ဆက်သွယ် ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ အပစ်အခတ် ရပ်စဲရေးသည် အမှန်တကယ် ငြိမ်းချမ်းရေး မဟုတ်သေးသော်လည်း ငြိမ်းချမ်းရေးကို ဦးတည်သွားနေသည့် လမ်းစ၊ ငြိမ်းချမ်းရေးဖြစ်စဉ်၏အစ ဖြစ်ပါတယ်။ ဒီတစ်ပြည်လုံး အပစ်အခက်ရပ်စဲရေးမှတစ်ဆင့် ယုံကြည်မှု တည်ဆောက်ရေး ရယူပြီး တစ်တိုင်းပြည်လုံး ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများကို လုပ်ဆောင်သွားရန် နိုင်ငံတော်အစိုးရအနေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများရဲ့ မြစ်ဖျားခံရာသည် နိုင်ငံရေးပြဿနာ ဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းအရ မဖြေရှင်းနိုင်ကြတဲ့အတွက် တစ်ဖက်နဲ့တစ်ဖက် လက်နက်ကိုင် တိုက်ခိုက်ကြရတဲ့ ပဋိပက္ခအဆင့်ကို ရောက်လာရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေး နိုင်ငံဆွေးနွေးပွဲများ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခြင်း အားဖြင့် မြန်ပြည်ကြီး ထာဝရ ငြိမ်းချမ်းရေး ရရှိနိုင်ပါစေကြောင်း ဆုတောင်း၍ ဦးခက်ထိန်နန် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၃၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၁။**

**ဦးနိုန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများနဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုန်းခင်းပေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူး တင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက် အကောင်အထည် ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသော အဆိုကို ကျွန်တော် ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်သူနဲ့ ငြိမ်းချမ်းရေး ရယူခြင်း ဆိုသည်မှာ သင်သည် ရန်သူနှင့်အတူ အလုပ်လုပ်နိုင်ရမည်။ ၎င်းအပြင် ရန်သူသည် သင်၏ လုပ်ဖော် ကိုင်ဖက် ဖြစ်လာရမည် ဟူသော အဆိုကို ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် တောင်အာဖရိက သမ္မတ ဖြစ်သော မဲယ်ဆင်မင်တဲလ်လား မှ ပြောကြားတဲ့စကား ဖြစ်ပါတယ်။ မှန်ကန်ပါတယ်။ ဒီကမ္ဘာကျော်တဲ့ အဆို အမိန့်ဟာ ငြိမ်းချမ်းရေး၊ လွတ်လပ်ရေး ပြည်သူတို့နဲ့ တိုးတက်ရေးအတွက်ရော လွန်စွာမှ အရေးပါ အရာရောက်ပါတယ်။ ကျွန်တော်တို့ မျိုးချစ်စာဆိုကြီး ဒဂုန်တာရာကလည်း ငြိမ်းချမ်းရေး ရှိမှသာလျှင် ပညာဖွံ့ဖြိုးတိုးတက်မှုကို ပြုလုပ်နိုင်မည်၊ ငြိမ်းချမ်းရေး ရှိမှသာလျှင် စီးပွားရေးကို လွတ်လပ်စွာ ဆောင်ရွက်နိုင်မယ်လို့လည်း မိန့်ဆိုခဲ့ပါတယ်။ ညီညွတ်ရေး၊ လွတ်လပ်ရေး၊ တန်းတူအခွင့်အရေးဖြင့် လွတ်လပ်ရေးလို့လည်း ဆိုထားသလို လောကပါလတရားသုံးပါးဟာ တိုင်းရင်းသား ညီအစ်ကိုတွေရဲ့ ကိုးကွယ်ယုံကြည်ချက် ခံယူချက်နဲ့ ကွဲပြားခြားနားမှု လုံးဝမရှိပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် လူနည်းစုနဲ့ နိုင်ငံတော်အစိုးရတို့ဟာ အခြေမကျသေးတဲ့ တင်းမာမှုတွေ ပေါ်ပေါက်လာရတာ ဖြစ်ပါတယ်။ နှစ်ဖက်တင်းမာမှုတွေ အတော်အတန် လျော့ပါးလာပေမယ့် ပုံမှန်အခြေအနေ မရောက်နိုင်သေးတဲ့ သဘော ဖြစ်နေပါတယ်။ နောက်ထပ် ကြီးမားတဲ့ပဋိပက္ခ ပြဿနာ စိုးရိမ်စိတ် မြင့်မြင့်မားမားရှိတဲ့အချိန်မှာ မထင်မှတ်ဘဲပြဿနာ ထပ်ကာထပ်ကာ ဖြစ်လို့ လက်နက်ကိုင် အဖွဲ့နဲ့ အစိုးရအဖွဲ့ တစ်ဖက်နဲ့တစ်ဖက် လက်ခံနိုင်မှုအပေါ်မှာ ညှိနှိုင်းဆွေးနွေးပွဲများ ပြင်ဆင်လာခဲ့တာကို တွေ့ရပါတယ်။ နှစ်ဖက်စလုံး ညှိနှိုင်းမှု ရှိသော်လည်း ဘေးထွက်ဆိုးကျိုးများကို အတော်အတန် ရှောင်ရှားပြင်ဆင်နိုင်ခြင်း မရှိသေးတာကို ပြည်သူတစ်ရပ် အားလုံးမှာလည်း သိရှိပြီးသား ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့က ရခဲ့တဲ့ လွတ်လပ်ရေးနဲ့အတူ ယနေ့တိုင် မပြီးဆုံးသေးတဲ့ နှစ်ပေါင်း(၆၀)ကျော် ပြည်တွင်းစစ်ကြီးဟာ ယနေ့ထိတိုင် သည်းထန်နေသေး ကြောင်းနဲ့ ပြည်သူအပေါင်း နင့်သီးစွာ ခံစားနေကြရတာကိုလည်း အားလုံးသိရှိပြီး ဖြစ်ပါတယ်။ တကယ် တော့ လူသားမှန်ရင် ငြိမ်းချမ်းခြင်း၊ အေးချမ်းခြင်းတို့နဲ့ ရခဲ့တဲ့ လူ့ဘဝကြီးလျှောက်လှမ်းချင် ပါတယ်။ တစ်ဦးတစ်ယောက် ငြိမ်းချမ်းမှုရမှသာ တစ်မိသားစုလုံး ၎င်းမှတစ်ဆင့် မိသားစုနဲ့ဆက်စပ်နေတဲ့ ပတ်ဝန်းကျင် ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်တို့မှလည်း တစ်ပြည်လုံး တစ်စက္ကန့် တစ်မျက်နှာ ဆိုတဲ့အတိုင်း ပြန့်နှံ့သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ် ဝေါဟာရလေး သုံးစွဲခွင့်ပြုပါလို့ တင်ပြအပ်ပါတယ်။ Next hundred years forget for twenty five centuries ရဲ့ အယူအဆပေါ် အခြေခံပြီး ကချင်ပြည်နယ် ဒေသကို ခပ်ပါးပါးလေး ဘယ်လိုစဉ်းစားသင့်တယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ် အားလုံးသာမက ပြည်သူများ ပါဝင်ကာ သိရှိလက်ခံပြီး မှတ်တမ်းတင်ထားရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးက တစ်ပြည်လုံး နဲ့လည်း ဆိုင်ပါတယ်၊ အားလုံးနဲ့လည်း ဆိုင်ပါတယ်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုး နိုင်မယ်လို့ မျှော်လင့်နေပါတယ်။ ကျွန်တော်တို့အနာဂတ် မျိုးမြန်မာအနေနဲ့ ဆက်သွားမယ်ဆိုရင် အဲဒီ Political Dialogue လုပ်ငန်းစဉ်ကို ပြောင်းလဲဖို့ လိုလိမ့်မယ်လို့ ယူဆမိပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်မှာပေးထားတဲ့အတိုင်း အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပေးခြင်းသာမက နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ မဆိုင်းမတွ ဆောလျင်စွာ အကောင်အထည်ဖော် လုပ်ဆောင်ရမှာ လိုအပ်နေပြီလို့ သုံးသပ်မိပါတယ်။ လွှတ်တော်သက်တမ်း အစမှ ယနေ့အထိကာလကို ချိန်ထိုးဖို့ သင့်ပါပြီ။ အိမ်နီးချင်း နိုင်ငံများအပေါ် ငြိမ်းချမ်းမှုကို အခြေခံ၍ ရင်းနှီးစွာ ဆက်ဆံခဲ့ပါတယ်။ အစဉ်အလာကောင်းများရှိသော နိုင်ငံအပြင် ယဉ်ကျေးသော နိုင်ငံ၊ ယဉ်ကျေးသော တိုင်းပြည်တစ်ခုလည်း ဖြစ်ပါတယ်။ ဖြစ်ပေါ်လာသော ပြဿနာ အသေးအဖွဲ့များကိုလည်း ငြိမ်းချမ်းစွာပြေလည်နိုင်မည့် အပြုသဘောဆောင်သော ဆက်ဆံရေး ဖြင့် ဖြေရှင်းပေးလျက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဖတ်ခဲ့ဖူးသော ဆောင်းပါးတစ်ခုထဲက ၁-၅-၁၉၉၅ နေ့ထုတ် News week မဂ္ဂဇင်းမှ Thirty Years War နှစ်(၃၀)စစ်ပွဲဆောင်းပါးတစ်ခု တင်ပြရရင် ၁၉၄၅ ခု ဂျပန်ကလက်နက်ချပြီး ဒုတိယကမ္ဘာစစ် ပြီးဆုံးခဲ့သော်လည်း စစ်ပြီးမှန်းမသိ၍ လက်နက်မချဘဲ ဖိလစ်ပိုင် နိုင်ငံ၊ လုပ်ပန်ကျွန်း သစ်တောနက်ထဲမှာ အနှစ်(၃၀)ကြာနေခဲ့သူ ဂျပန်စစ်ပြန်ကြီး ဟီကိုနိုဝါ၏ မီဒီယာများ နဲ့ မေးမြန်းပြောဆိုချက်မှာ I planned to die at sixty using up all the bullets အသက်(၆၀)မှာ ကျည်ဆံအားလုံးသုံးပြီး သေပစ်လိုက်ဖို့ ကျွန်တော် စိတ်ကူးထားပါတယ်။ တရားဝင်အမိန့်ရမှ ကျွန်တော် တာဝန်ကို စွန့်လွှတ်နိုင်ပါတယ်။ ဂျပန်နဲ့ အမေရိကန်ပြည်ထောင်စုဟာ အနုမြူဗုံးကိစ္စနဲ့ပတ်သက်လို့ အမြင်ချင်း တူညီမှုမရှိပါဘူး။ စစ်ပွဲတစ်ပွဲဟာ သံတမန်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ မအောင်မမြင် ပြီးဆုံး သွားတဲ့အခါမှာ ဖြစ်တတ်ပါတယ်။ နှစ်ဖက်စလုံးမှာ ကိုယ်ပိုင်ယုံကြည်ချက်တွေနဲ့ တရားမျှတမှုတွေ၊ အတွေးအခေါ်တွေ ရှိကြပြီး အပေးအယူ အလျှော့အတင်းလုပ်ဖို့ ငြင်းဆန်နေကြပါတယ်။ စစ်ပွဲဆိုတာ ဘာရယ်မှန်းသိမှ စစ်ပွဲ ရှောင်ရှားနိုင်ဖို့ကို ပိုကြိုးစားနိုင်ပါတယ်။ ကျွန်တော်တို့ဟာ ကျူးကျော်ခံရသူရော ကျူးကျော်သူရော နှစ်ဦးစလုံး နှစ်ဦးနှစ်ဖက် ဖြစ်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော့်လို လူတစ်ယောက်အတွက် တောထဲမှာ နှစ်ပေါင်း(၃၀)နီးပါး ရှင်သန်ခဲ့ရတဲ့ လူတစ်ယောက်အတွက် အနားယူမှုဆိုတာ ကျွန်တော့်အတွက် လိုအပ်တဲ့ နောက်ဆုံးသောအရာပါလို့ ပြောခဲ့ပါတယ်။ နောက်ဆုံး တော့ Which side you fight for it not really your choice ဘယ်ဘက်က တိုက်တယ်ဆိုတာလည်း တကယ်တော့ခင်ဗျားတို့ရဲ့ ရွေးချယ်ချက် မဟုတ်ပါဘူး။ It is because I was born in Japan I have to fight for Japan ကျွန်တော် ဂျပန်နိုင်ငံမှာမွေးလို့ ဂျပန်နိုင်ငံအတွက် တိုက်ရတာပါလို့ ဆောင်းပါး ရှင်ရဲ့ ရေးသားဖော်ပြချက် ကို ထပ်ဆင့်တင်ပြအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများဟာ စိန်ခေါ်မှုကြီး(၅)ချက်နဲ့ ပြည့်နှက်နေတဲ့အပြင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားပဋိပက္ခ အပစ်အခတ် ရက်စက်တာထက်ကျော်လွန်ပြီး နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာနိုင်ရန် ဝိုင်းဝန်းကြိုးစား

နေတဲ့အချိန်ဖြစ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဆွေးနွေးသူဦးတိုက်သည့် ချဉ်းကပ်နည်းမျိုး မဟုတ်ဘဲ ရေရှည်တည်တံ့ခိုင်မာသော ငြိမ်းချမ်းရေးမျိုးဖြစ်ရန်အတွက် ရည်မှန်းချက်ထားသင့်ကြောင်း၊ ၎င်းတည်ဆောက်ရာမှာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို အာမခံနိုင်သော ပြည်ထောင်စုမပြိုကွဲရေး ဆိုတဲ့အခြေခံမူအောက်မှာတိုင်းရင်းသားများနဲ့ အခွင့်အရေးများနဲ့ တန်းတူအခွင့်အရေးများကို ထည့်သွင်း ပေးရန် လိုအပ်မည်ဟု ယူဆပါတယ်။ အမျိုးသားစည်းလုံးညီညွတ်မှု တည်ဆောက်မှုလုပ်ငန်းစဉ်နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လူ့အခွင့်အရေးအနေနဲ့ National Identity အမျိုးသားလက္ခဏာကို ခေတ်နဲ့အညီ တည်ဆောက်ပေးခြင်းဖြင့် နိုင်ငံနှင့် လူအဖွဲ့အစည်း ညီညွတ်မှုကို အခြေခံသော နိုင်ငံရေး တည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ လူမှုသဟဇာတရှိရှိနဲ့ အတူလက်တွဲ ပူးပေါင်း တည်ဆောက်ရန် လိုအပ်မယ်လို့ သုံးသပ်ယူဆမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားရေးသိက္ခာတန်ဖိုးကနေပြီး အမျိုးသားရေးလုံခြုံမှုဖြစ်ပြီး ၎င်းမှ တစ်ဆင့် အမျိုးသားရေးလက္ခဏာဆီကို လျှောလာပြီး နောက်ဆုံး နိုင်ငံရေးယုံကြည်ချက် အကနဲ့အသတ် မရှိနိုင်တော့တဲ့အတွက် ပြဿနာအမျိုးမျိုး ရင်ဆိုင်ကြုံတွေ့ရတာ ဖြစ်ပါတယ်။ အပြစ်မဲ့ စစ်ရှောင် ဒုက္ခသည် ပြည်သူများ တွေ့ကြုံနေရတာကို ဒေသဖြစ်စဉ် ဖြစ်ရပ်များက သက်သေပြနေပါတယ်။ ၎င်းပြည်သူများကို စာနာထောက်ထားသနားမိပါတယ်။ ဒါကြောင့် ကချင်ပြည်နယ် ပြဿနာကို မှန်ပြောင်း တစ်လက်နဲ့ ကြည့်လို့မရတော့တဲ့အတွက် မှန်ပြောင်းတစ်လက်နဲ့ သေသေချာချာ ကြည့်ဖို့ လိုအပ်နေပါပြီ။ လက်နက်ကိုင်ပြဿနာများ၊ နှစ်ဘက်တာဝန်ရှိသူများ မျက်နှာချင်းဆိုင်တွေ့ဆုံ ညှိနှိုင်းကြရန် ခက်ခဲမှု ရှိနေစဉ်ကာလအတွင်း ပွင့်လင်းမြင်သာဆွေးနွေးမှုများ အများပြည်သူ ထင်သာမြင်သာ ရှိသော တုံ့ပြန်ခြင်းများနဲ့ ပြည်သူထဲမှ ထွက်ပေါ်လာသော ပြည်သူများအားလုံးကို အလေးအနက်ထားတဲ့ နှစ်ဦးနှစ်ဘက် အပြန်အလှန်ဆွေးနွေးမှုများဖြင့် တည်ဆောက်ပြီးယုံကြည်မှုများကို ဖော်ဆောင်ပေးကာ စစ်ရေးအခြေ တင်းမာမှုများကို လျှော့ချ၍ ဒီမိုကရေစီကျင့်စဉ်အတိုင်း ထာဝရငြိမ်းချမ်းရေးလမ်းကြောင်း ကို ခိုင်ခိုင်မာမာတည်ဆောက်ပေးကြရန် အမျိုးသားလွှတ်တော်မှတစ်ဆင့် တိုက်တွန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းစဉ် များ စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ပြည်သူတစ်ရပ်လုံးမှ အမျိုးသားရေးတာဝန်အသိဖြင့် ပူးပေါင်းပါဝင်လုပ်ဆောင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်း ကာကွယ်၍ ခိုင်မာသော အခြေခံမူ မူကြမ်း ပြင်ဆင်ရေးဆွဲနိုင်ဖို့ လိုအပ်နေကြောင်းနှင့် နိဂုံးချုပ်အနေဖြင့် ငြိမ်းချမ်းရေးသည် အပြုံးဖြင့်စသင့်သည်ဟူသော ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ရိုမာန်ကက်သလစ် သီလရှင် မာသာထရီဇာရဲ့ အဆိုအမိန့်မှာ အယူအဆမတူသော ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးများ တွေ့ဆုံကြတဲ့ အချိန်အခါတိုင်း ပြုံးပြနိုင်ပါစေ၊ ရယ်ပြနိုင်ပါစေ၊ လက်ဆွဲနှုတ်ဆက်နိုင်ကြပါစေ၊ တစ်စားပွဲတည်းထိုင်၍ အခြေအတင် အပြန်အလှန် ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်ပေးနိုင်မယ့် အဖြေကိုရှာနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးနိန်းခင်းပေါင် က လေးလေးနက်နက် ထောက်ခံအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၃။**

**ဥက္ကဋ္ဌ။** ။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၃။**

**ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘိုးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းထားတဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည့်အထိ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းချမ်းရေးဆိုတဲ့ စကားလုံးဟာ လူတိုင်းအတွက် နားဝင်ပီယံဖြစ်ပြီးတော့ လူတိုင်းလည်း မျှော်လင့်တောင့်တနေမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မျှော်လင့်ပါတယ်။ ကျွန်တော်တို့ပြည်သူလူထုတွေအနေနဲ့ကတော့ ငြိမ်းချမ်းရေးဆိုတဲ့ စကားသံတွေ၊ ငြိမ်းချမ်းရေးရဲ့ဖော်ဆောင်မှု၊ ငြိမ်းချမ်းရေးရဲ့အောင်မြင်မှု သတင်းကောင်းတွေကိုပဲ နေ့စဉ်နဲ့အမျှ ကြားချင်၊ မြင်ချင်၊ သိချင်နေကြမှာပဲ ဖြစ်ပါတယ်။ နေနဲ့လ၊ ရွှေနဲ့မြ ဆိုသလိုပဲ ငြိမ်းချမ်းရေးဆိုတဲ့ စကားလုံး၊ ချိုမြိန်တဲ့ စကားလုံးရဲ့နောက်ဆက်တွဲမှာ ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ အသီးအပွင့်ကလည်း တစ်ပါတည်း ဖြစ်ထွန်းလာမှာ မြေကြီးလက်ခတ်မလွဲပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကယားပြည်နယ်မှာ ဆိုရင် ၂၀၁၁ ခုနှစ်မှာ ဒီလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ KNPP အနေနဲ့ နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုကို လက်ခံပြီးတော့မှ ပြည်နယ်အဆင့် အပစ်အခတ် ရပ်စဲရေး ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို စတင်ဆွေးနွေးတာနဲ့ မရှေးမနှောင်းမှာပဲ ကျွန်တော်တို့ လွှတ်တော်မှာလည်းပဲ နိုင်ငံတော်နဲ့ ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလွန်အရေးပါတဲ့ မယ်စဲ့မြို့နယ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းသစ်တစ်ခုကို ဖွင့်လှစ်ဆောင်ရွက်ပေးဖို့ အဆိုကို အောင်မြင်စွာ အတည်ပြုနိုင်ခဲ့တာ ဖြစ်လို့ ကျွန်တော်တို့ ကယားပြည်နယ် ပြည်သူပြည်သားတွေအတွက် အင်မတန်မှ မင်္ဂလာရှိပြီးတော့မှ ဝမ်းမြောက်ဂုဏ်ယူမဆုံးလည်း ဖြစ်ခဲ့ရပါတယ်။

အခုဆိုလို့ရှိရင် ကျွန်တော်တို့ ကယားပြည်နယ်မှာ ငြိမ်းချမ်းရေးရရှိလာတာနဲ့အမျှ ပြည်သူတွေ အဓိကမျှော်လင့်တောင့်တနေကြတဲ့ လမ်းပန်းဆက်သွယ်ရေးတွေ တိုးတက်ကောင်းမွန်လာပြီးတော့မှ နိုင်ငံတော်အစိုးရအနေနဲ့လည်း ပြည်နယ်အတွင်းမှာ လျှပ်စစ်မီးလင်းရေးကို တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။ ငြိမ်းချမ်းရေးက ပေးတဲ့ ဆုလာဒ်တွေကြောင့် ကျွန်တော်တို့ ပြည်သူတွေဟာ အိပ်ကောင်းရတယ်၊ စားကောင်းရတယ်။ မိမိတို့ လယ်ယာလုပ်ငန်းခွင်တွေမှာ ပျော်ရွှင်စွာနဲ့ လုပ်ကိုင်ကြရလို့ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ ပျော်ရွှင်နေကြရပြီ ဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ ပြည်သူလူထုတွေဟာဆိုရင် ဘယ်လောက်ပဲ ဆင်းရဲချို့တဲ့နေပါစေ၊ မိမိတို့

လယ်ယာလုပ်ငန်းခွင်တွေမှာ လွတ်လပ်စွာ လုပ်ကိုင်နိုင်ကြပြီဆိုလို့ရှိရင် ဒါ အတိုင်းမသိ ဝမ်းမြောက်နေကြတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုတွေအနေနဲ့ ငြိမ်းချမ်းရေး အခွန့်ရှည်ဖို့ကို ငြိမ်းချမ်းရေးအောင်မြင်ဖို့အတွက် ဆုတောင်းနေကြမှာဖြစ်သလို ငြိမ်းချမ်းရေး ဖော်ဆောင်ပေးနေတဲ့ နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ အခြားပုဂ္ဂိုလ်တွေ အားလုံးကိုတော့ အထူးကျေးဇူးတင်နေမှာကတော့ ဆိုဖွယ်ရာမရှိပါဘူး။ ကျွန်တော်တို့ မြန်မာ့ ယဉ်ကျေးမှုမှာလည်းပဲ ရိုသေထိုက်သူတို့ကို ရိုသေခြင်း၊ ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်ခြင်း၊ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဟာ မင်္ဂလာတစ်ပါး ဖြစ်တယ်ဆိုတာနဲ့အညီ ဒီဂုဏ်မပြုနိုင်တာတောင်မှ နှုတ်က ဖွင့်မပြောတတ်ကြပေမယ့်လို့ ကျွန်တော်တို့ ဒီတိုင်းရင်းသားပြည်သူတွေရဲ့ ရင်ထဲမှာတော့ လှိုက်လှိုက်လှဲလှဲနဲ့ ကျေးဇူးတင်ရှိကြောင်းကို ကမ္ဗည်းမော်ကွန်းတင်ထားကြမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရာမှာ နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသား ခေါင်းဆောင်တွေအနေနဲ့ အောင်မြင်တဲ့အဖြစ်ကို မဆုတ်မနစ်တဲ့ ဇွဲနဲ့အတူ သည်းခံခြင်းတရား၊ စိတ်ရင်းစေတနာ မေတ္တာတရား အပြည့်အဝနဲ့ ဆက်လက်ဖော်ဆောင်သွားကြမယ်ဆိုတာကို ဒါ အကြွင်းမဲ့ ယုံကြည်ထားပြီး ဖြစ်ပါတယ်။ အခုလို ခေတ်သစ်၊ စနစ်သစ်နဲ့ အောင်မြင်မှုလမ်းကြောင်းပေါ်ကို လျှောက်လှမ်းနေတဲ့အပေါ်မှာ ပြည်သူတွေ ဝမ်းသာပီတိဖြစ်ရသလို၊ တစ်ဖက်ကလည်း အဆိုရှင် တင်သွင်းသွားသလိုပဲ ဒီလိုပျော်ရွှင်မှုတွေ၊ အောင်မြင်မှုတွေ ပြန်ပြီးမှ ပျက်ပြယ်သွားမှာကိုလည်း တချို့ပြည်သူတွေအနေနဲ့ စိုးရိမ်စိတ်ဝင်မိကြတာ ကိုလည်း ကြားသိရပါတယ်။ ဒါဟာလည်း လေးစာ တစ်ခါ မိခဲ့ဖူးတဲ့ ငှက်ဟာ နောက်ထပ် လေးသံကြားမှာ စိုးရိမ်မိသလိုပါပဲ။ အရင်တုန်းကလည်း အပစ်အခတ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ပြားခဲ့ဖူးတဲ့ သာဓက အချို့တွေရှိခဲ့လို့ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ကတော့ အရင်တုန်းက အိမ်မက်ဆိုးလို ဝမ်းနည်းစရာကောင်းလှတဲ့ စစ်ဘေး၊ စစ်ဒဏ်တွေကို ကိုယ်တိုင်ခါးဆီးခံခဲ့ကြရလို့ ဒီလိုအိမ်မက်ဆိုးတွေကို ပြန်လည်မတွေ့ချင်၊ မမြင်ချင်၊ မကြားချင်ကြတာကတော့ အမှန်ပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ရှေ့လျှောက်မှာ ငြိမ်းချမ်းရေး စကားသံတွေ၊ ငြိမ်းချမ်းရေးသတင်းကောင်းတွေကိုပဲ ကြားချင်၊ မြင်ချင်ကြမှာ ဖြစ်သလို နှစ်ဖက် ခေါင်းဆောင်တွေက ပူးပေါင်းပြီးတော့ ဒေသဖွံ့ဖြိုးရေးကိုအတူတကွ ဆောင်ရွက်နေကြတာကို မြင်ချင်တာ ပြည်သူတွေရဲ့ ပြင်းပြတဲ့ဆန္ဒပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် တင်သွင်းသွားသလို ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တစ်ချိန်တုန်းကဆိုရင် အရှေ့တောင်အာရှမှာ ဂုဏ်သတင်း မွှေးပျံ့ပြီး ကမ္ဘာ့အလယ်မှာ ထည်ဝါစွာ ရပ်တည်ခဲ့တဲ့ ကြီးမားတဲ့အစဉ်အလာကောင်းကို ပိုင်ဆိုင်ခဲ့တဲ့ နိုင်ငံ ဖြစ်ပါတယ်။ သမိုင်းစာမျက်နှာကို ပြန်ကြည့်မယ်ဆိုရင်လည်းပဲ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားတွေ စည်းလုံးမှုအင်အားနဲ့ အင်အားကြီးမားတဲ့နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ခဲ့သလို တိုင်းရင်းသားတွေ အချင်းချင်းအားပြိုင်တာကနေ အင်အားချည့်နဲ့သွားတဲ့အချိန်မှာတော့ တိုင်းတစ်ပါးတွေရဲ့ ကျူးကျော် တိုက်ခိုက်ခြင်းကို ခံခဲ့ရတယ်ဆိုတဲ့ သာဓကများစွာလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာဆိုတာ မြန်မာဆိုတဲ့အတိုင်း မာကြောတယ်၊ ကြံ့ခိုင်တယ်။ မြန်မာတိုင်းရင်းသားတွေအားလုံးမှာ အင်မတန်မှ ချစ်မြတ်နိုးစရာ ကောင်းလှတဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုတွေ ရှိကြသလို လေးစားစရာကောင်းတဲ့

သတ္တိ၊ ဗျတ္တိတွေလည်း ပိုင်ဆိုင်ထားကြပါတယ်။ ရိုးသားဖြူစင်တဲ့ စိတ်နှလုံးတွေလည်း ပိုင်ဆိုင်ကြပါတယ်။ တကယ်တော့ နိုင်ငံတော်အစိုးရအနေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကြီးကို တစ်စိုက်မတ်မတ် တည်ဆောက်ပေးနေသလိုပဲ၊ ဒီကျွန်တော်တို့ တိုင်းရင်းသားခေါင်းဆောင်တွေမှာလည်းပဲ ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မျှော်လင့်ချက်တွေ၊ ရည်ရွယ်ချက်ကောင်းတွေ ရှိနေကြမှာ အမှန်ပဲ ဖြစ်ပါတယ်။ ရည်မှန်းချက်တွေ၊ ရည်ရွယ်ချက်တွေကတော့ တူညီကြမယ်ဆိုနိုင်ပေမယ့် အတွေးအမြင်၊ အယူအဆတွေ၊ ဆန္ဒသဘောထားတွေ၊ နားလည်မှုတွေလွဲခဲ့ကြလို့ အချင်းချင်းပဋိပက္ခကို လက်နက်ကိုင်ဖြေရှင်းခဲ့ ကြတဲ့အတွက် သမင်မွေးရင်း၊ ကျားစားရင်း၊ လှေလှော်ရင်း တက်ကျိုး ဆိုသလို ဖြစ်ခဲ့ရပြီး ကျွန်တော်တို့ ပြည်သူတွေ မြေဇာပင်ဘဝကို ကျရောက်ခဲ့ရပါတယ်။ မိဘတွေကနေ မိမိတို့သားသမီးတွေကို အရွယ် ရောက်လာလို့ လယ်ယာ၊ တောင်ယာလုပ်ငန်းတွေမှာ အားထားရတော့မယ်ဆိုတဲ့ မျှော်လင့်ချက်တွေဟာ ပျောက်ကွယ်ပြီးတော့မှ စစ်ရဲ့စည်းရုံးသိမ်းသွင်းရာ စစ်ရဲ့ကျေးကျွန်တွေ ဖြစ်ခဲ့ရပါတယ်။ နိုင်ငံတော် တည်ဆောက်ရေးအတွက် အင်မတန်မှ တန်ဖိုးကြီးလှတဲ့ ဒီအနာဂတ်လူငယ်တွေရဲ့အားကို အလဟဿ ဖြုန်းတီးပစ်ခဲ့ကြပါတယ်။ ဒါတွေဟာ အင်မတန်မှ နှမြောစရာကောင်းသလို ဝမ်းနည်းစရာလည်း ကောင်းလှပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားတွေအနေနဲ့ ဒါကို သင်ခန်းစာယူပြီးတော့မှ တိုင်းရင်းသား အသီးသီးမှာရှိတဲ့ သတ္တိ၊ ဗျတ္တိအင်အားတွေကို စုစည်းပြီး အရှေ့တောင်အာရှမှာ ဂုဏ်သတင်းမွှေးပျံ့တဲ့ နိုင်ငံအဖြစ်နဲ့ ပြန်လည်ရပ်တည်ဖို့ အချိန်တန်ပြီဖြစ်ပါတယ်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည် ဆိုတဲ့ စကားလုံးကို လက်ကိုင်ထားပြီး တိုင်းရင်းသားတွေရဲ့စည်းလုံးအင်အားမှုနဲ့သာ အမိနိုင်ငံတော်ကို တည်ဆောက်နိုင်မယ်ဆိုတာကို စွဲမြဲစွာယုံကြည်ကြရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားတွေရဲ့ စုပေါင်းအားက သာ နိုင်ငံတော်ကို နေ့ချင်း၊ ညချင်း တည်ဆောက်နိုင်မှာဖြစ်သလို ဒီခေတ်ကာလရဲ့ တောင်းဆိုမှုပဲဆိုဆို ပြည်တွင်းငြိမ်းချမ်းရေးကို မဖြစ်မနေတည်ဆောက်ပြီးတော့မှ လှပတဲ့ သမိုင်းမှတ်တိုင်သစ်ကို စိုက်ထူဖို့ အချိန်ရောက်လာပြီလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ နှစ်ပေါင်း များစွာက ကွဲလွဲခဲ့တဲ့ ဆန္ဒသဘောထားတွေကို တစ်စုတည်းဖြစ်အောင် ပြန်လည်တည်ဆောက်ဖို့ဆိုတာ ခက်ခဲနိုင်ပေမဲ့ ပုဂ္ဂိုလ်ခင်မှ တရားမြင်တယ် ဆိုသလိုပဲ နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားခေါင်းဆောင် များဟာ အစဉ်မပြတ် ဆွေးထွေးစွာတွေ့ဆုံဆွေးနွေးပြီးတော့မှ အပြန်အလှန်ယုံကြည်မှုတွေ ခိုင်မာသည် ထက် ခိုင်မာအောင် ဆောင်ရွက်နိုင်ကြပါစေ။ နိုင်ငံရေးအရလည်းပဲ ရလာဒ်ကောင်းတဲ့ အဖြေမှန်ကို ရရှိနိုင်ပါစေ။ စစ်ဘေးကြောင့် မိမိတို့နေရပ်ကို စွန့်ခွာပြီးတော့မှ နယ်စပ်ဒေသမှ ဒုက္ခသည်အဖြစ်မှ ရုန်းထွက်ကာ ပျော်ရွှင်စရာ မိသားစုဘဝကို ပြန်ရဖို့အတွက် လက်ချိုးရေတွက်ခါ မျှော်လင့်နေကြတဲ့ တိုင်းရင်းသားညီအစ်ကိုတွေရဲ့ ဆန္ဒပြည့်ဝအောင် အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်ကြပါစေ၊ လောကပါလ တရား လက်ကိုင်ထားပြီးတော့မှ တစ်အူတုံဆင်း တိုင်းရင်းသားမောင်နှစ်မ အားလုံး အေးအတူပူအမျှနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ခေတ်မီဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို အတူတကွ လက်တွဲတည်ဆောက် သွားကြပါစို့လို့ ဆန္ဒပြုရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၃း၅၃။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၃။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျက်သရေ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်း မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁ ရက်နေ့က သမ္မတကြီးက မြန်မာနိုင်ငံကို မိန့်ခွန်းပြောခဲ့တဲ့အခါမှာ သမ္မတကြီး ပြောခဲ့တဲ့မိန့်ခွန်းတွေထဲမှာ ဒီ မိန့်ခွန်းဟာ တန်ဖိုး အရှိဆုံး မိန့်ခွန်းဖြစ်ပါတယ်။ ဒီမိန့်ခွန်းမှာ ငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်နေပါတယ် ဆိုတဲ့ အဖွဲ့ဝင် တွေကို ဖော်ပြရာမှာ (၁)အစိုးရ၊ (၂) လွှတ်တော်၊ (၃) နိုင်ငံရေးပါတီများနဲ့ နိုင်ငံရေး အင်အားစု များ၊ (၄) အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ (၅) စီးပွားရေးအသင်းအဖွဲ့များ၊ (၆) တပ်မတော် (၇) တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ(၈) တိုင်းရင်းသားအင်အားစုများနဲ့ ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်ခဲ့တယ်လို့ ဖော်ပြထားခဲ့ပါတယ်။ တိုင်းရင်းသားများပါဝင်တဲ့ နိုင်ငံရေးဆွေးနွေး ကျင်းပတော့မှာဖြစ်တယ်။ အပစ်အခတ်ရပ်စဲပြီးရင် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပမယ်။ အဲဒီဆွေးနွေးပွဲမှာ တိုင်းရင်းသားတွေလိုလားနေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်တဲ့အခါမှာ တိုင်းရင်းသားတွေ ဆွေးနွေးချက်တွေ ကို ချန်မထားခဲ့ဖို့ သတိပေးလိုပါတယ် လို့ သမ္မတကြီးက ပြောထားပါတယ်။

ဒီတိုင်းရင်းသားတွေ အဓိကတောင်းဆိုချက်တွေကတော့ တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နဲ့ တိုင်းရင်းသားအခွင့်အရေး၊ ရိုးရာယဉ်ကျေးမှုနဲ့ ဘာသာစကာထိန်းသိမ်းရေး၊ ဖက်ထရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ်တစ်ရပ် ပေါ်ပေါက်ရေးအတွက် အခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက်၊ ပယ်ဖျက် စတဲ့ အခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များကို မလွဲမသွေ လုပ်ဆောင်မယ်လို့ သမ္မတကြီးက မိန့်ခွန်းပြောသွားတာ ဖြစ်ပါတယ်။ ဆိုတော့ အဲဒီ ဖေဖော်ဝါရီ ၁ ရက်နေ့ မိန့်ခွန်းဟာ ဒီဟာကို လေ့လာလိုက်ခြင်းအားဖြင့် ကျွန်တော်တို့ဟာ ပွဲပြီးသွားပြီ။ ပွဲပြီးသွားပြီလို့ ကျွန်တော်တို့က အကြမ်းဖျင်း ဒါ ပြောရမှာဖြစ်တယ်။ သမ္မတကြီးဆိုတာ လက်ရှိမြန်မာနိုင်ငံမှာသန်း(၆၀)မှာ တစ်ယောက်တည်း ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ သူပြောတဲ့မိန့်ခွန်းဟာ ဖေဖော်ဝါရီ ၁ ရက်နေ့ပြောတဲ့ မိန့်ခွန်းဟာ အကျဉ်းချုပ်ပြီး ပြောရရင် (၁) အဖွဲ့အားလုံး ပါဝင်ပြီးတော့ ငြိမ်းချမ်းရေးလုပ်နေတယ်။ (၂) ကအဲဒီလို ပူးပေါင်းလုပ်တဲ့ အတွက် အာမခံချက်ရှိတဲ့တစ်တိုင်းပြည်လုံး အတိုင်းအတာနဲ့ အပစ်အခတ် ရပ်စဲရေး လက်မှတ်ထိုးမယ်။ (၃) ပြီးလို့ရှိရင် နိုင်ငံရေးဆွေးနွေးမယ်။ နိုင်ငံရေး ဆွေးနွေးတဲ့အခါမှာ ပြည်တွင်း ငြိမ်းချမ်းရေးကို အထောက်ကူပြုဖော်ဆောင်မယ်။ (၄) အဲဒီမှာ အခြေခံဥပဒေကိုပြင်မယ်။ ပြင်တဲ့အခါမှာ တိုင်းရင်းသား တွေ ပါဝင်စေလိုတဲ့ကိစ္စတွေကို မမေ့လျော့ကြနဲ့ ဆိုပြီးတော့ သတိပေးပါတယ်။ အဲဒါကြောင့် ဒီထက် ရှင်းလင်းတဲ့ Road Map တစ်ချက်ဟာတော့ ကျွန်တော်တော့ မမြင်ပါဘူး။ ဒါ အင်မတန် ရှင်းလင်းတဲ့ Road Map တစ်ရပ်ဖြစ်တယ်လို့ ကျွန်တော် မြင်ခဲ့တယ်။ အဲဒီတော့ တချို့က ပြောတယ် ဖွဲ့စည်းပုံပြင်ပြီးမှ ငြိမ်းချမ်းရေးလုပ်မယ် ဆိုပြီးတော့ ပြောနေတာတွေ ရှိပါတယ်။ ဒါဟာ နည်းနည်းတော့ တွေးခေါ် ဆင်ခြင်တာ လွဲနေပြီ ဟုတ်လား ကျွန်တော်တို့ မီးအရင်မွှေးမလား၊ ဆီအရင် ထည့်မလား၊ မီးမွှေးပြီးမှ ဆီထည့်ပြီးတော့ အကြော်ကြော် မလား ဒါကို သူ့အဆက် Recipe ပေါ့၊ Step by Step သွားတဲ့အခါမှာ

ဒါ အဆင့်ကျော်ပြီးတော့ လုပ်နေသလို ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ၂၀၀၈ ဖွဲ့စည်းပုံကို ပြောလိုက်ရင် ဒီဖွဲ့စည်းပုံကြီးဟာ နာဂစ်ဖြစ်နေတုန်းက ဆွဲတဲ့ဟာ အားလုံးမပါဘူး။ ဒါကြောင့်မို့ အတည်မပြုဘူး ဆိုပြီးတော့ ပြောနေတာတွေကို ကျွန်တော်တို့ ဒီကနေ့ ကြားရ ပါတယ်။ ဆိုတဲ့ အခါကျတော့ ကောင်းပြီ ဒါဆိုရင် မငြိမ်းချမ်းဘူး။ ပဋိပက္ခတွေ ဖြစ်နေတယ်။ ပဋိပက္ခတွေ ဖြစ်နေတဲ့ အချိန်မှာ ဖွဲ့စည်းပုံကိုပြင်မယ်၊ ပြင်မယ်ဆိုရင် ဒါကို တစ်ပြည်လုံး အတိုင်းအတာနဲ့ ပါဝင်ပြီးတော့ အခြေခံ ဥပဒေ ပြင်ဆင်ဖို့၊ တစ်တိုင်းပြည်လုံး အတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲဖို့ လက်မှတ်ထိုးဖို့ မလိုဘူးလား။ ဒါမှသာ ၂၀၁၅ ရောက်တဲ့အခါမှာ ငါတို့ အားလုံးပါဝင်ပြီးတော့ ပြင်ဆင်ခဲ့တဲ့ အခြေခံဥပဒေပေါ့လို့ ပြောနိုင်မှာ ဖြစ်တယ်။ မဟုတ်လို့ရှိရင် ကချင်နဲ့ သူ့တပည့် ပလောင်တွေက တို့မပါဘူး။ ဒါကြောင့် ၂၀၁၅ ဖွဲ့စည်းပုံ ပြင်တာ တို့မသိဘူး ဆိုပြီးတော့ ငြင်းချက်ထုတ်နေမှာ ဆိုးပါတယ်။ ဒါကြောင့်မို့ အားလုံး ပါဝင် ပြီးတော့ ၂၀၁၅ ပြင်ဆင်ထားတဲ့ ဖွဲ့စည်းပုံဖြစ်လာအောင် ပထမဦးဆုံး ငြိမ်းချမ်းရေး ဆွေးနွေးပြီးတော့ ကျွန်တော်တို့ တစ်နိုင်ငံလုံး ဘုံရပ်တည်ချက်ဖြစ်တဲ့ ကျွန်တော်တို့ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးဖို့ ဦးစားပေးလိုပါတယ်။

ဒါကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရဲ့ ကမ်းလှမ်းချက်(၆)ချက်ကို မူတည်ပြီးတော့ အခြေခံဥပဒေပြင်ဆင်နိုင်ရေးအတွက် ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ဦးစွာရေးထိုး အကောင်အထည်ဖော်ဖို့ လိုပါတယ်။ ဒီနေရာမှာတော့ ကျွန်တော်တို့ (၁)အချက်က ရိုးသားဖို့ လိုပါတယ်။ (၂)က အမြင်ကြည်လင်ဖို့ လိုတယ်။ (၃) သံသယစိတ်မရှိဖို့ ဒီ (၃)ချက်က အရေးကြီးပါတယ်။ ရိုးသားဖို့ ဆိုတဲ့နေရာမှာ ငါတို့ လက်နက်ကိုင်အဖွဲ့ဟာ ငြိမ်းချမ်းရေးကို အမှန်တကယ် လိုတဲ့အဖွဲ့လား၊ ဒေသခံ တိုင်းရင်းသားတွေရဲ့ ငြိမ်းချမ်းရေးကို အမှန်တကယ် ရိုးသားစွာ မြင်လိုတဲ့ဆန္ဒရှိရဲ့လား၊ တို့ ဒီလို လက်နက်ကိုင် တိုက်နေတာ ဘယ်မြို့ကို ဘယ်ခုနှစ်ကျရင် ဘယ်နှစ်နာရီလောက် သိမ်းပိုက်ဖို့ ရည်မှန်း ထားသလဲ။ ဒါ ရထားလမ်း ဗုံးခွဲတာတွေ ကျောက်မှောင်ခို၊ သစ်မှောင်ခိုက ဆက်ကြေးကောက်တာတွေနဲ့ပဲ ငါတို့ တော်လှန်ရေးကြီးဟာ ဇာတ်မျောကြီးနဲ့ပဲ ဖြစ်နေပြီလား၊ အဲဒါ ပြန်စဉ်းစားသင့်တယ်။ အပစ်အခတ် ရပ်စဲရေးကို ငြင်းဆန်နေတဲ့ပုဂ္ဂိုလ်များသည် အခြေခံဥပဒေကို မပြင်လိုတဲ့သူတွေလို့ ဒါ ပြောရမလို ဖြစ်နေပါတယ်။ အစိုးရနဲ့ အပစ်အခတ် ရပ်ထားရတဲ့ အလွှန်ဖွံ့ဖြိုးစည်ပင်ပြီးတော့ မြန်မာပြည်အနှံ့ လွတ်လပ်စွာ သွားလာလှုပ်ရှားပြီးတော့ ဈေးကွက်စီးပွားရေးစနစ်အတိုင်း ကြီးပွားတိုးတက်နေတဲ့ တစ်ချိန်က လက်နက်ကိုင် အင်အားစုအများအပြားကို အားကျအတုယူဖို့ အချိန်တန်ပါပြီ။

အခုချိန်မှာပဲ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ရင်တောင်မှ ရှေ့က ကြိုတင်ပြီးတော့ အပစ်ရပ်ပြီးတော့ ကြီးပွားနေတဲ့ အဖွဲ့တွေကို မနည်း နောက်က လိုက်ရမှာ ဖြစ်ပါတယ်။ အခြား ငြိမ်းချမ်းရေး တိုးတက်နေတဲ့ ပြည်ပနိုင်ငံတွေကို လိုက်ကြည့်နေဖို့ မလိုပါဘူး။ ပြည်တွင်းမှာ ရှိပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးဟာ အရေးကြီးပါတယ်။ အပစ်အခတ်ရပ်၊ လတ်မှတ်ရေးထိုး၊ နိုင်ငံရေးဆွေးနွေးပွဲစ ပြီးရင် ဖွဲ့စည်းပုံ မလွဲမသွေပြင်မယ်လို့ ကျွန်တော်တို့ သန်း(၆၀)ထဲမှာ တစ်ယောက်တည်း ရှိတဲ့ တရားဝင်အာဏာ လက်ကိုင်ရှိတဲ့ သမ္မတကြီးက ပြောပြီး ဖြစ်ပါတယ်။ အဲဒီမှာဆိုရင် အဲဒီလို ပြင်မယ်ဆိုတာနဲ့ ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးစကားဝိုင်းကို တက်လာနိုင်ဖို့ အတွက် အပစ်ရပ်ဖို့ လတ်မှတ်ထိုးဖို့ Signature Campaign တွေ ဘာတွေ လုပ်မယ်ဆိုရင်တောင်မှ ဒါဆိုရင် ငြိမ်းချမ်းမှ အကုန်လုံးပါဝင်နိုင်မှ ဒီ အခြေခံဥပဒေကို ပြင်နိုင်မှာ။ ဒါကြောင့်မို့လို့ ငြိမ်းချမ်းရေး လုပ်ကြပါ။ အပစ်အခတ် ရပ်စဲရေး လတ်မှတ်ထိုးကြပါဆိုတဲ့ Signature Campaign တွေ လုပ်ဖို့

ပိုကောင်းပါတယ်။ ဟို ၄၃၆ ပြင်ဖို့တွေ ဘာတွေက သိပ်အရေးမကြီးသေးဘူး။ ၄၃၆ ထက်ဆိုးတာက ၄၄၆ တို့ ၄၄၇ တို့ကမှ ပိုဆိုးသေးတယ်။ အဲဒီတော့ အရေးကြီးတာက ငြိမ်းချမ်းရေးသည် နံပါတ်တစ် အရေးကြီးဆုံး ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ အားလုံးက ယုံကြည်ထားဖို့ လိုတယ်။ ကျန်တာဟာ သိပ်အရေးမကြီးသေးဘူး ဆိုတာကို ယုံကြည်ထားဖို့ လိုပါတယ်။ အဲဒီတော့ ဒီနေရာမှာ KNU လက်ရှိ ဥက္ကဋ္ဌကြီး စောမူတူးဆေးဖော ရဲ့ လောခီးလာညီလာခံမှာ တိုက်တွန်းချက် ကိုကျွန်တော်တို့ အံ့အား သင့်စွာနဲ့ ဂုဏ်ပြုကြိုဆိုချင်ပါတယ်။ KNU ဥက္ကဋ္ဌကြီး မူတူးဆေးဖောက ငြိမ်းချမ်းရေး တည်ဆောက်မှု ဖြစ်စဉ် အဆင့်ဆင့်တိုးတက်ဖြစ်ထွန်းဖို့ လက်နက်ကိုင်အဖွဲ့အစည်းအားလုံး ရဲရဲဝံ့ဝံ့ လတ်မှတ်ရေးထိုး သမိုင်းတင်ကြပါလို့ တိုက်တွန်းထားတာ ဖြစ်တယ်။ ဒီဟာ မော်ကွန်းတင်လောက်တဲ့ တိုက်တွန်းစကားပဲ ဖြစ်ပါတယ်။ KNU ဆိုတာက (၄၃)ခုနှစ်ကတည်းက KCAD လို့ခေါ်တဲ့ ကရင်ဗဟိုအကြံပေးအဖွဲ့ကနေ ပေါက်ဖွားလာတာ ဖြစ်တယ်။ အဲဒါ ဒုတိယကမ္ဘာစစ် စစ်ဦးကာလပဲ ဖြစ်ပါတယ်။ အဲဒီအချိန်ကတည်းက နောက်မှ ဂျပန်ဝင်လာတဲ့အချိန်မှာ KCO ဆိုပြီးတော့ ကရင်ဗဟိုအစည်းအရုံး ဆိုပြီး ပြောင်းလဲခဲ့ ပါတယ်။ အဲဒီမှာ ပါတဲ့ ကရင်ခေါင်းဆောင်တွေ ဖြစ်တဲ့ စောဘဦးကြီး တို့၊ စောစံဖိုးသင်တို့၊ မန်းဘခိုင် တို့ဟာလည်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ နေသူရိန်ညီလာခံမှာ ဖဆပလရဲ့ ဗဟိုကော်မတီဝင်တွေ ဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ စောစံဖိုးသင်နဲ့ မန်းဘခိုင်ဟာ ဝန်ကြီးတွေ ဖြစ်ခဲ့ပြီးတော့ ဇူလိုင် ၁၉ လုပ်ကြံမှုမှာ စောစံဖိုးသင်ဟာ ခရီးထွက်နေလို့ ကံကောင်းပြီးတော့ အသက်မသေခဲ့တာ ဖြစ်တယ်။ ၁၉၄၇ ဖေဖော်ဝါရီလမှာ KNU ဆိုပြီးတော့ KCO နဲ့ KIO ပေါင်းပြီးတော့ လူငယ်အဖွဲ့နဲ့ပေါင်းပြီးတော့ KNU ဖြစ်လာတာ KNU ရဲ့ တောင်းဆိုချက် (၆)ချက်ဟာ အဲဒီတုန်းက ဒေါက်တာဘမော် အစိုးရဆီကို တောင်းဆို တာ (၁) ကရင်ပြည်နယ်ပေးပါ။ (၂) ဗမာတစ်ကျပ်၊ ကရင်တစ်ကျပ် ပေးပါ။ (၃) အချင်းချင်း ပဋိပက္ခကို မလိုလားပါဘူး။ (၄) ပြည်တွင်းစစ်ကို အလိုမရှိဘူး။ (၅) ကရင်သေနတ်ကိုင်တပ်ရင်းတွေဖွဲ့ပေးပါ။ (၆) သန်းခေါင်စာရင်းကောက်ပေးပါ ဆိုတဲ့ (၆) ချက်ဖြစ်ပါတယ်။

ဒီ (၆) ချက်ကို ပြန်လေ့လာရင် အဲဒီ (၆)ချက်အားလုံး ဒီကနေ့ ကရင်ပြည်နယ်မှာ ရနေပြီလို့ ကျွန်တော်တို့ ပြောလို့ရတယ်။ ကရင်တိုင်းရင်းသားများ လက်ဝယ် သေနတ်ကိုင်ထားပါ ဆိုတော့ ကရင်နယ်ခြားစောင့်တပ်တွေ (၁၃)ဖွဲ့လောက်ဖြစ်နေပြီ။ အချင်းချင်း မတိုက်တော့ဘူး။ ကျွန်တော်တို့က ပြည်ပရန်ကို ကာကွယ်ဖို့ပဲ လိုတဲ့အတွက်ကြောင့် နယ်ခြားစောင့်တပ်အနေနဲ့ပဲရှိရင် အဆင်ပြေနေပြီ ဖြစ်ပါတယ်။ ကရင်ပြည်နယ်လည်း ရှိနေပြီ။ သန်းခေါင်စာရင်းလည်း ကောက်ပြီးပြီ။ ကရင်တစ်ကျပ်၊ မြန်မာတစ်ကျပ် ကိစ္စကတော့ ပြည်နယ်ပြည်မ ဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး ဒါတွေဟာ အဲဒါတွေ အတွက် သုံးတဲ့ အစိုးရရဲ့ ဘတ်ဂျက်ဟာ လူဦးရေအချိုးနဲ့ Ratio ပြန်ညှိကြည့်မယ်ဆိုရင် ဘယ်လောက်လဲ ဒါကို အစိုးရစီမံကိန်းက တွက်ချက်ပြီးတော့ ပေးရမှာဖြစ်တယ်။ ဝန်ကြီးဌာန စီမံကိန်းဝန်ကြီးဌာန ဥပမာ ဗမာတွေနေတဲ့နေရာမှာ သုံးတဲ့ အစိုးရဘတ်ဂျက်ဟာ (၁၀၀)ကျပ် ရှိတယ်ဆိုရင် ဗမာလူမျိုးဟာ (၁၀၀)ဦး အဲဒီနားမှာ နေထိုင်တယ်ဆိုရင် ဗမာတစ်ယောက်အတွက် အစိုးရဘတ်ဂျက်က သုံးတာ (၁)ကျပ် အဲဒီလို ယူဆရင် ကရင်ပြည်နယ်မှာသုံးတဲ့ ဘတ်ဂျက်ဟာ (၅၀)ကျပ်ရှိမယ်ဆိုရင် ကရင်လူမျိုးဟာ (၅၀) ဦးရှိတယ် ဆိုလို့ရှိရင် ဒါဟာ ကရင်လည်း (၁)ကျပ်ရတယ်လို့ Ratio ပြန်ချကြည့်လို့ရှိရင် မျှခြေရှိတယ်။ သို့သော်လည်း ကရင်လူဦးရေ (၅၀)ပဲရှိတာကို အစိုးရက (၁၀၀)ကျပ် သုံးလိုက်ရင် ကရင်က (၂) ကျပ် ရသွားပြီ။ ဒါပေမဲ့ ကရင်လူဦးရေ(၅၀)ရှိတဲ့နေရာမှာ အစိုးရဘတ်ဂျက် (၂၅)ကျပ်ပဲ သုံးတယ် ဆိုလို့ ရှိရင်တော့ ကရင်ဟာ (၅)မူးပဲ ရမယ့် သဘောရှိတယ်။ ဒီတော့ ဗမာနဲ့ တိုင်းရင်းသားတွေ အားလုံး (၁)

ကျပ်စီမျှရဖို့ဆိုရင် ချက်ချင်းတူဖို့ မဖြစ်နိုင်ရင်တောင်မှ အတတ်နိုင်ဆုံး ကရင်(၁)ကျပ် ဗမာ(၁)ကျပ် စံကိုက်အောင် ဖြည့်ဆည်းပေးဖို့လိုတယ်။ ဒါမှသာ တိုင်းရင်းသားတွေရဲ့ ဒေသတွေဟာ ပြည်နယ် ပြည်မ မခွဲခြားဘဲနဲ့ အကြားအလပ်မရှိ လို့ ခဏခဏပြောနေတဲ့ဟာကို တကယ်ဖြစ်ပေါ်လာမှာ ဖြစ်တယ်။ အဲဒီတော့ ကရင် (၁)ကျပ် ဗမာ (၁)ကျပ်လို့ မပြောတော့ဘဲနဲ့ ပြည်ထောင်စုသားတိုင်း (၁)ကျပ်ပေါ်လစီ All National Equal 1K Policy ကို ချမှတ်သင့်တယ်လို့ ဆွေးနွေးလိုပါတယ်။ ဒါမှလည်း ခေါင်လမ်ဖူး တို့လို့ လဟယ်တို့လို နေရာတွေမှာ စည်ကားတိုးတက်လာမယ်။ ဒီကနေ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်တဲ့သူတွေကို ဦးခက်ထိန်နန် က ချီးကျူးဂုဏ်ပြုဖို့ အဆိုမတင်ခင်မှာပဲ သမ္မတကြီးက အဲဒီ လောခီးလာညီလာခံမှာ ဘုံရပ်တည်ချက် သဘောတူညီချက်ဖြင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လတ်မှတ်ထိုးရန် ဆုံးဖြတ်ချက်ချနိုင်တဲ့အထိ ကြိုးပမ်းအားထုတ်ခဲ့ကြတဲ့ လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံးရဲ့ ခေါင်းဆောင်များ အားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း ဆိုပြီးတော့ အဲဒီ ဖေဖော်ဝါရီ ၁ ရက်နေ့ကပဲ ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဦးစွာငြိမ်းချမ်းရေး အပစ်အခတ်ရပ်စဲရေး လတ်မှတ်ထိုးပါ။ အပစ်အခတ်ရပ်စဲ ရေးထိုးပြီးလို့ရှိရင် ကျွန်တော်တို့ နိုင်ငံရေးဆွေးနွေးပွဲ စားပွဲဝိုင်းကို ရောက်လာမယ်။ အဲဒီအချိန်မှာမှ ကျွန်တော်တို့က အခြေခံဥပဒေကို ပြင်ဆင်ဖို့ မလွဲမသွေ ပြင်ဆင် ပါ့မယ်လို့ သမ္မတကြီးက ပြောပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့ အဲဒါတွေကို လုပ်ဖို့ရာအတွက် မြန်မာနိုင်ငံဟာ စံပြဒီမိုကရေစီနိုင်ငံတော်ကြီး အဖြစ် ရပ်တည်သွားမှာ ဖြစ်တယ်လို့ အဆိုရှင် ဦးခက်ထိန်နန် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၄း၀၅ နာရီတွင် ခေတ္တရပ်နားပြီး (၁၄း၂၀)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။

**အချိန်၊ ၁၄း၂၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၄း၂၀။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၂၁။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြတ်ကို ဖြစ်ပါတယ်။ ကျွန်တော် မိတ်ဆက်တဲ့နေရာမှာ နည်းနည်းလေး ကျွန်တော် ရှင်းပြချင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ အမြဲတမ်း မှားနေပါတယ်။ ကျွန်တော့်ကို ကချင်ပြည်နယ်မှာနေတာလား၊ ချင်းပြည်နယ်မှာနေတာလား ဆိုပြီး မှားနေတာ ရှိပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အပိုဒ်(၅၆)မှာတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အောက်ပါအတိုင်း ခွဲခြားသတ်မှတ်ထားပါတယ်။ (က) မှာ ကျွန်တော်တို့ စစ်ကိုင်းတိုင်း၊ လေရှီးမြို့နယ်၊ လဟဲမြို့နယ်နဲ့ နန်းယွန်းမြို့နယ်တို့ကို စုစည်းပြီး နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလို့ကျွန်တော်တို့ သတ်မှတ်ပြီး ဖြစ်ပါတယ်။ တစ်ချို့တွေက အဲဒါကို မသိဘဲ ကျွန်တော့်ကို ကချင်တိုင်းရင်းသား ပြီးရင် ကချင်တိုင်းရင်းသား တစ်ချို့ဝန်ကြီးဌာနဆို ကျွန်တော့်ကို ရှမ်းပြည်နယ်ကလို့ မှားပြီးတော့မှ ဖော်ပြထားတာ ရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့က သဲသဲကွဲကွဲနဲ့ ဖြစ်စေချင်လို့ ဒီနေရာမှာ ရှင်းပြခြင်း ဖြစ်ပါတယ်။

ကျွန်တော် အခု ဆွေးနွေးသွားမယ့် အဆိုကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် အပိုင်း(၂)ပိုင်း ခွဲပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးခက်ထိန်နန် ရဲ့အဆိုကို ကျွန်တော်တို့ ကြည့်လိုက်တဲ့အချိန်မှာ ခေါင်းစဉ်မှာတင် (၂)ပိုင်းတွေ့ရပါတယ်။ ပထမတစ်ပိုင်းကတော့ ကျွန်တော်တို့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူတွေကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ရန် ဖြစ်ပါတယ်။ အဲဒီအပိုင်းလေးနဲ့ ပတ်သတ်ပြီး ကျွန်တော် လက်တွေ့လုပ်ဆောင်ခဲ့ရတဲ့အပေါ်မှာ အခြေပြုပြီးတော့မှ ကျွန်တော် ဆွေးနွေးသွားလိုပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း လို့ သူ ပြောထားပါတယ်။

ကျွန်တော်တို့ ပထမဆုံး ဒီအပစ်အခတ်ရပ်စဲရေး လတ်မှတ်ထိုးဖို့အတွက် ပထမဆုံး ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌကြီးထံမှာ ခွင့်တောင်းပြီးတော့ ပြန်သွားပါတယ်။ ဒီကနေ ကားနဲ့ ပြန်ပါတယ်။ မန္တလေး ရောက်တော့ ကျွန်တော်တို့ လေယာဉ်စီးပါတယ်။ လေယာဉ် (၈၁၀၀၀) ပေးပြီး တော့မှ ပြန်သွားပါတယ်။ အဲဒီကနေတစ်ဆင့် ကျွန်တော်တို့ညမှာ နာဂရိုးရာအဖွဲ့၊ ပြီးရင် နာဂလူကြီးတွေနဲ့ ကျွန်တော်တို့ အစည်းအဝေးထိုင်ပါတယ်။ ငြိမ်းချမ်းရေးကိစ္စအတွက် ဒီလိုလမ်းညွှန်လိုက်တယ်ဆိုတဲ့ အကြောင်းကို ဆွေးနွေးပြပါတယ်။ ကျွန်တော်တို့ တစ်ယောက်တည်း မဟုတ်ပါဘူး။ ပြည်သူ့လွှတ်တော်က ကိုယ်စားလှယ် ဦးလှထွန်း ပါ ပါတယ်ခင်ဗျား။ တကယ်တော့ ငြိမ်းချမ်းရေး ဆိုတာ အပြောလွယ်တယ် အလုပ်ခက်တယ်။ ပြောရင်တော့ လွယ်လွယ်လေးပဲ။ ဒါပေမဲ့ လိုက်လုပ်ကြည့်တဲ့အခါမှာ တော်တော် ခက်ခဲတယ် ကျွန်တော်တို့ ဆိုရင်လည်း တစ်ကြိမ်တည်းနဲ့ ဒီအဖြေကို မရပါဘူး။ အကြိမ်ကြိမ် အခါခါ အထပ်ထပ် သွားပြီးတော့မှ ကျွန်တော်တို့က

ဒီဆွေးနွေးပွဲ လုပ်/မလုပ် အဖြေတစ်ခုကို ရရှိခဲ့တာဖြစ်ပါတယ်။ တိုင်းအဆင့် ကျွန်တော်တို့ လုပ်နိုင်ခဲ့တာပါ။ အဲဒီလို သွားတဲ့အချိန်မှာ ကျွန်တော်တို့က ခန္တီးရောက်တာနဲ့ ဒီငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ တွေ့လို့မရပါဘူး။ သူတို့ဒေသကို ကျွန်တော်တို့ စက်လှေတွေနဲ့ သွားရပါတယ်။ (၄)နာရီ စီးရပါတယ်။ (၄)နာရီစီးပြီးရင် ကျောက်ဆည်ဆိုတာကို ကျွန်တော်တို့ရောက်ပါတယ်။ အဲဒီ ကျောက်ဆည်ရောက်ပြီးရင် အဲဒီစက်လှေကို ထားခဲ့ပြီးတော့မှ လမ်းလျှောက်ရပါတယ်။ လမ်းလျှောက်ပြီးတော့မှ အဲဒီကြားထဲမှာ စက်လှေတစ်စီးကို ပြောင်းစီးရပါတယ်။ အဲဒီစက်လှေကို ပြောင်းစီးပြီးတော့မှ နောက်ထပ်တစ်နေရာကို ရောက်ရင် နာရီဝက်လောက်စီးပြီးရင် ကျောက်စိမ်းဆည်ဆိုတာကို ရောက်ပါတယ်။ အဲဒီ ကျောက်စိမ်းဆည်မှာလည်း ကျွန်တော်တို့ လမ်းလျှောက်ရပါသေးတယ်။ လမ်းလျှောက်ပြီးတော့မှ စက်လှေနောက်တစ်စီးကို ပြောင်းစီး ရပါတယ်။ အဲဒီလိုပြောင်းစီးပြီး ကျွန်တော်တို့ (၂)နာရီလောက်ဆန်သွားမှ တံခါးကျေးရွာဆိုတဲ့ ရွာလေးမှာ အခြေချနားပါတယ်။ နောက်တစ်ရက်မှာမှ နာဂလက်နက်ကိုင်တွေရှိတဲ့ အခြေပြုတဲ့ တံခါးကျေးရွာကို ကျွန်တော်တို့ ရောက်ရှိပါတယ်။ ဒီလိုသွားတဲ့အချိန်မှာလည်း ကျွန်တော်တို့က ပထမဆုံးအကြိမ် ဖြစ်တဲ့အတွက် ကျွန်တော်တို့ အခြေကျ စစ်ဗျူဟာကို သတင်းပို့ရပါတယ်။ သတင်းပို့တဲ့အချိန်မှာ ဗျူဟာမှူးတော့ မရှိပါဘူး။ G-2 ရှိပါတယ်။ G-2 ကိုပဲ ကျွန်တော်တို့ တင်ပြပြီးတော့မှ သွားရပါတယ်။ အဲဒီလိုသွားပြီး တော့မှ ကျွန်တော်တို့ဆွေးနွေးရပါတယ်။ ဆွေးနွေးပြီးတော့မှ အဖြေချက်ချင်း မရခဲ့ပါဘူး။ အကြိမ်ကြိမ် ဆွေးနွေးပြီးတော့မှ နောက်ပိုင်းမှ အဖြေရတာပါ။ ကျွန်တော်တို့ တိုင်းဒေသအဆင့် ကျွန်တော်တို့ လက်မှတ် ထိုးနိုင်တာ ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်ကိုလည်း ကျွန်တော်တို့ဆက်လက်ပြီးတော့ ဆွေးနွေးနေ ပါတယ်။ ကျွန်တော်တို့ ကြိုးစားပြီးဆောင်ရွက်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အမြင်တစ်ခုလေးကို ကျွန်တော် ဆွေးနွေးတင်ပြလိုပါတယ်။ အခြားတိုင်းရင်းသားတွေ ဆွေးနွေးတဲ့အချိန်မှာတော့ ကျွန်တော်တို့ ပြည်ထောင်စုအဆင့် တာဝန်ရှိသူတွေ ပါပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နာဂလက်နက်ကိုင်အဖွဲ့နဲ့ ဆွေးနွေးတဲ့အချိန်မှာတော့ ပြည်ထောင်စုအစိုးရအဖွဲ့မပါပါဘူး။ လတ်မှတ်ထိုးတဲ့အချိန်လောက်မှပဲ တွေ့ရပါတယ်။ ကျွန်တော်တို့ နာဂတိုင်းရင်းသားများ ဆွေးနွေးတဲ့အချိန်မှာ ကိုယ့်ဟာကို ဆွေးနွေးရတဲ့ သဘောမျိုး ဖြစ်နေပါတယ်။ ကျွန်တော် ပြောလိုတာ ကျွန်တော်တို့တိုင်းရင်းသားတွေ နည်းတယ်၊ များတယ်၊ ကြီးတယ်၊ ငယ်တယ်၊ ပြီးတယ်၊ လွယ်တယ်၊ ခက်တယ်၊ ဆိုးတယ်၊ ကောင်းတယ် ဒါမျိုးတွေ မခွဲခြားဘဲနဲ့ တန်းတူညီမျှ လုပ်သွားဖို့ လိုအပ်ပါတယ်လို့ ကျွန်တော်အကြံပြုတင်ပြလိုပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော် ငြိမ်းချမ်းရေးခရီးစဉ်ဟာ ကျွန်တော်တို့သွားခဲ့ရတဲ့ ခရီးစဉ်ဟာ ထိုင်းနိုင်ငံ၊ ဘန်ကောက်တို့၊ ချင်းမိုင်တို့ သွားတာထက် ပိုပြီးတော့မှ ခက်ပါတယ်။ ဘန်ကောက်တို့၊ ချင်းမိုင်တို့သွားရင် ကျွန်တော်တို့ (၁)နာရီ (၂)နာရီနဲ့ ရောက်နိုင်ပါတယ်။ ကျွန်တော်တို့ ဆီမှာတော့ ညအိပ် ညနေသွားပြီးတော့မှ စားစရာပါ ယူသွားပြီး လမ်းလျှောက် ကုန်းတစ်တန် ရေတစ်တန် သွားပြီးတော့မှ ကျွန်တော်တို့ ရောက်ပါတယ်။ ဒီလိုဖော်ဆောင်တဲ့နေရာမှာလည်း ကျွန်တော်တို့က ကျွန်တော်တို့ အိတ်ထဲကနေ စိုက်ပြီးတော့မှ မိန်းမ စုဆောင်းထားတဲ့ ရွှေတိုငွေစလေးတွေရောင်း ဒါမျိုးလေးတွေ ရောင်းပြီးရင် အလှူရှင်တွေရှာ ဒီလိုသွားရတာပါ။ ဒီလိုလုပ်တာလည်း ကျွန်တော်တို့ နိုင်ငံအတွက်ပါ။ ပြီးရင် ပြည်သူ့အတွက်ပါ။ ကျွန်တော်တို့ ဒီလိုလုပ်လို့လည်း ကျွန်တော်တို့ နာဂပြည်သူတွေ အခုချိန်မှာ ခေါင်းပြားအောင် အိပ်လို့ရတာဖြစ်ပါတယ်။ အရင်တုန်းကတော့ ကျွန်တော်တို့ ခွေးဟောင်တိုင်း ထကြည့်ရတဲ့ ပုံစံမျိုးပါ။ ပြည်သူလူထု စိတ်အေးအေးချမ်းချမ်းနဲ့ နေလို့မရပါဘူး။

အခုချိန်မှာတော့ ဘာပဲပြောပြော ကျွန်တော်တို့ လတ်မှတ်ထိုးထားတဲ့အတွက် ပြည်သူတွေ စိတ်အေးလက်အေးနဲ့ ကိုယ့်တောင်ယာကို ကိုယ်ခုတ်ပြီးတော့မှ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကိုယ့်ဒေသမှာ နေထိုင်နေပြီ ဖြစ်ပါတယ်။ ပြည်သူများအတွက် ကျွန်တော်တို့ လုပ်ခဲ့တာဖြစ်ပါတယ်။ နောက်ပြီး လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ကျတော့ ကားတွေ ပေးတာ ရှိတယ်။ ဆန်တွေ ထောက်ပံ့တာရှိတယ်။ ငွေတွေ ထောက်ပံ့တာရှိတယ်။ ဒီလုပ်ခဲ့တဲ့သူတွေအပေါ်မှာ ကျွန်တော်တို့ ဒီမိုကရေစီနည်းနဲ့ အရွေးခံပြီးမှ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာတဲ့ လူတွေကျတော့ (၅၀၀)ပေးပြီး ကားစီးနေရတယ်။ ထောက်ပံ့ကြေး ကလည်း ချီးမြှင့်ငွေကလည်း (၁၀၀၀၀၀)ပဲ ရတယ်ဆိုတာ ဒါတွေကိုလည်း ကျွန်တော်တို့နည်းနည်းတော့ ပြန်ပြီးတော့ စဉ်းစားသင့်တယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။ ကိုယ်ချင်းစာပေးသင့်တယ်လို့ မြင်ပါတယ်။ နောက်ပြီးတော့ လိမ္မာတဲ့သားတွေကျတော့ လှည့်မကြည့်ဘူး။ ဆိုးတဲ့သားတွေကျတော့ လှည့်ကြည့်တယ်။ အဲဒီတော့ ကျွန်တော်တို့ လိမ္မာတဲ့သားသမီးတွေအတွက်လည်း တစ်ခါတစ်လေလောက်တော့ အလိုလိုက်ပြီးတော့မှ လှည့်ကြည့် ပေးသင့်ပါတယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက်ကတော့ နိုင်ငံတော်အတွက်လည်း အရေးကြီးပါတယ်။ ပြည်သူ့အတွက်လည်း အများကြီး အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးဆိုတာနဲ့ ပြည်သူတွေအားလုံးက လိုလိုလားလား တောင့်တောင့်တတ မျှော်လင့်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ငြိမ်းချမ်းရေး မရှိရင် ကျွန်တော်တို့ ဘဝတွေ မတိုးတက်နိုင်ပါဘူး။ ငြိမ်းချမ်းရေး မရှိရင် ဒေသဖွံ့ဖြိုးရေးတွေ မလုပ်နိုင်ပါဘူး။ ဥပမာ - ကျွန်တော်တို့ ဒေသအနေအထားမှာပဲကြည့် ကျွန်တော် ဒီရွေးကောက်ပွဲ မတိုင်ခင် စည်းရုံးရေးဆင်းတဲ့အချိန်မှာ အားလုံးကို ခြေလျင်လျှောက်ရပါတယ်။ ဒီရွေးကောက်ပွဲ တိုင်ပြီးတော့မှ ငြိမ်းချမ်းရေးလုပ်ပြီးတဲ့ကာလမှာ နိုင်ငံတော်က ကျွန်တော်တို့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်လာပါတယ်။ အရင်တုန်းက ကျွန်တော်တို့ ခရိုင်မပါပါဘူး။ ဟုမ္မလင်း မပါပါဘူး။ ကျွန်တော်တို့ နာဂဒေသဆိုတာက လေရှီး၊ လဟယ်၊ နန်းယွန်း၊ ပန်ဆောင်မြို့နယ်(ခွဲ)ပေါ့။ ဒီ(၄)ခုပဲ ရှိပါတယ်။ အခု ဒီရွေးကောက်ပွဲပြီးတော့မှ ငြိမ်းချမ်းရေးလုပ်ပြီးတော့မှ နောက်ထပ်မြို့နယ်ခွဲ(၄)ခု ပေါ်လာပါတယ်။ ထန်ပါခွေမြို့နယ်ခွဲ၊ ဒုံဟီးမြို့နယ်ခွဲ၊ မိုဝိုင်လွတ် မြို့နယ်ခွဲပြီးရင် ဆွန်ပရာမြို့နယ်ခွဲပေါ့ ဒီလိုတွေ ပေါ်လာတယ်။ နောက်ပြီးတော့ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းလာတယ်။ ကားနဲ့သွားလို့ ရတယ်။ ဒါပေမဲ့ မိုးတွင်းတော့ သွားလို့ မရသေးပါဘူး။ အခု ကျွန်တော်ပြန်တဲ့အချိန်မှာ ဆိုင်ကယ်နဲ့ပဲ တက်ခဲ့ရ ပါတယ်။ ဒီအနေအထားတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ အရင်တုန်းက နဲ့စာရင် ကျွန်တော်တို့ဒေသ အများကြီး ပြောင်းလဲ တိုးတက်တယ်ဆိုတာကို မျက်မြင်ကိုယ်တွေ့ပဲ ဖြစ်ပါတယ်။ ပြည်သူတွေလည်း မျက်မြင်ကိုယ်တွေ့ပဲ ဖြစ်ပါတယ်။ ကိုယ်တိုင်ခံစားနေရတာတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ငြိမ်းချမ်းရေးဆိုရင် ကျွန်တော်တို့ အများကြီး ကြိုဆိုပါတယ်။ အများကြီးလက်ကမ်းပါတယ်။ ဒီလို ငြိမ်းချမ်းရေး ဖော်ဆောင်တဲ့နေရာမှာလည်း အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာလည်း နှစ်ဦးနှစ်ဖက် ကျွန်တော်တို့ စိတ်ရင်းစေတနာမှန်တဲ့ စိတ်ကောင်းစေတနာ ထားပြီးတော့မှ မှန်မှန်ကန်ကန်နဲ့ စိတ်ရှည်သည်းခံပြီးတော့မှ ပြည်သူ့အတွက်၊ နိုင်ငံအတွက် ဒါတွေကို ဆွေးနွေးပြီးတော့မှ စဉ်းစားပြီးတော့မှ ညှိနှိုင်းအဖြေရှာသွားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အယူအဆ သူ့အယူအဆ ကိုယ့်အယူအဆတွေကို တရားသေ ဆုပ်ကိုင်ပြီးတော့မှ ဆွေးနွေးပြီးတော့မှ နေမယ့်အစား ကျွန်တော်တို့ နိုင်ငံအတွက် ပြည်သူလူထုအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းဖို့ အဓိကစဉ်းစားဆွေးနွေးသွားဖို့ လိုအပ်ပါမယ်လို့ အကြံပြုလိုပါတယ်ခင်ဗျား။

နိဂုံးချုပ်အနေနဲ့ကတော့ အဆိုရှင် ဦးခက်ထိန်နန် ရဲ့ အဆိုဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေလည်း အကောင်အထည်ဖော်နေတယ် ဆိုတာလည်း သိပါတယ်။ ဆက်လက်ဆောင်ရွက်နေတယ် ဆိုတာလည်း သိပါတယ်။ ဒါပေမဲ့ အခုလို ကျွန်တော်တို့ လွှတ်တော်ကနေ ထပ်ပြီးတော့ ဆွေးနွေးတယ်၊ ထောက်ခံတယ် ဆိုတာ လုပ်နေတဲ့ အစိုးရအပေါ်မှာ ဖိအားပေးတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ပြောမယ်ဆိုရင်တော့ အားဆေးတိုက်ကျွေးတာပါ။ ကူညီဖေးမပေးတာပါ ဆိုတဲ့အကြောင်းကို ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၃၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၄။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ကျွန်တော် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ၏ ပြည်တွင်းငြိမ်းချမ်းရေး အကြောင်းနဲ့ပတ်သက်၍ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ချင်းပြည်နယ် အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် မှ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စနဲ့ပတ်သက်ပြီး အပိုင်း(၂)ပိုင်း ခွဲပြီး ကျွန်တော် ဆွေးနွေးသွားပါမယ်။ ပထမပိုင်းအနေဖြင့် ဘာကြောင့် လက်နက်ကိုင် ပဋိပက္ခစတင် ဖြစ်ခဲ့ရသလဲဆိုတဲ့ အကြောင်းနဲ့ ဒုတိယ အပိုင်းအဖြစ် ယခုအချိန်အခါမှာ လက်နက်ကိုင်ပဋိပက္ခ ရှိသင့်သလားဆိုတဲ့ အကြောင်းကို အခြေခံပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမပိုင်းဖြစ်တဲ့ ဘာကြောင့် လက်နက်ကိုင်ပဋိပက္ခ စတင်ခဲ့ရတဲ့ အကြောင်းကို အကျယ်ဆွေးနွေးသွားပါမယ်။ လွတ်လပ်ရေးရပြီး အာဏာရလာတဲ့ ဗမာ ခေါင်းဆောင်အချို့ဟာ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝ မရှိသောကြောင့်လို့ ထင်မြင်မိပါတယ်။ ပြည်ထောင်စုစစ်စစ်ဆန်သော သို့မဟုတ် ဖယ်ဒရယ်ပြည်ထောင်စု ပုံစံမျိုးနှင့် မအုပ်ချုပ်ပဲ၊ တစ်ပြည်ထောင်စုစနစ်၊ လူမျိုးကြီးဝါဒဆန်သော စနစ်ဖြင့် အုပ်ချုပ်သောကြောင့်ဖြစ်သည်ဟု သုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၈၈၅ ခုနှစ်၊ အင်္ဂလိပ်များ မြန်မာပြည် မသိမ်းပိုက်မီ ကရင်၊ ကယား၊ ကချင်၊ ချင်း၊ ရှမ်း၊ မွန် နှင့် ရခိုင်လူမျိုးများဟာ မိမိပြည်နယ်ဒေသအသီးသီး၌ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဘာသာဓလေ့ထုံးတမ်းများနှင့် သီးခြားစီနေထိုင်ခဲ့ကြတဲ့ လူမျိုးများဖြစ်ကြပါတယ်။ ဗမာရှင်ဘုရင်များ စိုးစံအောက်၌ မနေခဲ့ကြဘူးသည်မှာ အမှန်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ဒါတွေအားလုံး သိပြီးသား ဖြစ်ပါတယ်။ သီပေါဘုရင်က အခြားလူမျိုးများဖြစ်ကြတဲ့ ကျွန်တော်တို့ ချင်း၊ ကချင်၊ ကရင်၊ ရှမ်း စသည့် ပြည်နယ်ဒေသ ခေါင်းဆောင်များကိုလည်း လူမျိုးတစ်မျိုးအနေဖြင့် တန်းတူရည်တူ သံတမန်ကဲ့သို့ ဆက်ဆံခဲ့တာကို ကျွန်တော်တို့လေ့လာ ကြားဖူးသိရှိရပါတယ်။ အင်္ဂလိပ်အစိုးရ မြန်မာပြည် နှစ်(၁၀၀)ကျော် အုပ်စိုးသောကာလမှာလည်း တိုင်းရင်းသားလူမျိုးများနှင့် ဗမာလူမျိုးများ ရင်းနှီးစွာ ဆက်ဆံမှုမရှိသလောက် ဖြစ်ခဲ့ပါတယ်။ သို့သော် ၁၉၄၈ ခုနှစ်၊ ပင်လုံစာချုပ် ချုပ်ဆိုသော

အခါမှ တိုင်းရင်းသားများနှင့် ဗမာလူမျိုးများ လွတ်လပ်ရေး ရရှိရေးကို ဦးတည်၍ ပူးပေါင်းဆောင်ရွက်လာကြသည်ကို တွေ့ရမှာ ဖြစ်ပါတယ်။ ထိုအချိန်ကစ၍ တိုင်းရင်းသားများဟု ခေါ်သော အခေါ်တွင်ကျယ်လာသည်ဟု ကျွန်တော်ထင်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားများဟု အခေါ်သည် နားကြားကောင်းသော်လည်း၊ တိုင်းရင်းသားများ ဟု ခေါ်ပါလျှင် မြန်မာပြည်၌ ဗမာလူမျိုးများ၏ ဒုတိယတန်းစားလူမျိုးများ သဘောသက်ရောက်ပါသည် ဟု ယူဆမိပါတယ်။ ဒါကြောင့် တိုင်းရင်းသားအစား ပြည်ထောင်စုသားဟု ခေါ်သင့်ပါကြောင်း အလျဉ်းသင့်၍ ဥက္ကဋ္ဌကြီးကို လေးစားစွာဖြင့် ထည့်သွင်းဆွေးနွေးတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရသောအခါ အာဏာရ ဗမာခေါင်းဆောင်ဟောင်းအချို့သည် ပင်လုံစာချုပ်၌ မူလရည်ရွယ်သော ပြည်ထောင်စုစနစ်ကို မကျင့်သုံးဘဲ။ တစ်ပြည်ထောင်စုစနစ်ကို ကျင့်သုံးလာသည်။ လူမျိုးကြီးဝါဒကို ကျင့်သုံးပြီး အာဏာခွဲဝေမှု မျှတမှုမရှိ၊ တန်းတူရည်တူအခွင့်အရေး မရ စသည့်နိုင်ငံရေးချိန်ခွင်လျှာ မညီမျှမှုများရှိလာသဖြင့် အခြားလူမျိုးများဖြစ်သည့် ရှမ်း၊ ချင်း၊ ကရင်၊ ကယား၊ ကချင်စသည့် ခေါင်းဆောင်များသည် ဗမာခေါင်းဆောင်များအချို့နှင့် သဘောထား၊ ရည်ရွယ်ချက်၊ အကြံအစည်၊ အကျင့်အကြံချင်း မတူသောကြောင့် ဗမာလူမျိုး ခေါင်းဆောင်အချို့များနှင့် အတူမနေလိုတော့ဘဲ သီးခြားလွတ်လပ် ရေးရယူလိုခြင်း၊ သီးခြားခွဲထွက်လိုခြင်း ဆန္ဒများပေါက်လာသဖြင့် လွတ်လပ်ရေးမရခင်မကြာမီမှာပဲ KNU နဲ့မွန်ပြည်သူ့ပါတီ KIA စသည့် လက်နက်ကိုင်၍ တောခိုတော်လှန်ရေး စတင်လုပ်ဆောင်ကြရသည့် အကြောင်းအရင်းဖြစ်ပါသည်။ ပါတီ မူဝါဒရေးရာနဲ့ ပုဂ္ဂိုလ်အချင်းချင်း ဆန္ဒသဘောထားခြင်း မတူသည့် ဗကပထဲသို့ လက်နက်ကိုင် တောခိုသည်များလည်း ရှိပါသည်။

အဓိက ပြဿနာမှာ လူမျိုးကြီးဝါဒ ကျင့်သုံးမှုသည် မြန်မာနိုင်ငံ၌ ကာလအတန်ကြာအောင် အသက်ဝင်နေခြင်းပင် ဖြစ်ပါတယ်။ ယခု ကာလုံ(၁၁)ဦး အဖွဲ့ဝင်သည်လည်း ယခင်စနစ်ဟောင်း၏ အတွေးအခေါ်မျိုး စွဲလန်းကိုင်ထားသူ၊ သဘောထားတင်းမာနေသူအချို့ ရှိကောင်းရှိနိုင်ပါတယ်။ ထိုကဲ့သို့ ပုဂ္ဂိုလ်များရှိခဲ့လျှင် ပြည်တွင်းရေး၊ ငြိမ်းချမ်းရေး အမြန်ရရှိဆောင်ရွက်ရာ၌ အဟန့်အတားဖြစ်စေနိုင်ပါသည်။ စစ်နိုင်ခြင်းသည် ငြိမ်းချမ်းရေးမဟုတ်သလို စစ်ရှုံးခြင်းသည်လည်း ငြိမ်းချမ်းရေးမဟုတ်နိုင်ပါ။ ကြည်ဖြူသန့်ရှင်းသောနှလုံးသားကသာလျှင် ငြိမ်းချမ်းရေး ရရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအပိုင်းဖြစ်တဲ့ ယခုအချိန်အခါမှာ လက်နက်ကိုင်တော်လှန်ရေးလုပ်စရာမလိုတော့ကြောင်း အမြင်ကိုဆွေးနွေးသွားပါမယ်။ သမ္မတကြီး အပါအဝင် လက်ရှိတိုင်ပြည်ခေါင်းဆောင်ကြီးများသည် ပြည်ထောင်စုတိုင်းရင်းသားများအပေါ် ကိုယ်ချင်းစာ၍ တိုင်းရင်းသားများအရေးကိစ္စအား နားလည်သဘောပေါက်မှု ရှိလာပါပြီ။ တိုင်းရင်းသားများ၏ နစ်နာဆုံးရှုံးမှု၊ တိုင်းရင်းသားများ ခံစားခဲ့ရသော အိမ်မက်ဆိုးများကို စာနာပါကြောင်း သမ္မတကြီးက ဖွင့်ဟမိန့်ခွန်းပြောကြားခဲ့ပါတယ်။ လက်ရှိခေါင်းဆောင်ကြီးများသည် တစ်ချိန်က တပ်မတော်သားများဖြစ်လင့်ကစား ဒီမိုကရေစီအရေးကို ဆောင်ရွက်ပါမည်ဟု ထိုးဖောက်လာမည့်ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပါတယ်။ အတိတ်က ဖြစ်ခဲ့သော သမိုင်းဟောင်းများကို ပြန်လည်အသက်သွင်းလိုသူများ မဟုတ်ကြတော့ပါဟု ယုံကြည်ပါတယ်။ အကြောင်းမှာ တစ်ချိန်က အဆိုပြုမဆွေးနွေးခဲ့ရသော ဖက်ဒရယ်ကိစ္စကိုပင် ယခု ဆွေးနွေးမှုပြုရန်

လက်ခံလာကြပါပြီ။ တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်များလည်း လွှတ်တော်အစည်းအဝေးမှာ လွတ်လပ်စွာပြောဆိုခွင့် ရရှိလာပါပြီ။

ဤအချက်များကို လေ့လာသိရှိခြင်းအားဖြင့် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များသည် ယခုအချိန်အခါမှာ ဗမာခေါင်းဆောင်များ နှင့်အတူနေလို့ရပြီ၊ စကားပြောဆွေးနွေးလို့ရပြီ၊ ပူးပေါင်းတန်သည်ဟု မြင်လာသဖြင့် ငြိမ်းချမ်းရေးစကားကို လိုလိုလားလားလက်ခံလာကြမှာတွေ့ရမှာ ဖြစ်ပါတယ်။ မည်သည့် တိုင်းရင်းသားလက်နက်ကိုင်မဆို ယခုအချိန်မှာ လွတ်လပ်ရေးတောင်းခြင်း၊ သီးခြားခွဲထွက်ဖို့တောင်းဆိုခြင်းမျိုး မရှိပါ။ ဝမ်းသာစရာကောင်းပါတယ်။ ဆူးခင်းသောလမ်းမလျှောက်ဘဲ ပန်းခင်းသောလမ်းသို့ ပြည်ထောင်စုသား အားလုံး အတူအတကွပျော်ပျော်ပါးပါး လျှောက်လှမ်းသင့်ပါသည်။ နိုင်ငံတော်အစိုးရ MPC၊ MCCT နှင့် ငြိမ်းချမ်းရေး၊ အောင်မြင်ရေးအတွက် ဆောင်ရွက်ချက်များကို တိုင်းသူ၊ ပြည်သားအားလုံးပါဝင်သင့်သော အချိန်အခါကောင်းလည်း ဖြစ်ပါတယ်။ ပါဝင်ကြသော အဖွဲ့အစည်းအားလုံးကို ပြည်သူ၊ ပြည်သားများက ကျေးဇူးတင်ရမှာ ဖြစ်သလို ကမ္ဘာ့ကုလသမဂ္ဂကလည်း မြန်မာနိုင်ငံရဲ့ခေတ် Process များကို ချီးကျူးကြောင်း သိရှိကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ငြိမ်းချမ်းရေးအတွက်ပါ ဝင်ဆွေးနွေးကြသူ ခေါင်းဆောင် Stake Holder များအားလုံးသည် အတိတ်က သမိုင်းဆိုး သင်ခန်းစာယူပြီး ငါ့ဒေသ၊ ငါ့ပါတီ၊ ငါ့လူမျိုး ဟု ငါဟူသော မာန်မာနကို ဖယ်ရှားပြီး ဖယ်ဒရယ်ပြည်ထောင်စုစနစ်အား မြန်မာပြည်၌ကျင့်သုံးနိုင်အောင် အချက်ပါသော သဘောတူညီမှုမျိုးရရှိပါက ပြည်တွင်းငြိမ်းချမ်းရေး အမြန်အကောင်အထည် ဖော်နိုင်လိမ့်မယ်ဟု ယုံကြည်မျှော်လင့်မိပါသဖြင့် ဦးခက်ထိန်နန် ၏ အဆိုဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည် အထိ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၄၅။**

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘရန်ရှောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၅။**

**ဦးဘရန်ရှောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဘရန်ရှောင် ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းသွားတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားပါ့မယ်။ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဟာ လွန်စွာသင့်မြတ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးက အဓိက အရေး အကြီးဆုံးအချက် ဖြစ်တယ်လို့ ဆွေးနွေးလိုပါတယ်။ အဆိုရှင် ဦးခက်ထိန်နန် တင်ပြချက်များအတိုင်း ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက် ပြည်တွင်းငြိမ်းချမ်းမှု မရှိခဲ့လို့ နိုင်ငံတော် အတွက် ဆုံးရှုံးနစ်နာမှု မြောက်များစွာ ရှိခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေးများ ပျက်စီးတယ်။ ကုန်ဈေးနှုန်း မတည်ငြိမ်မှု၊ စစ်မက်ဖြစ်ပွားလေ့ရှိတဲ့ ဒေသများမှာ နေထိုင်ကြတဲ့ ပြည်သူလူထုများအားလုံး ကာယ ဒုက္ခ၊ စိတ်ဒုက္ခ အမျိုးမျိုးခံစားရခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ရိုးရာယဉ်ကျေးမှု၊ စီးပွားရေး အရာရာ၌ နောက်ကျကျန်ရစ်ခဲ့ရပါတယ်။ မိမိတို့ရဲ့ အသက်အန္တရာယ်ကိုပဲ လုံခြုံအောင် ကာကွယ်နေကြရပြီးမှ ကိုယ့်ရဲ့ စီးပွားရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ကျဆင်းပြီးမှ လူနေမှုအဆင့် နောက်ကျကျန်ရစ်ခဲ့ ခြင်းစတဲ့ ဒုက္ခဆင်းရဲအပေါင်း ခံစားရတယ်ဆိုတာ အထက်က ပုဂ္ဂိုလ်များလည်း ဆွေးနွေးခဲ့ပြီး ဖြစ်ပါ တယ်။ မျက်မှောက်ကာလမှာလည်း လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ပဋိပက္ခ ဖြစ်ပွားခြင်း၊ လူမှုရေး၊ ဘာသာရေး ပဋိပက္ခများ ဖြစ်ပွားခြင်းများကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကချင်ပြည်နယ်၊ ရှမ်း ပြည်နယ်၊ ရခိုင်ပြည်နယ်များမှာ ဒုက္ခသည် မြောက်များစွာလည်း လူမှုဒုက္ခအမျိုးမျိုး ခံစားနေကြရ လျက်ရှိပါတယ်။

နိုင်ငံတော်ကို ဦးဆောင်လျက်ရှိတဲ့ ခေါင်းဆောင်များရဲ့ ဦးဆောင်မှုကို ဆန့်ကျင်လိုသူများ၊ ပြည်တွင်း/ပြည်ပ ပယောဂများရဲ့ သွေးခွဲမှုကို လွဲမှားစွာ ယုံကြည်လက်ခံခြင်းကြောင့် လည်းကောင်း၊ ဂိုဏ်းဂဏ အစွဲများ၊ လူမျိုးစွဲများကြောင့် လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးစတဲ့ ပြဿနာများ ပေါက်ပွားလာပြီးမှ ပြည်သူလူထု ဆင်းရဲဒုက္ခအမျိုးမျိုး ခံစားနေရတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

ရိုသေလေးစားပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ ဦးဆောင်လျက် ငြိမ်းချမ်းရေး လုပ်ငန်း များကို အစဉ်တစိုက်ကြိုးပမ်းလျက်ရှိရာ အောင်မြင်မှုများလည်း များစွာ ရရှိခဲ့သလို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆက်လက်ပြီးမှ ဆောင်ရွက်ရန်လည်း အများကြီးလိုအပ်နေသေးကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ၁၉၉၄ ခုနှစ်နောက်ပိုင်း ၂၀၁၀ အထိ ငြိမ်းချမ်းရေး ရရှိခဲ့လို့ အစစ အရာရာ တိုးတက်ခဲ့ပါတယ်။ ၂၀၁၀ တုန်းက ကျွန်တော်တို့ရဲ့ ကချင်ပြည်နယ်က ခေါင်းဆောင်ကြီး တစ်ဦးက ကျွန်တော်တို့ကို သတိပေးခဲ့ပါတယ်။ ကချင်ပြည်နယ်လူထုကို အဲဒါဘာပါလဲဆိုတော့ ဆရာကြီး ဒေါက်တာဇွပ့်ကြုံ က ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းရမယ်။ ငြိမ်းချမ်းရေး ပျက်ပြားပြီးမှ ဒီတစ်ခါ ပဋိပက္ခတွေ ပြန်လည်ဖြစ်ပွားလာမယ်ဆိုရင် ဒီ စိမ်းလန်းနေတဲ့ မြက်ခင်းကို ဖျာနဲ့ အုပ်လိုက်သလို ဒုက္ခ အကြီးအကျယ်ရောက်သွားနိုင်တယ်လို့ ကျွန်တော်တို့ကို သတိပေးခဲ့ပါတယ်။

ဒါပေမဲ့ ၂၀၁၁ ခုနှစ်မှာကျတော့ အဲဒီ ငြိမ်းချမ်းရေးလည်း ပြန်လည်ပျက်သွားပြီးမှ ဆရာကြီး ဟောခဲ့တဲ့အတိုင်းပဲ ပဋိပက္ခတွေ အမြောက်အများနဲ့ ဒုက္ခအတိရောက်ခဲ့ရပါတယ်။ ဒီ လိုင်ဇာနားမှာ ဦးဂမ်ဆိုင်း တို့က ဝိုင်းမော်မြို့နယ်ပေါ့၊ ဦးစိုင်းမြမောင် တို့က မိုးမောက်မြို့နယ်၊ ဒီ မြို့နယ်(၂)ခု ဆက်တဲ့ နေရာမှာဆိုရင် ရွာတွေ တော်တော်များများ ပျောက်သွားတယ်။ နောက်ပြီးမှ အစောတုန်းက ဦးစိုင်းတင်အောင် တင်ပြသွားသလို လူတွေက နေရာတကာရောက်သွားပြီးမှ ဒုက္ခမျိုးစုံ ဒီနေ့အထိပဲ ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခု လက်တလောမှာ နိုင်ငံ့ခေါင်းဆောင်များရဲ့ စေတနာ စိတ်ရင်းကောင်းများကြောင့် အခု ဖြစ်ပွားနေတဲ့ ပဋိပက္ခတော်တော်များများ ရပ်ဆိုင်းသွားတဲ့ အခြေအနေ အထိ ငြိမ်းချမ်းရေး ပြန်လည်ဖော်ဆောင်ပေးပါသောကြောင့် နိုင်ငံ့ခေါင်းဆောင်များကိုလည်း အထူး

ကျေးဇူးတင်မဆုံး ဖြစ်ကြောင်း တင်ပြလိုပါတယ်။ စောစောတုန်းက ဦးမြတ်ကို တင်ပြသွားသလို ဒီငြိမ်းချမ်းရေးကို ဖော်ဆောင်နေတဲ့ အဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်များဟာ ကိုယ်ကျိုးမဖက်ဘဲနဲ့ နိုင်ငံ့အကျိုး၊ နိုင်ငံတော် တိုးတက်ရေးကို၊ ဖွံ့ဖြိုးရေးကို မျှော်ကိုးပြီးမှ ကြိုးပမ်းလျက်ရှိပါသောကြောင့် ဦးခက်ထိန်နန် ရဲ့ ပထမပိုင်း အဆိုဖြစ်တဲ့ ငြိမ်းချမ်းရေးကို ကြိုးစားခဲ့တဲ့ ပုဂ္ဂိုလ်များကို ပြည်သူများနဲ့အတူ လွှတ်တော်မှ ကျေးဇူးတင်ရှိကြောင်းကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြလာတဲ့ အဆိုပထမပိုင်းကို ကျွန်တော် ထောက်ခံဆွေးနွေးခြင်း ဖြစ်ပါ တယ်။

ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ပြီးမှ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်ကို ခံစားခဲ့ဖူးတဲ့ ပြည်သူလူထုတစ်ရပ်လုံးကလည်း ငြိမ်းချမ်းရေးကို လိုလားတောင်းတလျက် ရှိပါတယ်။ လူမှုဒုက္ခပေါင်း မြောက်များစွာကို ကျော်လွှားချင်ကြပါတယ်။ ကျွန်တော်တို့ ကမ္ဘာ့သမိုင်းမှာ ကြည့်တဲ့အခါလည်း နိုင်ငံအသီးသီးမှာ ပဋိပက္ခမျိုးစုံရှိတာကို လေ့လာတွေ့ရှိရတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်တဲ့ နိုင်ငံအမြောက်အများလည်း ကမ္ဘာမှာ ရှိနေတယ်ဆိုတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီနိုင်ငံတွေမှာလည်း ပဋိပက္ခများကို ကျော်လွှားပြီးမှ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတဲ့ နိုင်ငံတွေလည်း အများကြီးရှိတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ကျွန်တော်တို့ Workshop တစ်ခုမှာ ဆရာကြီး တစ်ဦးက ပြည်တွင်းပဋိပက္ခဆိုတာ နှစ်ပေါင်းကြာမြင့်စွာ ဖြစ်ပေါ်လာခဲ့ပြီးဖြစ်၍ ပြဿနာကို အလွယ်တကူတော့ဖြင့် ဖြေရှင်းလို့ မရနိုင်သလို၊ ဖြေရှင်းလို့မရတဲ့ ပြဿနာလည်း မရှိပါဘူးဆိုမှ ဆွေးနွေးခဲ့ပါတယ်။ နိုင်ငံ့ခေါင်းဆောင်များအနေနဲ့ နည်းလမ်းကောင်းရှာပြီးမှ စိတ်ရှည်လက်ရှည် ဖြေရှင်းသင့်ပါတယ်။ အချို့ပညာရှင်များက မြန်မာနိုင်ငံ ပြည်တွင်းပဋိပက္ခဟာလည်း နှစ်ပေါင်း(၆၀)ကျော် နေပြီဖြစ်တဲ့အတွက် အချိန်တိုအတွင်းနဲ့ ဖြေရှင်းဖို့ ခက်ခဲမယ်။ ဒါပေမဲ့ အချိန်ယူပြီးမှ စိတ်ရှည်လက်ရှည် ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်သင့်တယ်လို့ ဝေဖန်သူတွေလည်း ရှိပါတယ်။ အဲဒါကြောင့် သမ္မတကြီးရဲ့ မိန့်ခွန်းကိုလည်း ကျွန်တော်တို့အားလုံး ကြိုဆိုထောက်ခံပါတယ်။

သမ္မတကြီးရဲ့ တိုက်တွန်းချက်မှာ ထိပ်တိုက်ရင်ဆိုင်ရေး နည်းလမ်းများကို ရှောင်ရှားပြီး၊ ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း လမ်းညွှန်ပြောကြားချက်ဟာ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေတဲ့ နယ်မြေဒေသမှာ ဒုက္ခရောက်နေကြတဲ့ ကျေးလက်ပြည်သူများ၊ တိုင်းရင်းသားများ၊ အင်မတန်မှ လိုလားတောင်းတလျက်ရှိတဲ့ အချက်ဖြစ်ပါတယ်။ မိဘပြည်သူတစ်ရပ်လုံးလည်း လိုလားတောင်းတနေတဲ့ မျှော်လင့်ချက်ဖြစ်ပါတယ်။ သမ္မတကြီးရဲ့ မိန့်ခွန်းမှာ လမ်းညွှန်တဲ့အတိုင်း မကြာသေးခင်က ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခများကဲ့သို့ ဆက်လက် မဖြစ်ပွားရအောင် ရှောင်ရှားရမှာ ဖြစ်ပြီးမှ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများမှ ရရှိလာတဲ့ သဘောတူညီချက်များကိုလည်း အချိန်နဲ့တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လည်း အရေးကြီးတယ်ဆိုတဲ့ အကြောင်းကို အဆိုရှင် ဦးခက်ထိန်နန် ကလည်း တင်ပြထားပါတယ်။

သို့ဖြစ်ပါ၍ ခိုင်မာတည့်တံ့တဲ့ ငြိမ်းချမ်းရေးကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၊ မြန်မာ့တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ ညီညွတ်သော တိုင်းရင်းသားများ ဖယ်ဒရယ်ကောင်စီ၊ တစ်နိုင်ငံ လုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့၊ မြန်မာ့ ငြိမ်းချမ်းရေးစင်တာ၊ ငြိမ်းဖောင်ဒေးရှင်းနဲ့ အခြား ပါဝင်သူများအား ပူးပေါင်းပါဝင်လျက် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်ကြိုးစား

အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဦးခက်ထိန်နန် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၄း၅၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၄။**

**ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ အထူးရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနဲ့တကွ ကိုယ်စားလှယ်တော် လူကြီးမင်းများ အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ အဆိုကို ကျွန်တော် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့ ကနေပြီးတော့ အကျဉ်းချုံးပြီး ကောက်နုတ်ဖြည့်စွက် ဆွေးနွေးသွားပါမယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းချမ်းရေးဆိုတဲ့စကားဟာ မြန်မာနိုင်ငံတစ်နိုင်ငံလုံး ပြည်သူတွေရဲ့ ပါးစပ်ဖျားသာမကဘူး တစ်ကမ္ဘာလုံးမှာရှိတဲ့ လူသားတွေရဲ့ ရင်ထဲက ဆန္ဒတွေမှာတောင် အလိုချင်ဆုံးအရာတစ်ခုဖြစ်ပါတယ်။ ဒီကနေ့ ငြိမ်းချမ်းရေး ငြိမ်းချမ်းရေး ဆိုတဲ့ အသံကို ကျယ်ကျယ်လောင်လောင် ပြောနေကြဆိုနေကြ အော်နေကြတာဟာ အခြေခံကို ကြည့်မယ်ဆိုရင် ပဋိပက္ခကနေ အခြေခံတာပဲလို့ ယူဆရပါတယ်။ အဲဒီပဋိပက္ခဆိုတာဟာ ဘယ်က မြစ်ဖျားခံသလဲ ဆိုရင်လည်း မတူညီတဲ့ အမြင်သဘောထားဆန္ဒ၊ သံသယ၊ အခွင့်အရေး၊ သာတူညီမျှမှုနဲ့ ယုံကြည်မှုစတဲ့ အရာတွေကနေ ပေါက်ဖွားလာတယ်လို့ပဲ ဆိုရမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ဖော်ပြချက်အရ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား ညီလာခံ ဖ.ဆ.ပ.လ အစိုးရကို ချေမှုန်းသုတ်သင်ပစ်ရန် ဆုံးဖြတ်ချက်ချပြီးတော့ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ စတင်တော်လှန်တိုက်ခိုက်တဲ့အတွက် ပြည်တွင်းပဋိပက္ခစတင်ခဲ့တယ်လို့ သိရှိရပါတယ်။ အဲဒါဘာကြောင့်လဲ။ အဲဒီကနေတစ်ဆင့် အခြားတိုင်းရင်းသားများအားလုံး လက်နက်စွဲကိုင်ပြီးတော့ အခွင့်အရေးတွေကို တောင်းဆိုတိုက်ခိုက်လာခဲ့တဲ့ အတွက်ကြောင့်လည်း ပြည်တွင်းပဋိပက္ခဟာ ယနေ့အထိ မဆုံးနိုင်တော့ဘဲနဲ့ ကမ္ဘာ့သက်တမ်းအကြာဆုံးလို ဖြစ်လာခဲ့ပါတယ်။ အဲဒါလည်း ဘာကြောင့်လဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ တစ်ချိန်က အရှေ့တောင်အာရှမှာ အချမ်းသာဆုံး၊ ပညာအတတ်ဆုံး၊ အားကစားမှာလည်း အဆင့်အမြင့်ဆုံး၊ ကမ္ဘာမှာ နံပါတ်(၁) ဆန်အထွက်ဆုံး နိုင်ငံကနေပြီးတော့ ပြည်တွင်းပဋိပက္ခကြောင့် အစစအရာရာမှာ အနိမ့်ကျဆုံးအနေအထားကို ရောက်ရှိသွားတယ်လို့ ဆိုပါတယ်။ အဲဒါဘာကြောင့်လဲ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် တိုင်းပြည်အေးချမ်းသာယာပြီးတော့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ နည်းမျိုးစုံနဲ့ ယနေ့အထိ အစွမ်းကုန်ကြိုးစားနေကြရဆဲဖြစ်ပါတယ်။ အဲဒါဘာကြောင့်လဲ။ ပါလီမန်ဒီမိုကရေစီခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ န.ဝ.တ၊ န.ယ.ကခေတ်နဲ့ ယခု ပါတီစုံဒီမိုကရေစီခေတ် အဆက်ဆက်ကို ငြိမ်းချမ်းရေးရရှိအောင်

ကြိုးစားခဲ့တာကို တွေ့ရှိရပါတယ်။ အဲဒီလွန်ခဲ့သော နှစ်ပေါင်း(၆၆)နှစ်လုံးလုံး ပြည်တွင်းငြိမ်းချမ်းရေးတွေကို ကျွန်တော်တို့ အစွမ်းကုန်ဆောင်ရွက်ခဲ့ကြပေမယ့်လည်း ယနေ့ထိတိုင် ငြိမ်းချမ်းရေးရဲ့ အရသာကို ပြည့်ပြည့်ဝဝ မဆောင်ရွက်နိုင်သေးသလို ပြည်သူလူထုတွေကလည်း မခံစားနိုင်ကြသေးပါဘူး။ ငြိမ်းချမ်းရေးကို အတိုင်းအတာအဆင့်တစ်ခုရောက်အောင်တော့ တည်ဆောက်လာနိုင်တာကို တွေ့ရပါတယ်။ ဘာကြောင့် အတိုင်းအတာအဆုံးစွန်အထိ မတည်ဆောက်နိုင်ရတာလဲ ဆိုတာလည်း ဘာကြောင့်လဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု အချိန်မှာဆိုရင် အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေးဆွေးနွေးခြင်းတွေကို ၂၀၁၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ ကစပြီးတော့ စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ မိမိနိုင်ငံအတွင်းရဲ့ မိမိတို့ရဲ့နိုင်ငံ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေရတာတွေကြားက မပြီးပြတ်သေးတဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ စစ်မှန်ခိုင်မြဲသော ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖော်ဆောင်မှု အနေအထားတွေဟာ အတိုင်းအတာ အဆင့်တစ်ခုအထိသာရောက်ပြီး မအီမလည်နဲ့ ဖြစ်နေတဲ့အတွက် နှစ်ပေါင်း(၅၀)ကျော် လူ့သက်တမ်းတစ်ခုနီးပါးကြာခဲ့ပြီးမှ ရလာတဲ့ ဒီမိုကရေစီစနစ်ပြန်လည် ဆုံးရှုံးပျောက်ကွယ်သွားမှာကိုလည်း ပြည်သူလူထုတစ်ရပ်လုံးက စိုးရိမ်နေကြရပါတယ်။ အဲဒါ ဘာကြောင့်လဲ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီ ဘာကြောင့်လဲ၊ ဘာကြောင့်လဲ ဆိုတဲ့အရာတွေကို သေချာဆန်းစစ်အဖြေရှာကြည့်ရင်တော့ စည်းလုံးညီညွတ်မှု ပျက်ပြားပြိုကွဲစေတတ်တဲ့ မတူညီသော အမြင်သဘောထားဆန္ဒ၊ သံသယ၊ အခွင့်အရေး၊ သာတူညီမျှမှု စတာတွေနဲ့ပဲ ယုံကြည်မှု မတည်ဆောက် နိုင်တာဘဲလို့ ယူဆမိပါတယ်။ အဲဒီယုံကြည်မှုကို အလွယ်တကူ တည်ဆောက် နိုင်ဖို့ဟာ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖက်နဲ့တစ်ဖက် နားလည်ခွင့်လွှတ်ပြီး နှစ်ဦးနှစ်ဖက် အလျှော့အတင်း လိုက်လျောမှုတွေကို စိတ်ရင်းစေတနာအမှန်၊ စိတ်ကောင်းစေတနာအမှန် Good Concept လို့ခေါ်တဲ့ စိတ်ကောင်းစေတနာအမှန်နဲ့ မျှမျှတတတည်ဆောက်ကြမယ်ဆိုရင် အဲဒီဘာကြောင့်လဲ ဆိုတဲ့အရာကို ဒါကြောင့်ပဲ ဆိုတဲ့အရာနဲ့ ယုံကြည်မှုကို ခိုင်မြဲပြီး စည်းလုံးညီညွတ်တဲ့ ငြိမ်းချမ်းရေးကို အခက်အခဲမရှိ လွယ်ကူစွာပဲ တည်ဆောက်နိုင်မယ်လို့ ကျွန်တော် ပုဂ္ဂလိက တစ်ဦးတစ်ယောက်အနေနဲ့ ထင်မြင်ယူဆမိ ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ယူဆချက်က ကျွန်တော့်ပုဂ္ဂလိက ယူဆချက်ဖြစ်တဲ့အတွက် မှန်ချင်လည်း မှန်မယ်။ မမှားချင်လည်းမမှားဘူး ဖြစ်ပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်လို့ စည်းလုံးညီညွတ်မှု ပျက်ပြားပြိုကွဲစေတတ်တဲ့ မတူညီတဲ့ သဘောထားတွေ၊ ဆန္ဒတွေ၊ သံသယတွေ၊ အခွင့်အရေးတွေ၊ သာတူညီမျှမှုတွေ စတဲ့ယုံကြည်မှုတွေရဲ့ အခြေခံလာတဲ့ ဇစ်မြစ်ရဲ့ သဘောသဘာဝနဲ့ ဆက်စပ်ပြီးတော့ ဥပမာ၊ သာဓကလေးတစ်ခုလောက် တင်ပြခွင့်ပြုပါ။ မိသားစုတစ်စုမှာ ညီအစ်ကို(၃)ယောက်က စိတ်တူကိုယ်တူ၊ ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံး၊ မျှမျှတတနဲ့ မိဘကို အလုပ်အကျွေးပြုမယ့် ညီအစ်ကို(၃)ယောက်။ သို့သော်လည်းပဲ အစ်ကိုကြီးက ငါကတော့ အစ်ကိုကြီးကွာ၊ အစ်ကိုကြီးဖြစ်တဲ့အတွက် ငါ ဒန်ပေါက်နဲ့ ကြက်သားစားမယ်။ ဟာ အစ်ကိုလတ်၊ မင်းကတော့ အစ်ကိုလတ် မို့လို့ ထမင်းဖြူနဲ့ ပုဇွန်ထုပ်ဟင်းတော့ စားပေါ့။ မင်းကတော့ အငယ်ဆုံးပဲကွာ၊ ပဲလှော်တစ်ဆုပ်လောက်စားလည်း ပြီးသွားတာပါပဲ ဆိုရင် အဲဒီမိသားစုရဲ့ ခုနက ဒီသံသယ အပေါ်မှာရော၊ သင့်တင့်မျှတတဲ့၊ သင့်တင့်လျောက်ပတ်တဲ့၊ ညီမျှတဲ့ သဘောထားမပေါ်ဘူးလို့ ထင်မြင်မိပါတယ်။ ဘာကြောင့်လဲဆိုရင် မိသားစု မိဘကို အလုပ်အကျွေးပြုမယ့် ညီအစ်ကို

(၃)ယောက်ဟာ အဲဒီလို ကွာဟမှုတွေ အရမ်းဖြစ်နေရင် မိဘနှစ်ပါးက သားသမီးကို အားကိုးနေတဲ့မိဘ၊ သားသမီး(၃)ယောက်ကို အားကိုးနေတဲ့မိဘနှစ်ပါးက ပဲလှော်အခွန်ပဲ ဝါးပြီးတော့ ရေနဲ့သောက်ရမလို ဖြစ်နေပြီပေါ့။ အဲဒီလိုပါပဲ၊ အစ်ကိုကြီးကတော့ ငါကတော့ကွာ အစ်ကိုကြီး၊ ငါကြက်သားနဲ့ ဒန်ပေါက် စားလို့ သွားရာ၊ လာရာ၊ လုပ်ရာ၊ ဆောင်ရာမှာ အဆောင်အယောင်တွေနဲ့ ငါ ကုတ်နဲ့ရှူးနဲ့ လင်ခရူဆာနဲ့ ဒါမှမဟုတ်ရင် ပရာဒိုနဲ့စီးမယ်။ အစ်ကိုလတ် မင်းကတော့ကွာ တိုက်ပုံနဲ့ ပိုးပုဆိုးနဲ့ စူပါရှူနဲ့တော့စီးပေါ့။ အဲအငယ်ဆုံးကောင် မင်းကတော့ ဖိနပ်မစီးနဲ့ကွာ အင်္ကျီဗလာနဲ့ ကုန်းကြောင်းလျှောက် ပြီးတာပါပဲ ဆိုရင်လည်း ကျွန်တော်တို့ နည်းနည်း သုံးသပ်ရမယ့်အပိုင်းတော့ ဖြစ်ပါတယ်။ အဲဒီကနေစလာတယ်။ ခုနကနေ အခြေခံလာတဲ့အရာတွေဟာ အဲဒီလိုဆိုရင် ကျွန်တော်တို့ မိဘကျတော့ အားကိုးရတဲ့ မိဘ ကျတော့ ရေထဲကနစ်ချပြီးတော့ပဲ ရေကူးခိုင်း ရမလိုဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆိုလိုတာက ကျွန်တော့်ရဲ့ တစ်ဦးတည်းရဲ့ ဉာဏ်မီတဲ့၊ လက်လှမ်း မီသလောက်လေးကို ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကနေ့ ပါတီစုံ ဒီမိုကရေစီစနစ် ချီတက်နေတော့ ဒီနေ့ အခုဆိုရင် သက်တမ်းတစ်ခုကို ကပ်လာပါပြီ။ ကျွန်တော်တို့ ချီတက်လာတဲ့၊ ကပ်လာတဲ့အပေါ်မှာ ကျွန်တော်တို့ အဓိကကတော့ မိဘပြည်သူလူထုတွေကို ကျွန်တော်တို့ မဏ္ဍိုင်ကြီး(၃)ခုဖြစ်တဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ ကျွန်တော်တို့ ဒီ ဥပဒေပြုရေး မဏ္ဍိုင်(၃)ရပ်နဲ့ တစ်ဦးနဲ့တစ်ဦး ဖေးမကူညီ စည်းစည်းလုံးလုံးနဲ့ ဆောင်ရွက်နေကြတယ် ဆိုတာလေးကို မိဘပြည်သူတွေကလည်း မျှော်လင့်နေကြတယ်။ အားကိုးနေကြရှာပါတယ်။ အဲဒီလိုသာ အားကိုးတယ်၊ မျှော်လင့်နေကြနေတဲ့အထဲက ခုနကလို ကျွန်တော်တို့ စည်းလုံးညီညွတ်မှု ပျက်ပြားမှုကို ပြိုကွဲစေတတ်တယ်လို့ မဆိုနိုင်သည့်တိုင်အောင် ကျွန်တော်တို့ သံသယတွေ၊ ယုံကြည်မှုလေးတွေ၊ ဆန္ဒတွေ၊ အမြင်သဘောထားလေးတွေ သင့်တင့်မျှတတဲ့ သာတူညီမျှမှုလေးတွေကတစ်ဆင့် ကျွန်တော်တို့ ဒီကနေ့ဖော်ဆောင်တဲ့ ငြိမ်းချမ်းရေးအသီးအပွင့်ကို မိဘပြည်သူတွေကရော ယုံယုံကြည်ကြည် သံသယ ကင်းစွာနဲ့ လက်ခံနိုင်မလား ဆိုတာလေးကို ကျွန်တော် ကြားဖြတ်တင်ဆက်ပြောခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နောက်ဆုံးနည်းနည်း ပြောချင်တာက ပြည်သူများ တစ်စိတ်တစ်ဝမ်းထဲ လိုလားတောင်းတနေကြတဲ့ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးနဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေကို အမြန်ဆုံးအောင်မြင်အောင် ဆထက်ထမ်းပိုး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါစေလို့ မိဘလူထုကိုယ်စား ကျွန်တော်အပါအဝင် တစ်တိုင်းတစ်ပြည်လုံးက ဆန္ဒပြု နိဂုံးချုပ်လိုက်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၀၅။**

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၀၅။**

**ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနဲ့ ကော်မရှင်အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိ ကိုယ်စားလှယ် များနဲ့ အားလုံးသော ပုဂ္ဂိုလ်များကို ဤနေရာကပဲ မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂမ်ဆိုင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်သူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို အဆိုကို ထောက်ခံဆွေးနွေးရခြင်းဟာ လည်းပဲ အကြောင်းအရင်းမှာ ပြည်တွင်းငြိမ်းချမ်းရေးသည် မိမိတို့နိုင်ငံအတွက် အရေးအကြီးဆုံး၊ အခြေခံ အကျဆုံးနဲ့ အလိုအပ်ဆုံး မဖြစ်မနေဆောင်ရွက်ရမယ့် တစ်ခုတည်းသော သမိုင်းပေးတာဝန် ဖြစ်တဲ့ အတွက်ကြောင့်သော်လည်းကောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး အနေနဲ့သော် လည်းကောင်း၊ အမျိုးသားနိုင်ငံရေးအရသော်လည်းကောင်း ထောက်ခံဆွေးနွေးရခြင်းပဲဖြစ်ကြောင်း ဦးစွာဆွေးနွေးလိုပါတယ်။ အဆိုကို လေ့လာကြည့်တဲ့အခါမှာ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နေသူ များကို လေးစား ဂါရဝပြု ကျေးဇူးတင်ရှိကြောင်း ဂုဏ်ပြုမှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင် အထမြောက်သည်အထိ ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်ဆိုတဲ့ အပိုင်း (၂)ပိုင်းကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ကျိုးကြောင်းဆက်နွယ်မှုလည်းရှိသလို မဖြစ်မနေ အောင်မြင်သည် အထိ ငြိမ်းချမ်းရေးကို တည်ဆောက်ကြရမှာလည်း ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ အခုလို ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုရှင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ စေတနာကိုလည်းပဲ လေးစားဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ပြောလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမပိုင်းအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများ အနေအထား ဆွေးနွေးလိုပါတယ်။ မြန်မာနိုင်ငံတွင် အစိုးရ ခေတ်အဆက်ဆက်တွင် တိုင်းပြည်တည်ငြိမ် အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် နည်းမျိုးစုံဖြင့် အစွမ်းကုန်ကြိုး စားကြတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီး မြန်မာ့သမိုင်းတစ်လျှောက်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အားလုံးနဲ့ နှစ်ပေါင်း(၆၀)ကျော်အတွင်း ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၊ စနစ်တကျငြိမ်းချမ်းရေးဆွေးနွေးမှု လုပ်ငန်းစဉ်အဆင့် တစ်ခုကို တည်ဆောက်လာနိုင်တဲ့အတွက်လည်း ကျွန်တော်တို့ တွေ့ရှိရမှာဖြစ်ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အားလုံးနဲ့အတူ တစ်ပြိုင်တည်း စားပွဲဝိုင်းတစ်ခုတည်းမှာပဲ၊ အခန်းတစ်ခုထဲ မှာပဲ အတူတကွ ဆွေးနွေးနိုင်ခြင်းဟာ ပထမဦးဆုံးသော အောင်မြင်မှုတစ်ရပ်ဖြစ်ပါကြောင်း ဝမ်းပန်း တသာ ကြိုဆိုရမှာပဲဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီနိုင်ငံ တည်ဆောက်နေချိန် မှာ ပြည်တွင်းပဋိပက္ခနဲ့ ပတ်သက်ပြီးတော့မှ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေး တည်ဆောက်ရေးကို အကောင်းဆုံးသော အနေအထား တစ်ခုရောက်အောင် တည်ဆောက်နိုင်သောကြောင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ခဲ့သော ပုဂ္ဂိုလ်များကို ပြည်သူများနဲ့အတူ အထူးကျေးဇူးဥပကာရ တင်ရှိရ ကြောင်း မှတ်တမ်းတင်ဖို့လည်း လိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းချမ်းရေးတည်ဆောက်ရေးကို ၂၀၁၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှစတင်ပြီးတော့ စဉ်ဆက်မပြတ်ကြိုးစားခဲ့ကြပြီးတော့ ယနေ့အထိ တည်ဆောက်နေ

သော ပြည်ထောင်စုငြိမ်းချမ်းရေး ဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၊ မြန်မာ့တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ ညီညွတ်သော တိုင်းရင်းသားများ ဖယ်ဒရယ်ကောင်စီ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့၊ မြန်မာ့ငြိမ်းချမ်းရေးစင်တာ၊ ငြိမ်းဖောင်ဒေးရှင်းနဲ့ အခြားပါဝင်သူများ အားလုံးကို ပြည်သူများနဲ့အတူ အမျိုးသားလွှတ်တော်မှလည်းပဲ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် ဂုဏ်ပြုပေးသင့်ကြောင်း ထောက်ခံဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့မှ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးအဆိုနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော့်ရဲ့ အစောပိုင်းမှာ ကိုယ်စားလှယ်များ ပြည့်ပြည့်စုံစုံဆွေးနွေးသွားကြတဲ့အတွက် ကျွန်တော့်အနေနဲ့ ပုံကြီးချဲ့မဆွေးနွေးဘဲနဲ့ လိုအပ်တဲ့ အချက်တစ်ချက်ကိုပဲဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြည်တွင်းမငြိမ်းချမ်းမှုကြောင့် ပြည်သူများရဲ့ မည်မျှဒုက္ခရောက်ရှိနေပါတယ် ဆိုတာလည်းပဲ ဒီကနေ့ ဒီမှာ လွှတ်တော်ကိုယ်စားလှယ်များအားလုံးလည်း အသိပဲဖြစ်သလိုကျွန်တော်တို့ စစ်ရှောင်များရဲ့ ဘဝကိုလည်းပဲ နားလည်ပေးသင့်ပြီလို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ အလျင်းသင့်လို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ရှိကြောင်းလည်းအနည်းငယ်ပြောလိုပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်နားချိန်မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကနေပြီး ကျွန်တော်တို့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဝိုင်းမော်၊ သာဂရ၊ ကျွန်တော်တို့ မိုင်းလားစစ်ရှောင်စခန်းတွေမှာ ဥက္ကဋ္ဌကြီးကိုယ်တိုင် ကယ်ဆယ်ရေးနဲ့ နေရာချထားရေးအဖွဲ့ဝင်များနဲ့အတူလာရောက်ပြီးတော့မှ အောက်ခြေမှာ အမှန်တကယ် ခံစားနေကြတဲ့ စစ်ရှောင်ဒုက္ခသည်များ မြောက်မြားစွာကို လာရောက်ပြီးတော့မှ အားပေးခြင်း၊ စားနပ်ရိက္ခာများကို လာရောက်ပေးလှူဒါန်းခြင်း၊ အဝတ်အထည် များနဲ့ပါ ကျွန်တော်တို့ ကိုယ်စားလှယ်များနဲ့အတူ အောက်ခြေမှာ လက်ပွန်းတတီး အားပေးစကား လာပြောခြင်း၊ ကူညီပံ့ပိုးခြင်းဖြင့် လာရောက်ပြီးတော့မှ ဆောင်ရွက်ပေးတဲ့အတွက်ကြောင့်မို့ပြည်သူများကိုယ်စား ကျွန်တော် အင်မတန်မှ ကျေးဇူးဥပကာရတင်ရှိကြောင်း ဤနေရာကနေပြီး လေးစားဂုဏ်ပြု မှတ်တမ်းတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိဂုံးချုပ် ဆွေးနွေးလိုတာက ကျွန်တော်တို့ ဒီကနေ့အချိန်အခါမှာ နှစ်ပေါင်း(၅၀)ကျော်ကာလ ရောက်ရှိတဲ့အချိန်မှာ ဒီမိုကရေစီနောက်တစ်ခါ ပြန်ပေါ်လာသောကြောင့် ပြန်လည်ဆုံးရှုံးမှုမရှိစေရန် ပြည်တွင်းငြိမ်းချမ်းရေးသည် အရေးအကြီးဆုံး သော့ချက်ဖြစ်သလို ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ယခုအနေအထားမှနေပြီးတော့မှ အချိန်မဆွဲစေဘဲ ဆက်လက်၍ထာဝရ ငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးစား၍ အောင်မြင်တဲ့ပန်းတိုင်အရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်သူလူထုတစ်ရပ်လုံး တစ်ညီတညွတ် ဆန္ဒပြင်းပြစွာဖြင့်လိုလားတောင်းတ စောင့်စားနေကြပါတယ်ဆိုတာ လက်တွေ့မျက်မြင်ဖြစ်ပါတယ်။ ပြည်တွင်းပဋိပက္ခများ၊ အကြပ် အတည်းများကို အချိန်ကာလကြာမြင့်စွာ ဖြတ်သန်းခဲ့ရတဲ့အတွက် နိုင်ငံခြားနိုင်ငံများထက်ကျွန်တော်တို့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာရော နောက်ကျကျန်ရစ်ခဲ့သည်မှာ မိမိတို့အားလုံးရဲ့ သင်ခန်းစာရရှိခဲ့ကြပြီး ဖြစ်ပါတယ်။ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းများကို ရှောင်ရှားပြီးတော့ ကြုံတွေ့ခဲ့ရသောစိန်ခေါ်မှု များကို စိတ်ရှည်သည်းခံခွင့်လွှတ်ပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာကာ ကြိုးပမ်းဆောင်ရွက်သွားရန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းလည်းပဲ ထောက်ခံဆွေးနွေးလိုပါတယ်။ ယခုကြိုးစားလျက်ရှိသော အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲနဲ့ ပတ်သက်သော စည်းမျဉ်းစည်းကမ်းများကို

ရေးဆွဲသည့် လုပ်ငန်းစဥ်များကို ဆွေးနွေးခြင်း၊ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများရဲ့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်သော Test တစ်ခုကို Single Test တစ်စုတည်းဖြစ်အောင် ကြိုးစားနိုင်ခြင်းဟာ ကျွန်တော်တို့ Second Test ဒုတိယအဆင့်အထိ ဆောင်ရွက်နိုင်ခြင်းဟာ ကျွန်တော်တို့ အခြေအနေ အင်မတန်မှ ကောင်းတယ်လို့လည်းပဲ မြင်ရမှာဖြစ်ပါတယ်။

ဤအခြေအနေမှ ဆက်လက်ပြီးတော့မှ တရားမျှတပြီး တန်းတူညီမျှသော ခိုင်မာတည်တံ့သည့် ငြိမ်းချမ်းရေး ထာဝရကို ကျွန်တော်တို့ အချိန်မီအောင်မြင်စွာ ဆက်လက်ကြိုးစား အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနဲ့ ပြည်ထောင်စု တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ ညီညွတ်သောတိုင်းရင်းသား ဖယ်ဒရယ် ကောင်စီ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့၊ မြန်မာ့ငြိမ်းချမ်းရေးစင်တာ၊ ငြိမ်းချမ်းရေး ဖောင်ဒေးရှင်းများနဲ့ အခြားပါဝင်သူများ အားလုံးဟာ ငြိမ်းချမ်းရေးကို အောင်မြင်သည့်အထိ မဖြစ်မနေဆက်လက် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဦးခက်ထိန်နန်ရဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးခက်ထိန်နန် တင်သွင်းတဲ့ အဆိုနှင့်စပ်လျဥ်းပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(င)အရ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က (၂၁)ရက်အတွင်း ပြန်လည် ဖြေရှင်းဆွေးနွေးနိုင်တဲ့အတွက် (၂၁)ရက်စောင့်ဆိုင်းပြီးမှသာ အဆိုနှင့် စပ်လျဥ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၃)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၂၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၅း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၁၅း၁၅ နာရီ အချိန်တွင် ရပ်နားပါသည်။]